
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာရန်နိုင်စိုးနှင့်ကြယ်နီရှင်သခင်မ

# စိတ်ကြွအဂ္ဂ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## သေသူအလောင်းဝေါ်တာ ကြယ်နီကတ်ဆိဒ်

ထားဝယ်မြို့သား ကုန်သည်တစ်ဦးနှင့် အကြောင်းပါခဲ့သော ကျွန်ုပ်၏ညီမဖြစ်သူ မချို့တူးသည် ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေချိန် (ဂျပန်ခေတ်) တစ်ခေတ်လုံး ကျွန်ုပ်နှင့် လေးနှစ်နီးပါး ကွဲကွာနေခဲ့ပေ၏။

တစ်ခုသောနံနက် ကိုးနာရီခန့် (စစ်ကြီးပြီးစ ၁၉၄၅ ခုနှစ် နှိဝင်ဘာလအတွင်း) က ညီမသည် ၎င်း၏ခင်ပွန်းဖြစ်သူ ကိုတင့်ဆွေနှင့်အတူ ကျွန်ုပ်ရှိရာ ရန်ကုန်မြို့ မဂိုလမ်းဆေးခန်းသို့ ရောက်ရှိ လာကြလေ၏။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့၏ကတ္တူလှေကြီးသည် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားပြီး ထားဝယ်မြို့သို့ သယ်ယူရန် ဆန်အိတ်နှင့် ဆီပုံးများကို တင်ဆောင်နေကြသည်ဆို၏။

ညီမဖြစ်သူ မချိုတူးက ...

"ကိုကြီး ရန်နိုင်စိုး ... ထားဝယ်မြို့ကို အလည်လိုက်ခဲ့ပါလား။ ခရီးလည်းကြုံတုန်း ဒေသန္တရဗဟုသုတတွေလည်း ရတာပေါ့"

ဟု အကြံပေးပြီး ဆွေပြမျိုးပြ အလည်အပတ် ခေါ်လေ၏။

ယောက်ဖဖြစ်သူ ကိုတင့်ဆွေကလည်း သူတို့ထားဝယ်မြို့ သာယာပုံအကြောင်းများကို နားထောင်ကောင်းလောက်အောင် ပြောပြ၏။

"အမှန်ဝန်ခံရမယ်ဆိုရင် ထားဝယ်မြို့ကို မရောက်ဖူးသေးတော့ လိုက်လည်ချင်စိတ်ရှိတာတော့ အမှန်ပဲဗျ။ ဒါပေမဲ့ ..."

ထိုအခါ ညီမဖြစ်သူ မချိုတူးက ကျွန်ုပ်၏စကားကို ဖြတ်၍ ...

"ဘာလဲ ... ကိုကြီးက ဆရာဝန်ပီပီ ဆေးမကုရရင်





အိပ်မပျော် စားမဝင်ဖြစ်နေမှာစိုးလို့လား။ ဒီအတွက်တော့ မပူပါနဲ့ ကိုကြီးရယ်၊ ဆေးပစ္စည်းတွေကိုသာ အပြည့်အစုံတစ်ပါတည်း ယူလာခဲ့ပါ၊ ဂျပန်တွေ စစ်ရှုံးလို့ပြေးသွားရတော့ ထားဝယ်မြို့က ဆရာဝန်တွေ, ဆေးမှူးတွေပါ ခေါ်သွားကြတယ်၊ ဒါကြောင့် ဆရာဝန် အင်မတန်ရှားနေတဲ့ ထားဝယ်မြို့မှာ ကိုကြီး လျှောက်လည်ဖို့ အချိန်မရအောင်ကို အလုပ်နဲ့လက် မပြတ်ဖြစ်ရပါစေ့မယ် ရှင်"

ဟု ပြောဆိုလိုက်လေ၏။

"မောင်းမကန်ပင်လယ်ကမ်းခြေကိုလည်း သွားချင်သား၊ ထားဝယ်မြို့နဲ့ ဘယ်လောက်ဝေးသလဲ၊ သိပ်သာယာတဲ့ ပင်လယ်ရှုခင်းတွေနဲ့ သဘာဝအလှတွေချည်းပဲဆို"

"အောင်မယ် ... ထားဝယ်မြို့ကိုရောက်မှတော့ မောင်းမကန်ကို မပို့ဘဲ ဘယ်နေပါ့မလဲ ကိုကြီးရယ်၊ ဘယ်လောက်များဝေးလို့လဲ ... ခြောက်မိုင်လောက်ပဲ ရှိတာကို၊ သာယာအေးချမ်းသလားဆိုတာတော့မမေးနဲ့၊ ကိုကြီးရောက်သွားရင် ရန်ကုန်ကို ပြန်ချင့်စိတ်တောင် ရှိတော့မှာမဟုတ်ဘူး ... လိုက်သာလိုက်ခဲ့"

ဤသို့ဖြင့် နောက်နှစ်ရက်အကြာတွင် ကျွန်ုပ်လိုက်ပါလာသော ၎င်းတို့၏ပင်လယ်သွား ကတ္တူလှေကြီးသည် ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းမှ စတင်ထွက်ခွာလာခဲ့ကာ မုတ္တမပင်လယ်ကွေ့ကို ဖြတ်သန်း၍ ထားဝယ်မြို့ဆီသို့ ဦးတည်ခုတ်မောင်းလာခဲ့ပေ၏။

ကျွန်ုပ်နှင့်အတူ ကတ္တူလှေကြီးထဲတွင် ဆေးနှင့်ဆေးပစ္စည်းများ သေတ္တာသုံးလုံးနှင့်အပြည့် ပါရှိလာ၏။

ဤနေရာတွင် ကတ္တူလှေ (သို့မဟုတ်) ခတုလှေဟူ၍ ခေါ်ဝေါ်ကြပုံကို မေးမြန်းကြည့်ရာ ရာမညတိုင်းသားတို့ဘာသာစကားဖြင့် 'လ'ကို ခတုဟုခေါ်ကြ၏။ လဆန်းဖြစ်သော လ၏သဏ္ဍာန်အား လှေဦးလုပ်ထားသည့်လှေကို 'ကတ္တူလှေ' ဟု ခေါ်ကြောင်း သိရှိခဲ့ရသည်။

ဒုတိယကမ္ဘာစစ် ဂျပန်ခေတ်ကာလအတွင်း၌ ရေလမ်းခရီး ကူးသန်းသွားလာရေးအတွက် သင်္ဘော၊ မော်တော်၊ လှေကြီးများ ရှားပါးသေးသည်။

ဂျပန်ပြေးပြီးမှ ဗြိတိသျှတို့၏ ကိုလိုနီနယ်ချဲ့ဝါဒနှင့်အတူ နိုင်ငံခြားလက်ဝါးကြီးအုပ်ကုမ္ပဏီများဖြစ်သည့် စတီးဘရားသား၊ ဘုံဘေဘားမား၊ မက္ကာရီကာ အစရှိသော ကုမ္ပဏီတို့ပိုင်၊ စက်တပ်ရေယာဉ်ကြီး၊ ယာဉ်ငယ်များ တွင်ကျယ်လာခဲ့ပေ၏။

ကျွန်ုပ်စီးလာသည့် ကတ္တူလှေကြီးမှာ လေအားကိုသာ ရွက်လွှင့်အသုံးပြုခဲ့ရသဖြင့် တစ်ပတ်နီးပါးကြာမှ ထားဝယ်မြို့သို့





ရောက်ရှိလာပေ၏။

ထားဝယ်မြို့ပေါ်တွင် တနင်္ဂနွေနှစ်ပါတ်ခန့်မျှထိ ကြာပြီးသောအခါတွင်မူ ကျွန်ုပ်သည် မောင်ထွန်းသိန်း (ဖင်မဲ) အမည်ရှိ ညီမ မချိုတူးအိမ်မှ အခိုင်းအစေ သူငယ်လေးနှင့်အတူ ကျွန်ုပ် နှစ်ပေါင်းများစွာကပင် သွားရောက်ချင်စိတ်ဖြစ်ပေါ်နေသော မောင်းမကန်ပင်လယ်ကမ်းခြေသို့ ထွက်ခွာခဲ့ကြပေ၏။

ညီမ မချိုတူးနှင့်ကိုတင့်ဆွေတို့ဇနီးမောင်နှံကား ကုန်သည်များဖြစ်သည်နှင့်အညီ အရောင်းအဝယ်အလုပ်နှင့် မအားလပ်နိုင်အောင် ရှိနေကြသဖြင့် ကျွန်ုပ်ကို ကိုယ်တိုင် လိုက်မပို့နိုင်ကြချေ။

ခရီးထွက်တိုင်း ကျွန်ုပ်မှာ ဆေးသေတ္တာမပါလျှင် မသွားလာတတ်သော အလေ့တစ်ခု ရှိပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် မောင်ထွန်းသိန်း (ဖင်မဲ) အား ဆေးပုလင်းအပြည့်ထည့်ထားသော လက်ဆွဲသားရေသေတ္တာကြီးတစ်လုံးကို သယ်ဆောင်စေလျက် ထားဝယ်မြို့မှ မြင်းလှည်းတစ်စီးဖြင့် နှစ်ယောက်အတူ ထွက်လာခဲ့ကြ၏။

ကျွန်ုပ်၏ယောက်ဖ ကိုတင့်ဆွေသည် မောင်းမကန်ကမ်းခြေ၌ ဘန်ဂလိုတစ်ခုကို ဆောက်လုပ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင်းမကန်းကမ်းခြေသို့ရောက်လျှင် ကျွန်ုပ်နှင့်မောင်ထွန်းသိန်းတို့ ဆရာတပည့်နှစ်ယောက်တို့သည် ငှားစီးလာသည့် မြင်းလှည်းပေါ်မှဆင်းကာ ထိုဘန်ဂလို၌ တည်းခိုစခန်းချကြရပေ၏။

ထိုညနေက မောင်ထွန်းသိန်းမှာ ထားဝယ်မြို့မှ ဝယ်ယူလာသည့် ဟင်းချက်စရာများကို စီမံလုပ်ကိုင်နေစဉ်တွင် ကျွန်ုပ်သည် ပင်လယ်လှိုင်းပုတ်သံများကို နားထောင်နေမိလေ၏။

ယင်းနောက် အလျှင်အမြန် ချက်ပြုတ်ရသော်လည်း အစပ်အဟပ်ကောင်းလှသော ပင်လယ်စာများကို ကျွန်ုပ်မှာ တစ်ဝကြီး စားသောက်လိုက်၏။

ပြီးတော့ ခရီးပန်းလာလှသဖြင့် ခပ်စောစောပင် အိပ်ရာဝင်ခဲ့ပေ၏။

ထိုည သန်းခေါင်ကျော်လောက်တွင်မူ ပြင်းထန်စွာ အော်ဟစ်ညည်းညူသံတစ်ခုကြောင့် ကျွန်ုပ်မှာ အိပ်ရာမှ လန့်၍နိုးခဲ့ရ၏။

လက်မှာပတ်ထားဆဲရှိနေသည့် နာရီကို ဖျတ်ခနဲ ကြည့်လိုက်သောအခါ၌ နာရီပြန်တစ်ချက်ထိုး၍နေပြီကို တွေ့ရှိရပေ၏။

ကျွန်ုပ်ကြားရသောအသံကား ယောကျ်ားတစ်ယောက်၏





အော်ဟစ်ညည်းတွားသံကြီးပင် ဖြစ်ပေ၏။

ပင်လယ်ကမ်းခြေဆီမှ တဝုန်းဝုန်း ပုတ်ခတ်လျက်ရှိသော ဒီလှိုင်းသံများအကြားတွင် ညည်းသံမှာ တစ်ချက် တစ်ချက် ပျောက်ကွယ်၍သွား၏။

သို့သော် မကြာမီပင် ကျယ်လောင်ပြင်းပြစွာ ထွက်ပေါ်လာပြန်လျက် တုန်ခိုက်နေသောအသံကြီးဖြင့် ...

''သေရချည်ရဲ့ဗျာ၊ အောင်မယ်လေး ... ကယ်ကြပါဦးဗျ''

ဟူ၍ ဟစ်အော်လျက် ရှိနေပေ၏။

ဒုက္ခရောက်နေသူအား ကူညီချင်စိတ်ရှိနေသည့် စိတ်တို့ကို ထိန်းမရတော့သဖြင့် ကျွန်ုပ်သည် တပည့်ဖြစ်သူ မောင်ထွန်းသိန်းအား အိပ်ရာမှအတင်းနှိုးလိုက်၏။

မောင်ထွန်းသိန်းသည် ကမူးရှူးထိုးနှင့် 'အင်း အဲ' လုပ်ကာ ထလာ၏။

အသံကြားနေရာဆီသို့ ကျွန်ုပ်လည်း နားစွင့်ကြည့်လိုက်၏။

အသံမှာ ကျွန်ုပ်တို့ဘန်ဂလိုနှင့် ကပ်လျက်ရှိသော နံဘေး ဘန်ဂလိုပေါ်မှ ထွက်ပေါ်နေကြောင်း သိရှိရသဖြင့် ထိုဘန်



www.burmeseclassic.com

www.burmeseclassic.com



ဂလိုသို့ သွားရောက်ကြည့်ရှုရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ကျွန်ုပ်သည် အရေးရှိက အသုံးပြုနိုင်ရန် (လိုင်စင်ဖြင့် ကိုင်ခွင့်) ရထားသည့် ခြောက်လုံးပြူးသေနတ်ကို ယူငင်ပြီးနောက် လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ဘန်ဂလိုပေါ်မှ ဆင်းရင်း မောင်ထွန်းသိန်းကို အကျိုးအကြောင်း ပြောရ၏။

မောင်ထွန်းသိန်းလည်း လက်ကိုင်တုတ်တစ်ချောင်းကို ကိုင်လျက် လှေကားမှ ဆင်းလိုက်ခဲ့လေ၏။

အပြင်တွင် လရောင်မှာ အားနည်းလျက်ရှိနေပြီး ဘန်ဂလိုအဆောက်အအုံများနှင့် အစီအရီပေါက်နေကြသော သစ်ပင်ကြီးများ၏အရိပ်သည် ဖြူဖွေးသော သဲသောင်ပြင်ထက်၌ အပြောက် အပြောက် စွန်းထင်းကျရောက်လျက် ရှိပေ၏။

ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်သည် သစ်ပင်များအောက်မှ ဖြတ်၍လျှောက်ခဲ့ကြပြီးနောက် အသံထွက်ပေါ်ခဲ့သော ဘန်ဂလိုအဆောက်အအုံရှေ့သို့ ရောက်သွားကြလေ၏။

စောစောက ကြားနေရသော အော်ဟစ်ညည်းတွားသံတို့မှာမူ ငြိမ်သက်သွားပြန်၏။

သို့သော် တဖြူးဖြူး တိုက်ခတ်လျက်ရှိသော လေသံများအကြား၌ ညည်းသံသဲ့သဲ့ကိုမူ ကြားနေကြရ၏။





ကျွန်ုပ်သည် ကြာရှည်စောင့်ဆိုင်း၍ မနေတော့ဘဲ လှေကားမှ ထိုဘန်ဂလိုပေါ်သို့ တက်ရောက်သွားမိပေ၏။

သို့သော် ... လှေကားတစ်ဝက်သို့မရောက်မီမှာပင် မောင်ထွန်းသိန်းသည် ကျွန်ုပ်၏လက်မောင်းကို နောက်မှနေ၍ ဆွဲထားလိုက်သည့်အတွက် နောက်သို့ ပြန်၍ကြည့်လိုက်မိရာ မောင်ထွန်းသိန်းသည် ကျွန်ုပ်အား ဘန်ဂလို၏အနောက်ဘက် အုန်းပင်အုပ်ကြီးထဲသို့ လက်ညှိုးဖြင့်ညွှန်ပြလျက်ရှိနေသည်ကို တွေ့ရှိရပေ၏။

ကျွန်ုပ်တို့ မြင်တွေ့ရသည်ကား ဝတ်ရုံနက်ကြီးများ လွှမ်းခြုံထားသော လူရိပ်သဏ္ဌာန်နှစ်ခုပင် ဖြစ်ပေ၏။

ထိုသဏ္ဌာန်တို့မှာ အုန်းပင်အုပ်ကြီးထဲတွင် လျင်မြန်သောအဟုန်ဖြင့် ဖြတ်၍ပြေးသွားလျက် ရှိနေကြ၏။

မှုန်မွားသော လရောင်အောက်၌ တစ်ဦးသောသူ၏လက်ထဲမှ လိပ်ကျောက်မြီးသဏ္ဌာန်ရှိသည့် တစ်လံသာသာခန့် ကျာပွတ်ကြိုးသည် သစ်ပင်သစ်ကိုင်းအချို့ကို ရိုက်ခတ်မွှေ့ယမ်းလျက် ပါသွားပေ၏။

ကျွန်ုပ်တို့ မည်သို့မှ မစဉ်းစားနိုင်မီမှာပင် ထိုသဏ္ဌာန်နှစ်ခုသည် ထင်းရှူးတောထဲ၌ ပျောက်ကွယ်သွားပြီးနောက် မကြာမီ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဒုန်းချ၍စိုင်းသွားသော မြင်းခွာသံများကို ကြားလိုက်ရပေ၏။

ထိုတစ်ခဏ၌ လင်းထိန်သော လက်နှိပ်ဓာတ်မီးရောင်တစ်ခုသည် ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်ကို မျက်စိများကျိန်းစပ်လောက်အောင် ရုတ်တရက် ထိုးလာလေ၏။

ကျွန်ုပ်တို့လည်း လှေကားအောက်သို့ လျင်မြန်စွာ ပြေး၍ကပ်လိုက်ကြပြီး အရိပ်အခြည်ကို ကြည့်၍နေကြရပေ၏။

သို့သော် လက်နှိပ်ဓာတ်မီးနှင့် ကျွန်ုပ်တို့နှစ်ယောက်အားထိုးထားသူလူစုမှာ တစ်ဖက်သောဘန်ဂလိုမှ ဆင်းလာကြသူများဖြစ်ကြောင်း တွေ့ရှိရသဖြင့် ကျွန်ုပ်တို့နှစ်ယောက်သားသည်လှေကားအောက်မှထွက်၍ ရပ်လိုက်ကြပြီး ထိုသူများ ရောက်အလာကို စောင့်ဆိုင်းနေလိုက်ကြလေ၏။

မကြာမီ လူသုံးယောက်သည် လောင်းကုတ်အင်္ကျီရှည်ကြီးများကို ဝတ်ဆင်၍ ကျွန်ုပ်တို့နှစ်ဦးအနီးသို့ ရောက်လာပေ၏။

ထို့နောက် ခေါင်းဆောင်နှင့်တူသူက ကျွန်ုပ်တို့၏မျက်နှာများအား လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်ပြီးနောက် . . .

"ဘယ်သူတွေလဲဟေ့၊ ခုနက ဒီဘန်ဂလိုပေါ်က အော်သံလိုလိုကြားရပါကလား . . . ဘာဖြစ်တာလဲ"





ဟု လှမ်း၍မေးမြန်းလာ၏။ ထိုအခါ ကျွန်ုပ်က . . .

"ဟိုဘက်ဘန်ဂလိုကို ဒီညမှရောက်လာကြတဲ့ဧည့်သည်တွေပါ၊ ကျွန်တော်တို့လည်း အော်ဟစ်သံကြားလိုက်ရလို့ အကူအညီပေးဖို့ ထွက်လာကြတာပါပဲ"

ဟု နိဒါန်းစကားပြောလိုက်ပြီးနောက် ဖြစ်ပျက်မြင်တွေ့လိုက်ရပုံတို့ကို အကျဉ်းချုပ်မျှ ပြောပြလိုက်၏။

ထိုလူသုံးယောက်တို့မှာ အချင်းချင်း လှည့်၍ ထင်မြင်ချက်အသီးသီးပေးရင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"ကျုပ်တို့ အခုလိုရပ်နေကြတာထက် အော်သံကြားတဲ့ဘန်ဂလိုပေါ် တက်ကြည့်ကြရင် ပိုကောင်းမယ်ထင်တယ်"

ကျွန်ုပ်၏အကြံပေးချက်ကို အားလုံးပင် သဘောတူညီကြလျက် ဘန်ဂလိုပေါ်သို့ တက်ခဲ့ကြ၏။ တံခါးမှာ အတွင်းမှချက်ထိုး၍ထားသောကြောင့် မဝင်နိုင်ဘဲ ရှိကြပြန်၏။

တံခါးကိုခေါက်ရာတွင် ပြန်၍ထူးသံကား ထွက်မလာချေ။

"တွန်းဖွင့်ဗျာ . . . မရရင် ကိုယ်စောင်းနဲ့တိုက်"

အသံဝဲဝဲနှင့် လူတစ်ယောက်က စိတ်မရှည်ဟန်ဖြင့်အကြံပေးလိုက်ရာ မောင်ထွန်းသိန်းနှင့် လူတစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ကိုယ်စောင်းပစ်၍ နှစ်ချက်မျှ တိုက်လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးရွက်သည် 'အစ် အစ်' ပါအောင်' မြည်ရင်း ပွင့်ထွက်သွားလေ၏။

တစ်ခန်းလုံးကား မှောင်နှင့်မည်းမည်း ဖြစ်နေလေ၏။

ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးဖြင့် အခန်းထဲသို့ အနှံ့ အပြား ထိုးကြည့်နေစဉ် ကျွန်ုပ်တို့အထဲမှ လူတစ်ယောက်သည် တစ်စုံတစ်ရာကို ခလုတ်တိုက်၍ ဟပ်ထိုးလဲကျသွားလေရာ 'ဝုန်း' ခနဲ မြည်သွားသော အသံနှင့်အတူ ...

"ဟောဒီမှာ လူတစ်ယောက်ဗျို့ ... လဲနေတယ် လဲနေတယ်"

ဟု ဟစ်အော်လိုက်သဖြင့် ကျွန်ုပ်တို့အားလုံးပင် အသံကြားရာဆီသို့ လက်နှိပ်ဓာတ်မီးဖြင့် ပြိုင်တူ ထိုးမိလျက်သား ဖြစ်သွားကြပေ၏။

ရှမ်းဘောင်းဘီကြက်သွေးရောင်နှင့် ဆွယ်တာလက်ရှည်ကို ဝတ်ဆင်ထားသော အသက် (၃၀) ခန့်ရှိ လူတစ်ယောက်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ခြေထောက်နှစ်ချောင်း တင်လျက် ခေါင်းပိုင်းမှာ ကြမ်းပေါ်တွင် ဇောက်ထိုးငိုက်စိုက်ကျလျက်ရှိရာ ၎င်း၏ဖက်သည် ပင်လယ်ဘက်ဆီသို့ လိမ်လျက်သား





ခပ်စောင်းစောင်းကျ၍နေပြီး မျက်လုံးများမှာ အစွမ်းကုန် ပြူး ထွက်လျက် ရှိနေပေ၏။

ထိုခဏ၌ မောင်ထွန်းသိန်း (ဖင်မဲ) သည် စားပွဲတစ်လုံး ပေါ်မှ စားပွဲတင်မှန်အိမ်ကို မီးထွန်းညှိလိုက်ရာ တစ်ခန်းလုံးမှာ လင်းထိန်သွားပေ၏။

ကျွန်ုပ်သည် ထိုသူ၏နှာခေါင်းဝသို့ နားကိုကပ်၍ကြည့် သည့်အခါ၌ အသက်ရှူသံကို မကြားရတော့ချေ။

"အသက်မရှူတော့ဘူးဗျ"

"ဖြစ်ရလေဗျာ"

"ဒဏ်ရာများကော ရှာကြစမ်းပါဦး"

"ဟာ"

နောက်ဆုံးအာမေဍိတ်အသံမှာ အသံဝဲတဲ ဝဲတဲနှင့် ပြော တတ်သော အသက် (၃၀) နီးပါးခန့်ရှိ အသားဖြူဖြူလူ၏အသံ ပင် ဖြစ်လေသည်။

ထိုသူမှာ တစ်ဖက်ဗိုလ်တဲမှ ဆင်းလာကြသော လူသုံး ယောက်အနက် အသက်အငယ်ဆုံးဖြစ်၍ တံခါးကို ကိုယ်စောင်း တိုက်၍ဖွင့်ရန် အကြံပေးခဲ့သူလည်းဖြစ်ကာ ကျွန်ုပ်တို့အားလုံး သည် ထိုသူ၏မျက်နှာကို တစ်ပြိုင်နက်တည်း လှည့်ကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



ကြပေ၏။

ထိုသူက ...

"ခင်ဗျားတို့ ဒီလူကို မသိကြဘူးလား"

ကျွန်ုပ်တို့အားလုံးက မသိကြောင်း ပြန်ဖြေဆိုလိုက်ကြရ၏။

"ဂျပန်ကင်ပေတိုင် အီစာမူရဲ့တပည့် ဥက္ကာ်ဝင်း (ခေါ်) ဗိုက်ကားကြီးဆိုတာ ဒီလူပဲ၊ အာရှလူငယ် ကိုမြဖေ အသတ်ခံရတာ ဒီလူသတင်းပေးလို့ပေါ့"

ထို့နောက် အတန်ကြာသောအခါ ကျွန်ုပ်တို့သည် သေဆုံးသွားသူအတွက် မည်သို့အရေးယူဆောင်ရွက်ကြမည်ကို တိုင်ပင်လျက် ရှိကြပေ၏။

ကျွန်ုပ်က အနီးဆုံးပုလိပ်ဌာနသို့ အကြောင်းကြားသင့်ကြောင်း အကြံပေးလိုက်ရာ လူသုံးယောက်အနက် အရပ်ထောင်ထောင်မောင်းမောင်းရှိသော မျက်မှန်နှင့်လူက ၎င်းသည် ထားဝယ်ဌာနာမှဌာနာအုပ်ဖြစ်ကြောင်း ရဲဌာနာသို့ အကြောင်းကြားရန်မလိုကြောင်း ပြောဆိုခြင်းပြုလေ၏။

ထို့နောက် ကျွန်ုပ်တို့အချင်းချင်း မည်သူမည်ဝါဖြစ်ကြောင်း မိတ်ဆက်ခြင်းပြုကြရာ ထားဝယ်ဌာနာအုပ်ဆိုသူ၏





အမည်မှာ ကိုမြဝင်းဖြစ်ကြောင်း သိရှိရလျက် ၎င်းနှင့်ပါလာသော အဖော်နှစ်ယောက်အနက် တစ်ယောက်မှာ မြိတ်မြို့မှ သစ်တောအရာရှိ ဦးခင်ဇော်ဖြစ်ပြီးလျှင် စကားဝဲတဲဝဲတဲနှင့် ပြောဆိုသောသူမှာ ကိုကံဦး (ဆရာကြီး) အမည်ခံ မြိတ်မြို့မှ သတင်းထောက်ပင်ဖြစ်ကြောင်း သိရှိရပေ၏။

၎င်းတို့သုံးယောက်မှာ မောင်းမကန်ပင်လယ်ဆိပ်ကမ်းသို့ ပျော်ပွဲစားထွက်လာကြခြင်းပင် ဖြစ်ကြောင်း ပြောပြလေ၏။

ထိုအခါ ကျွန်ုပ်က ထားဝယ်မြို့မှ ငါးပိငါးခြောက်ကုန်သည် မချိုတူး၏အစ်ကိုအရင်းဖြစ်၍ ဆရာဝန်အလုပ်ကို လုပ်ကြောင်း၊ နာမည်မှာ ဒေါက်တာရန်နိုင်စိုးဖြစ်ကြောင်း ပြောဆိုလိုက်ရ၏။

သို့ဖြင့် အားလုံးကပင် ကျွန်ုပ်တို့အပေါ်တွင် သကာမကင်းမှုတွေ ရှင်းသွားပြီး လူသေအလောင်းကို သေချာစစ်ဆေးကြည့်ရှုပေးပါရန် တောင်းပန်ပြောဆိုခဲ့ကြတော့၏။

ကျွန်ုပ်လည်း အလောင်းကို ဖျာတစ်ချပ်ပေါ်သို့ နေသားတကျဖြစ်အောင် ပြောင်း၍တင်လိုက်ကြပြီးနောက်တွင် သေသူကို စစ်ဆေးကြည့်ရှုသည့်အခါ လည်ပင်း၌ အရေပြားများ လန်နေလျက် လက်ညှိုးလုံးခန့်ရှိသော ကြိုးတစ်ချောင်းဖြင့် အသက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်အထိ ကြိုးကွင်းတပ်၍ တုပ်ဆွဲထားဟန်ရှိသည့် သွေး စို့နေသော ဒဏ်ရာတစ်ခုကို တွေ့ရှိရ၏။

၎င်းမှလွဲ၍ အခြားဒဏ်ရာများ မရှိချေ။ ကျွန်ုပ်က သေသူမှာ လိပ်ကျောက်မြီးနှင့် သဏ္ဌာန်တူသော ကြိုးတစ်ချောင်းဖြင့် လည်ပင်းကို ကွင်းတင်၍ ရစ်တုပ်ခြင်းခံရဟန်တူကြောင်း၊

ကျွန်ုပ်နှင့် မောင်ထွန်းသိန်းတို့ မြင်လိုက်ရသော ဝတ်ရုံနက်များ လွှမ်းခြုံထားသူနှစ်ဦးအနက် တစ်ဦးမှာ သူ၏လက်ထဲတွင် လိပ်ကျောက်မြီးနှင့်တူသော ကြိုးတစ်ချောင်းကိုင်ထားကြောင်း ပြောပြလိုက်သောအခါ ဗှာနာအုပ် ကိုမြဝင်းက သေသူ၏အင်္ကျီအိတ်များကို နှိုက်၍ ရှာဖွေလေ၏။

ကျွန်ုပ်က ဤလူသတ်မှုနှင့်ပတ်သက်၍ ရန်ကုန်ရှိ သတင်းစာတိုက်များသို့ ကိုယ်တွေ့မျက်မြင်သတင်းတစ်ရပ်အဖြစ် ပေးပို့နိုင်ပြီ မဟုတ်ပါလောဟု မေးမြန်းလိုက်ပေ၏။

ထိုအခါ သတင်းထောက်ကိုကံဦးက ...

"အခုအချိန်မှာတော့ သတင်းတွေ ဘယ်လောက်ကြီး ထူးနေပေမယ့် ရန်ကုန်နဲ့ထားဝယ် အသွားအလာ စာပေးစာယူကိစ္စက အတော်ပဲ ခက်နေတယ်ခင်ဗျ။ ဒီတော့ သတင်းကောင်းတွေရပေမယ့် သတင်းပို့ဖို့က အတော်ကျပ်တယ်ဗျာ"





ဟု ညည်းညူ...ညူညူ ပြောဆိုလေ၏။

ဤတွင် သစ်တောဝန်ထောက် ဦးခင်ဇော်က ဝင်၍ ...

"ဒီလူသတ်မှုမျိုးတော့ ထားလိုက်ပါဦးဗျာ၊ ဒါထက် အရေးကြီးတဲ့ 'ကြယ်နီရှင်သခင်မ' သူပုန်ပြောက်ကျားထနေတဲ့ သတင်းမျိုးကိုတောင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ မဖော်ပြနိုင်ဘဲ အစိုးရဌာနတွေ အဆက်ပြတ်ကုန်တယ်လေ၊ စာတိုက်တွေမှာ ဝန်ထမ်းတွေမရှိသေးလို့ မပို့နိုင်သေးဘူး၊ ဒီသတင်းမျိုးသာ 'မြန်မာ့အလင်းသတင်းစာ' မှာ ပါသွားလို့ကတော့ သတင်းစာ အားကြီးရောင်းကောင်းပေါ့ဗျာ"

ဟု ပြောလိုက်၏။ ကျွန်ုပ်မှာ 'ကြယ်နီရှင်သခင်မ' ဆိုသော ထူးထူးဆန်းဆန်းအမည်ကို ပထမဦးဆုံးအကြိမ် ကြားလိုက်ရသဖြင့် အံ့ဩသွား၏။

"ပြောစမ်းပါဦးဗျာ ... ကြယ်နီရှင်သခင်မဆိုတာ ဘာလဲဗျ၊ မိန်းမလားပြလား"

ဟု သိလိုဇောနှင့် မေးလိုက်ပေ၏။

"ကြယ်နီရှင်သခင်မဆိုတာ ဒေါက်တာထင်သလို မိန်းမတော့ မိန်းမပဲခင်ဗျ၊ ဒါပေမဲ့ မိန်းမထဲမှာတော့ ဒီလိုမိန်းမမျိုး



www.burmeseclassic.com

www.burmeseclassic.com



အတော်ကိုရှားပါတယ်၊ သူ့မှာ သူပိုင် စစ်သင်္ဘောအသေးစား ကလေး တစ်စင်းရှိတယ်၊ အဲဒီစစ်သင်္ဘောက ဂျပန်စစ်တပ်သုံး လက်ကျန်ဖြစ်တယ်လို့လည်း ပြောကြတယ်၊ ဒီသင်္ဘောနဲ့ တနင်္သာရီပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ကို တစ်ခါ တစ်ခါ ရောက်လာတတ်တယ် ...၊

တစ်ခါတုန်းကတော့ ပသျှူးကျွန်းဆွယ် ပီနန်မြို့နားမှာ ပီနန်က မြိတ်မြို့ထွက်လာတဲ့ တရုတ်သူဌေးတစ်ဦးရဲ့ ကတ္တူလှေ ကြီးတစ်စင်းကို တိုက်လွှတ်လိုက်လို့ ရွှေဒင်္ဂါးချည်း အပြား ငါးရာ ကျော်ကျော် ပါသွားတယ်လေ ...၊

အဲဒီ အရင်တစ်ခါကတော့ သူကိုယ်တိုင် ထားဝယ်မြို့ ပေါ်တက်လာပြီး ဆိုင်နိုဘားမားကော်ပိုရေးရှင်းဆိုတဲ့ သတ္တုတွင်း သူဌေး တရုတ်ကပြား ဦးကြင်စိန်ရဲ့အိမ်မှာ တက်နေသွားလိုက် သေးတယ်''

''အလို ... ထားဝယ်မြို့မှာတောင် တက်နေလိုက်သေး တယ်ဆိုတော့ ဒီကြယ်နီရှင်သခင်မဆိုတဲ့ မိန်းမဟာ အတော် အတင့်ရဲလိုက်ပါကလားဗျို့၊ သူက ဦးကြင်စိန်နဲ့ အဆက်အသွယ် ရှိလို့လား''

''အဆက်အသွယ်တော့ ရှိပုံမရဘူး၊ ဦးကြင်စိန်ကို တိုက်





ရအောင်လာတဲ့ကိစ္စ သက်သက်ပါပဲခင်ဗျာ၊ ကြယ်နီရှင်သခင်မ ရယ် သူ့ဦးကြီးဆိုတဲ့ ယောကျ်ားကြီးတစ်ယောက်ရယ် မြိတ်မြို့က နေ ကတ္တူတစ်စင်းနဲ့ လှည့်လာပြီး ဦးကြင်စိန်ဆီမှာ သတ္တုတွင်း တချို့ကို ဝယ်ချင်တယ်ဆိုပြီး အဆက်အသွယ်လာလုပ်ကြတယ်၊

ဒီမိန်းမက သူ့ကိုယ်သူ မက္ခရာမင်းသားကြီးရဲ့ မြစ် တော်ဆိုပြီး မိတ်ဆက်တယ်၊ အမှန်ကတော့ လုံးလုံးမဟုတ်ပါ ဘူး ... ဟန်ဆောင်တာပါပဲ၊ ဦးကြင်စိန်အိမ်မှာ နှစ်ညအိပ်ပြီး တတိယမြောက်ညမှာ ဦးကြင်စိန်ရဲ့ မီးအာမခံသေတ္တာထဲက ရွှေဒင်္ဂါးနဲ့ ရွှေထည်ပစ္စည်းချည်းသက်သက် တစ်သိန်းကျော်ဖိုး တိုက်ချသွားတာပဲ''

''ကြယ်နီရှင်သခင်မဆိုတာ တယ်လည်းစွမ်းပါကလား ဗျို့''

''စွမ်းဆို ဦးကြင်စိန်ဖြစ် ကျန်ရစ်ခဲ့ရပုံလည်း ကြည့်ဦး လေ ... ပစ္စည်းတန်ဖိုးတစ်သိန်းကျော်ဖိုး အေးဓားပြအတိုက်ခံ ရတာတောင် နှမြောပုံမရတဲ့အပြင် ကြယ်နီရှင်သခင်မကို တမ်း တမ်းစွဲ ဖြစ်ကျန်ရစ်ခဲ့လို့ အိမ်က မယားကြီးနဲ့ ကနေ့အထိ တကျက်ကျက်ရန်ဖြစ်နေတုန်းပဲလေ''

''ဒီလိုဆိုရင် အဲဒီမိန်းမက ရုပ်ရည်အတော်ဖြောင့်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်တယ်''

''ရုပ်ဖြောင့်ဆို မြင်လိုက်ရတဲ့ ဦးကြင်စိန်ရဲ့အိမ်သားတွေရဲ့အပြောအရတော့ ဈာန်ရ ရသေ့တောင် ဈာန်လျှောလောက်တဲ့ ရုပ်မျိုးပါပဲတဲ့၊ အသားအရေကဆိုရင် ဝါဂွမ်းနုအတိုင်း ဖွေးဖွေးဖြူနေသတဲ့၊ အင်္ဂလိပ်စကားကို အင်္ဂလိပ်မနဲ့မခြား ပြောတတ်ပြီး မျက်လုံးတွေဟာ တံလျှပ်တွေထွက်နေတဲ့အတိုင်း ညို့ဓာတ်အားကြီးလွန်းလို့ တော်တန်ရုံလူများ မျက်လုံးချင်းဆိုင်ဖို့တောင် အတော်ခက်တယ်လို့ ပြောကြတာပဲ''

''ကြယ်နီရှင်သခင်မဆိုတဲ့နာမည်က ဘယ်လိုလဲဗျ၊ ဒီနာမည်ကို ဘယ်သူပေးတာလဲဗျ''

''ဒါက ဒီလိုဗျ ... ဦးကြင်စိန်အိမ်မှာ လာတည်းခိုတုန်းက ဒီမိန်းမက သူ့နာမည်ကို သခင်မလို့ပေးတယ်၊ နောက်ပြီး ဦးကြင်စိန်ကို ဓားပြတိုက်ယူပြီး ထွက်သွားကြတဲ့အခါမှာ ဦးကြင်စိန်ရဲ့ ရင်အုံမှာ သွေးနီတွေရဲနေတဲ့ ကြယ်နီတံဆိပ်တစ်ခုရိုက်ပြီး ထားပစ်ခဲ့တယ်၊ နောက်ပြီး ပီနန်နားမှာ အတိုက်ခံရတဲ့ တရုတ်သူဌေးဦးမျိုးလွင်ကိုလည်း ဒီနည်းအတိုင်းပဲ၊ ရင်ဘတ်မှာ ကြယ်နီတံဆိပ် ရိုက်ပစ်ခဲ့ပြန်တယ် ...၊

ထူးဆန်းတာကတော့ အဲဒီတရုတ်သူဌေးဦးမျိုးလွင်ကို





အေးဓားပြတိုက်တော့ ကြယ်နီရှင်သခင်မက စစ်သင်္ဘောအငယ်စားလေးနဲ့ လာတိုက်တယ်ဆိုပဲဗျ၊ အဲဒီသင်္ဘောဦးမှာ လှည်းဘီးအဝိုင်းလောက်ရှိတဲ့ ကြယ်နီတံဆိပ်ကြီးကို ကတ္တူလှေသမားတွေအားလုံး မြင်လိုက်ရတယ်ဆိုကိုးဗျ''

''ဒီနေရာတစ်ဝိုက်မှာ အင်္ဂလိပ်စစ်သင်္ဘောတွေ စစ်ပြီးစမို့ ဥဒဟို ကင်းလှည့်နေတဲ့ကြားထဲ ဒါလောက်တောင် အတင့်ရဲနေတယ် ဆိုတာကတော့ နည်းနည်းမကဲလွန်းဘူးလားဗျာ၊ စကားဆိုတဲ့အတိုင်း ကားတာများ ဖြစ်နေတယ်ထင်ပါရဲ့''

ကျွန်ုပ်သည် ကိုကံဦးဆိုသည့် သတင်းထောက်အား ခပ်ရွှန်းရွှန်းကလေး မေးလိုက်မိ၏။

ကိုကံဦးမှာ ပထမတွင် ကျွန်ုပ်အား မကျေနပ်နိုင်သကဲ့သို့ ပြန်၍စိုက်ကြည့်နေ၏။

နောက်မှ ယခုမှ သိကျွမ်းစဖြစ်သော တစ်မြို့သားညီသည်တစ်ယောက်အား အတိုက်အခံမပြုလုပ်လိုသော လက္ခဏာဖြင့် ...

''ခင်ဗျား ဒီထားဝယ်မြို့မှာ အတော်ကြာကြာနေဦးမယ်ဆိုရင်တော့ ခုနက ကျွန်တော်ပြောတဲ့အဖြစ်အပျက်တွေကို ကိုယ်တွေ့အဖြစ်မျိုးနဲ့ တွေ့ကောင်းတွေ့ပါလိမ့်မယ်၊ အခုတော့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်နဲ့ပဲ ဒီစကားကို ဖြတ်ကြပါစို့၊ ကြယ်နီရှင်သခင်မဆိုတာ ဘယ်လိုလဲဆိုတာ ကိုယ်တွေ့မြင်လာပါလိမ့်မယ်''

ဟု ဆိုပြီး ကျွန်ုပ်အနီးမှ လှည့်၍ထွက်သွားပေ၏။

ထိုအခိုက် အလောင်းကို သေချာစွာစစ်ဆေးကြည့်ရှုနေသော ဌာနာပိုင်ကြီးကိုမြဝင်းသည် အလောင်းအနီးတွင် ဒူးထောက်လျက်ရှိနေရာမှ ရုတ်တရက် မတ်တတ်ထရပ်လိုက်ပြီး ...

''ကြယ်နီရှင်သခင်မရဲ့သတင်းကို ရက်အကြာကြီး စောင့်ဆိုင်းစုံစမ်းနေဖို့ မလိုတော့ပါဘူး ဒေါက်တာရေ၊ ကြယ်နီရှင်သခင်မလက်ရာကို လက်တွေ့မြင်ချင်တယ်ဆိုရင် ဟောဒီမှာ ကြည့်ပေတော့''

ဟုဆိုရင်း လူသေအလောင်းရင်ဘတ်ဆီသို့ လက်ညှိုးဖြင့် ထိုးပြလိုက်ပေ၏။

ကျွန်ုပ်တို့သည် ထိုအခိုက်အတန့်၌ လူသေအလောင်း၏ ရင်ဘတ်ပေါ်သို့ တစ်ပြိုင်နက်တည်း ငုံ၍ ကြည့်လိုက်ရာ ကျွန်ုပ် ဦးခေါင်းနှင့် ကိုကံဦး၏ဦးခေါင်းမှာ အတော်ပြင်းပြင်းကလေးပင် ရိုက်မိသွားသဖြင့် မိုက်ခနဲဖြစ်သွားရပေ၏။

ဒင်္ဂါးပိုင်းခန့်ရှိ နီရဲသောကြယ်နီတံဆိပ်လေးတစ်ခုသည်





သေဆုံးသူ ကိုညဏ်ဝင်း (ဗိုက်ကားကြီး) ၏ ရင်အုံပေါ်၌ လတ်ဆတ်စွာ ရှိနေပေသည်။

မည်မျှလတ်ဆတ်သနည်းဆိုသော် ...

တံဆိပ်ခတ်ထားသော အသားပေါ်တွင် မင်နီစက်ကလေးများပင် ကောင်းစွာမသွေ့ခြောက်သေးကြောင်း ကျွန်ုပ်တို့အားလုံး တွေ့ရှိလိုက်ကြပေ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းလှသော ညှို့သည်

နောက်တစ်နေ့နံနက် ...

ကျွန်ုပ် အိပ်ရာမှနိုးထလာချိန်မှာ ဆယ်နာရီထိုးပြီး၍ ဆယ်မိနစ်ခန့်ပင် ကျော်လွန်နေပြီကို တွေ့ရှိလိုက်ရပေ၏။

မောင်ထွန်းသိန်း (ဖင်မဲ) သည် ကျွန်ုပ်အား ပူနွေးလှပ်နှင်းသော ခရုစွပ်ပြုတ်များကို လာရောက်ချပေးရင်း ဌာနာပိုင် ဦးမြဝင်းက သေသူအလောင်းကို လှည်းဖြင့်တိုက်ပို့လိုက်ပြီ ဖြစ်ကြောင်း၊ ထားဝယ်ရောက်လျှင် အိမ်လည်လာဖို့ ဖိတ်ခေါ်ပါကြောင်း၊ မနေ့ညက လူသတ်မှုနှင့်ပတ်သက်၍ သက်သေခံလိုက်





ပေးစေလိုကြောင်း မှာကြားသွားသည်ဟု ပြောလေ၏။

ထို့နေနံနက်တွင် ကျွန်ုပ်သည် မောင်ထွန်းသိန်းအား ဘန်ဂလိုစောင့်အဖြစ် ထားရစ်ခဲ့ပြီး တစ်ယောက်တည်း ပင်လယ်ကမ်းစပ်ဆီသို့ လမ်းလျှောက်ထွက်လာခဲ့လေ၏။

ကျွန်ုပ်သည် ညဉ့်က လူသတ်မှုဖြစ်ခဲ့သော ဘန်ဂလို၏ မျက်နှာစာရှေ့မှ ဖြတ်၍ လျှောက်ခဲ့၏။

ဤသို့လျှောက်ခဲ့ရင်းမှ ပါရင်းစွဲဝါသနာတစ်ခုဖြစ်သော အနံ့ခံလိုစိတ်သည် ကျွန်ုပ်၏ လှုပ်ရှားနေသည့် ခြေလှမ်းများကို နှေးကန်ဖင့်လေး၍ သွားစေပေ၏။

ကျွန်ုပ်၏မျက်နှာမှာလည်း ကျွန်ုပ်မကြည့်ချင်၍ ယခုကလေးကပင် မျက်နှာလွှဲလာခဲ့သော ဘန်ဂလို၏နောက်ဖေးသို့ အလိုအလျောက် လှည့်မိလျက်သားဖြစ်၍နေပေ၏။

အုန်းပင်တန်းများမှာ ပင်လယ်လေတိုက်ဖြူးနေသောကြောင့် တယိမ်းနွဲ့နွဲ့ဖြင့် လှုပ်ရှားမြူးထူးလျက်ရှိ၏။

ယမန်နေ့ညက ထိုအုန်းပင်များအကြားတွင် ရုပ်ရှင်ဇာတ်ကားများ၌သာ တွေ့မြင်ရတတ်သည့် နက်မှောင်သောဝတ်ရုံကြီးများ ဝတ်ဆင်ထားသူနှစ်ဦးတို့ ပြေးလွှားဝင်ရောက်သွားကြပုံ၊ ချက်ချင်းဆိုသလိုပင် ဒုန်းစိုင်းသွားသည့် မြင်းခွာသံများ ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပုံတို့ကို ကျွန်ုပ်သည် အမှတ်မထင် ပြန်လည်ထင်ယောင် လာမိတော့၏။

ထိုသဏ္ဍာန်များသည် သတင်းထောက် ကိုကံဦး ပြောဆိုသွားသော 'ကြယ်နီရှင်သခင်မ'နှင့် ၎င်း၏ နောက်လိုက်ပင် ဖြစ်လေသလော။

ကြယ်နီရှင်သခင်မဆိုသူသည် အဘယ်ကဲ့သို့သောမိန်းမ အမျိုးစားပေနည်း။

ဂျပန်ကင်ပေတိုင်နောက်လိုက် မိုက်ကားကြီး ဉာဏ်ဝင်း ဆိုသူအား သတ်ဖြတ်သွားသည့်ကိစ္စသည် နိုင်ငံရေးပယောဂ ရောစပ်ပါဝင်နေသော လက်စားချေမှုပင်လော။

သို့တည်းမဟုတ် အဘယ်သို့သော ရန်ငြိုးများပေနည်း ဟူသော ပြဿနာများမှာ စဉ်းစားစရာဖြစ်နေပေ၏။ ထို့နောက် ကျွန်ုပ်မှာ စိတ်အေးချမ်းသာလိုသဖြင့် ဦးနှောက်ရှင်းရန်အလို့ငှာ ပင်လယ်လေညင်းခံ ထွက်လာ၏။

ခဏကြာသောအခါ ကျွန်ုပ်မှာ ဘန်ဂလိုတို့၏နောက်ဖေး ရှိ အုန်းပင်များကြားသို့ ဖြည်းညင်းစွာ လျှောက်၍သွားနေမိ၏။

အုန်းပင်များကြားရှိ လူအများသွားလာထားသည့် လမ်းလေးအတိုင်း လျှောက်၍လာခဲ့ရာ မြက်ပင်အချို့မှာ မြင်းခွာ





များဖြင့် ဖိနင်းထားခြင်းကြောင့် ယိုင်လဲနေသည့် အခြင်းအရာ များကို တွေ့ရှိရပေ၏။

ကျွန်ုပ်သည် ထိုနေရာမှတစ်ဆင့် လမ်းအတိုင်း ရှေ့သို့ ဆက်လျှောက်သွားမိသောအခါ ချုံပုတ်လေးတစ်ခုပေါ်တွင် အနီရောင်ပဝါကလေးတစ်ခုကို တွေ့ မြင်မိလေ၏။

ကျွန်ုပ် ကောက်၍ကိုင်လိုက်သည့်အချိန်အထိ ထိုလက် ကိုင်ပဝါနီလေးမှ သင်းပျံ့သောရေမွှေးနံ့ကို ရရှိနေသေး၏။

ထိုရေမွှေးနံ့ကို ရရှိသည်နှင့်တစ်ပြိုင်နက် ၎င်းရေမွှေး အမျိုးအစားမှာ မြန်မာပြည်တွင် ရှားပါးလွန်းလှသည့် အကောင်း ဆုံးရေမွှေးတစ်မျိုးဖြစ်ပြီး ငွေကြေးတတ်နိုင်သည့်တိုင်အောင် ဝယ်ယူ၍မရနိုင်သော ရေမွှေးဖြစ်ကြောင်း ချက်ချင်း သတိပြုမိ လိုက်ပေ၏။

ထိုရေမွှေးရနံ့ကို ကျွန်ုပ်အဖို့ ကောင်းစွာအမှတ်ရလျက် ရှိပေ၏။

အကြောင်းမူ စစ်မဖြစ်မီက ကျွန်ုပ်၏ဆေးခန်းတွင် 'အာတ်ဆာ' ခေါ် လည်ချောင်းတွင်ပေါက်သည့် အနာတစ်ခု အတွက် လာရောက်ဆေးကုသဖူးသော ဖိလစ်ပိုင်လူမျိုးတစ်ဦး ရှိခဲ့ရာ ၎င်းထံမှ ဤရေမွှေးနံ့ကို ကျွန်ုပ်ရရှိသဖြင့် စုံစမ်းသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ၎င်းက ဖိလစ်ပိုင်တွင်သာ ဤရေမွှေးကို ဝယ်ယူနိုင်ကြောင်း၊ အကောက်ခွန်ကြီးလေးသဖြင့် မြန်မာပြည်သို့ မတင်သွင်းနိုင်ကြောင်း ကျွန်ုပ်အားပြောပြခဲ့ဖူး၏။

သို့ဖြစ်ရာ ကျွန်ုပ်၏လက်ထဲမှ ပိုးလက်ကိုင်ပဝါနီလေးသည် အဘယ်ပုဂ္ဂိုလ်ထံမှကျ၍ ကျန်ရစ်ခဲ့သည်ဆိုခြင်းကို အထူးအထွေ စဉ်းစားနေဖို့ရန်ပင် မလိုသလောက် ဖြစ်ပေတော့၏။

ကြယ်နီရှင်သခင်မ၏ပစ္စည်းပင် မလွဲတန်ရာ။

ကျွန်ုပ်သည် လက်ကိုင်ပဝါလေးကို ဖြန့်၍ ပိုမိုသေချာအောင် ကြည့်လိုက်သောအခါ တွေးထင်သည့်အတိုင်းပင် လက်ကိုင်ပဝါ၏ တစ်ခုသောထောင့်၌ (T.K.M) ဆိုသော အင်္ဂလိပ်စာလုံးအတိုကောက်ကို တွေ့ရှိရပြန်ပေ၏။

ထို (T.K.M) သည် သခင်မဟူ၍ မဟုတ်လျှင် အဘယ်သို့သောအဓိပ္ပါယ်ကို ဆောင်ပေအံ့နည်း။

ထိုနေရာမှ ကျွန်ုပ်ပြန်လှည့်၍ ထွက်ခွာလာသောအခါ (၁၁) နာရီသာသာ မွန်းတည့်လုနီးနီးရှိနေပြီကို တွေ့ရှိရပေ၏။

ကျွန်ုပ်သည် အလျားအားဖြင့် လေးမိုင်ခန့်ရှည်လျားသော ကမ်းခြေကို အစမှအဆုံးအထိ မလျှောက်နိုင်တော့ပေ။

တစ်မိုင်ခန့်လျှောက်မိသောအခါ နေသည် ခြစ်ခြစ်





တောက်မျှ ပူပြင်းလှ၏။ ရင်ထဲတွင်လည်း ဆာလောင်လာပြီဖြစ်သောကြောင့် တည်းခိုရာ ဘန်ဂလိုရှိရာဆီသို့ ပြန်၍ လှည့်လာခဲ့ပေတော့၏။

ဘန်ဂလိုများမှာ ကမ်းစပ်တွင် အလုံးပေါင်း (၂၀) မျှရှိခဲ့ရာ ကျွန်ုပ်တို့ရောက်သွားသောအချိန်တွင် (၁၃) လုံးမျှသာရှိပေတော့၏။

ကမ်းစပ်တွင် ကဏန်းနှိုက်လျက်ရှိသော သူငယ်အချို့က ဂျပန်တို့၏လက်ချက်ကြောင့် ဘန်ဂလို (၇) လုံးမျှ မီးလောင်သွားကြောင်း ကျွန်ုပ်အား ပြောပြကြ၏။

ကျွန်ုပ်သည် အသိအကျွမ်းဖွဲ့နိုင်က ဖွဲ့ဆိုရန် ဘန်ဂလိုများကို တစ်ခုစီလိုက်၍ကြည့်လာရာ၌ မည်သည့်ဘန်ဂလိုတွင်မျှ တည်းခိုသူများ မရှိကြချေ။

အားလုံးပင် တံခါးများပိတ်လျက်သား ရှိနေကြသဖြင့် ကျွန်ုပ်တို့၏ဘန်ဂလိုဆီသို့ ပြန်လာခဲ့ရာ တပည့်ကျော် ဖင်မဲမှာ ထမင်းပွဲအသင့်နှင့် စောင့်ဆိုင်းနေသည်ကို တွေ့ရှိရပေ၏။

စကားပြောဖော်ကင်းမဲ့နေသော ကျွန်ုပ်မှာ ထိုနေ့က တစ်နေ့ခင်းလုံး စာတစ်အုပ်ဖြင့်သာ အပျင်းဖြေ၍ နေရပေ၏။

နေ့လယ်နှစ်နာရီသာသာလောက်တွင် ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ငိုက်မျဉ်းလာပြီးနောက် အိပ်ပျော်သွား၏။ ညနေလေးနာရီအချိန် လောက်တွင် မောင်ထွန်းသိန်းသည် ကျွန်ုပ်အား လာ၍နှိုး၏။

ပြီးနောက် ပင်လယ်တွင် ရေချိုးလိုက ယခုအချိန်သည် အကောင်းဆုံးဖြစ်ကြောင်း အကြံပေးသဖြင့် ပင်လယ်ရေကို တစ်ခါဖူးမျှမချိုးဖူးသော ကျွန်ုပ်သည် မောင်ထွန်းသိန်းကို ဦးဆောင်စေကာ ပင်လယ်စပ်၌ နှစ်ယောက်သား ရေဆင်း၍ ကစားခဲ့ရပေ၏။

ရေချိုးနေစဉ် မောင်ထွန်းသိန်း (ဖင်မဲ) က ...

''သြော် ... ဆရာ့ကို ပြောရဦးမယ်၊ နေ့လယ်တုန်းက စကားပြောဖော်မရှိလို့ ပျင်းလိုက်တာလို့ ဆရာ ... ညည်းညူ နေတယ်၊ ဒီညမှာတော့ ဆရာနဲ့စကားပြောဖို့လူ ရကောင်းရပါ လိမ့်မယ် ဆရာ''

ဟု သတင်းပေးလေရာ ကျွန်ုပ်လည်း ဝမ်းသာရတော့ မလို ဖြစ်သွားရ၏။

''ဘယ်သူတွေများလဲ ဖင်မဲရဲ့၊ မနက်တုန်းကတော့ ဘန်ဂလိုတွေအားလုံး တံခါးပိတ်ထားကြတယ်လေ''

''ဆရာအိပ်ပျော်နေတုန်းမှာ ဟောဟိုဘက်က ဘန်ဂလို ဆီကို လူသစ်နှစ်ယောက် ရောက်လာတယ်ဆရာ၊ ဒီနယ်ထဲက





တော့ ဟုတ်ဟန်မတူဘူး၊ ဆရာ့လိုပဲ ရပ်ဝေးက ဧည့်သည်တွေပဲ ဖြစ်လိမ့်မယ် ထင်တာပဲ''

''ဟုတ်လား ... ဒီလိုဆို ဟန်ကျပြီပေါ့''

သို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးမှာ ပင်လယ်ရေချိုးပြီး ကမ်းစပ်မှ ဘန်ဂလိုဆီသို့ ပြန်တက်လာခဲ့သောအခါ အသက် ၃၅ နှစ် အရွယ် နက်ပြာရောင်သက္ကလတ်အင်္ကျီနှင့် ကျူထရံကွက်လုံချည် ကို ဝတ်ဆင်ထားသော အရပ်ထောင်ထောင်မောင်းမောင်း လူ တစ်ယောက်သည် ကျွန်ုပ်တို့၏ ဘန်ဂလိုလှေကားရင်း၌ ရပ် လျက် ကျွန်ုပ်တို့အား ကြည့်နေသည်ကို တွေ့ရှိရပေ၏။

''ဟောဟိုမှာ မြင်ရဲ့လားဆရာ ... နေ့လယ်က ရောက် လာတဲ့ လူနှစ်ယောက်အနက် တစ်ယောက်ဟာ အဲဒီလူပဲ၊ ဆရာ နဲ့ မိတ်ဆက်ချင်လို့ထင်ပါရဲ့''

''အင်း ... ငါလိုလူမျိုးနဲ့ တွေ့နေရပြီထင်ပါရဲ့ကွာ''

သို့ဖြင့် ထိုဘန်ဂလိုအနီးသို့ ကျွန်ုပ်တို့နှစ်ယောက် ရောက် ရှိသွားသောအခါ၌ ထိုသူမှာ ခပ်ဝေးဝေးက ကျွန်ုပ်ခန့်မှန်းမိသည့် အသက်ထက် အနည်းငယ်ပျို့ရွယ်သောလက္ခဏာ ရှိနေသည်ကို တွေ့ရ၏။

ခါးတွင်ဝတ်ဆင်ထားသော အဝတ်အစား အဆင်အ



www.burmeseclassic.com

www.burmeseclassic.com



ယင်များကသာလျှင် ထိုသူ၏ရုပ်လက္ခဏာကို ကြီးရင့်စေလျက် ရှိကြောင်း တွေ့ရှိရပေ၏။

ထိုသူသည် ကျွန်ုပ်တို့နှစ်ယောက်အနက် ကျွန်ုပ်၏ မျက်နှာကိုသာ ကွင်းကွက်၍ မပြုံးမရယ်ဘဲ ဆီးကြိုစူးစိုက်၍ ကြည့်နေပေရာ ထိုသူ၏မျက်လုံးများသည် သာမန်မျက်လုံးမျိုး မဟုတ်၊ တစ်ဖက်သား၏စိတ်ခာတ်ကို တိမ်းညွတ်၍ပါလာအောင် စွဲဆောင်နိုင်သော စိတ်တန်ခိုးသတ္တိထူးများရှိနေကြောင်း သတိပြု မိလိုက်လေ၏။

ကျွန်ုပ်သည် ထူးခြားသော ထိုလူ၏မျက်နှာကို အကဲ ခတ်ရင်း ဆက်လက်လျှောက်လာခဲ့သည်တွင် ထိုသူနှင့်ကျွန်ုပ်တို့ သည် မကြာမီအချိန်အတွင်း လက်ကို ကိုယ်စီဆန့်တန်းလိုက် သော် တစ်ဦးကိုတစ်ဦး ထိကိုင်နိုင်သည့် အကွာအဝေးသို့ ရောက်ရှိ လာပေ၏။

ထိုအခါ အဆိုပါညှသည်သည် ကျွန်ုပ်မျက်နှာကို စေ့စပ်သေချာစွာကြည့်လျက် နှစ်ပေါင်းများစွာကပင် လက်ပွန်း တတီး ခင်မင်ရင်းနှီးလာခဲ့သူတစ်ဦး၏ မျက်နှာထားမျိုးသို့ ရုတ် ခြည်း ပြောင်းပြီးသော် ...

"ဘယ့်နှယ် ... ကျန်းမာပါရဲ့လား ဒေါက်တာရန်နိုင်စိုး





ကျွန်တော့်နာမည်က ဝင်းသန်းပါ၊ ၁၃ မိုင်လောက်ဝေးတဲ့ ပင် လယ်ခရီးကနေပြီး ဒေါက်တာ ဒီမှာရောက်နေတယ်ဆိုတာ သတင်းရတာနဲ့ အပါခေါ်ရအောင် ကျွန်တော် အရေးတကြီး ရောက်လာခဲ့တာပါပဲခင်ဗျာ"

ဟု ပြောဆိုပေ၏။

ထိုအချိန်တွင် ကျွန်ုပ်တပည့်ဖြစ်သူ မောင်ထွန်းသိန်း သည် ကျွန်ုပ်တို့နှစ်ယောက်ကို ထားရစ်ခဲ့ပြီးနောက် ဘန်ဂလိုပေါ် သို့ တက်၍သွားနှင့်ပြီဖြစ်ရာ ကျွန်ုပ်မှာ တစ်ခါဖူးမျှ သိကျွမ်းခဲ့ဖူး ခြင်းမရှိသော ထူးခြားလှသည့်ညှသည်အား ထူးဆန်းအံ့ဩခြင်း ကြီးစွာဖြင့် ငေးစိုက်၍ကြည့်ရင်း ကျန်ရစ်ခဲ့ပေ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ချို့ဖက်သူချိုဖက်းတ ဆရာတပည့်

"ဘန်ဂလိုပေါ်ကျမှ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြပါစို့ ကိုဝင်းသန်း၊ ကိုင်း ... အပေါ်တက်ကြရအောင်ဗျာ၊ ဒီမှာရပ်နေကြရတာ အေးလှပါတယ်"

ကိုဝင်းသန်းဆိုသူသည် ကျွန်ုပ်အား ရှိသေကိုင်းညွတ်သော အမူအရာဖြင့် ကိုယ်ကိုညွတ်ကိုင်းပြီးနောက် လှေကားထိပ်ဝတွင်ရပ်နေရာမှ လမ်းဖယ်ပေးလေ၏။

ကျွန်ုပ်မှာ အမျိုးမျိုးအဖုံဖုံ စဉ်းစားတွေးတောရင်းဖြင့် လှေကားထစ်များကို တစ်ထစ်ချင်း လှမ်း၍တက်ခဲ့ရတော့၏။





ဤတွင် ထိုသူလည်း ကျွန်ုပ်၏နောက်မှ ကပ်လျက် ထက်ကြပ်မကွာ တက်၍လိုက်ပါလာခဲ့ပေ၏။

ကျွန်ုပ်သည် ဧည့်သည်လူစိမ်းအား ဧည့်ခန်းထိုင်ခုံတွင် နေရာထိုင်ခင်းပေးခဲ့ပြီးနောက် အဝတ်အစားလဲရန်အလို့ငှာ အိပ်ခန်းထဲသို့ ဝင်လာခဲ့စဉ်၌လည်း ကျွန်ုပ်ဦးနှောက်များမှာ ဧည့်သည်အပေါ်၌သာ စိတ်ရောက်နေသဖြင့် အဝတ်အစားဝတ်ဆင်ရာ၌ပင် အလွဲလွဲအချော်ချော်ဖြစ်၍ နေပေ၏။

ကျွန်ုပ်သည် တပည့်မောင်ထွန်းသိန်းအား ဧည့်သည်ပြန်သွားမှ ထမင်းပွဲကိုပြင်ဆင်ရန် မှာကြားခဲ့ပြီးနောက် ဧည့်ခန်းသို့ ပြန်၍ထွက်လာသောအခါ၌ ဧည့်သည်မှာ စားပွဲပေါ်တွင် ကျွန်ုပ်ချထားခဲ့သော ဂျာနယ်ကျော်စာအုပ်ကို ကောက်ယူဖတ်ရှုလျက်ရှိနေသည်ကို တွေ့ရှိရပေ၏။

ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်သော ကျွန်ုပ်အား ကိုဝင်းသန်းဆိုသူသည် ရုတ်တရက် မော်၍မကြည့်သေးဘဲ စာမျက်နှာတစ်ခုခုတွင် အထူးစိတ်ဝင်စားနေဟန်ဖြင့် မျက်မှောင်ကြုတ်၍ ကြည့်ရှုနေပေရာ ၎င်း၏မျက်ခုံးမွေးများမှာ သူတကာထက် ပို၍ထူပြီး ပို၍လည်း မည်းနက်ကြောင်း တွေ့မြင်လိုက်ရပေ၏။

နုပျိုသောအသက်အရွယ်ပင် ဖြစ်သော်လည်း ရင့်ကျက်



www.burmeseclassic.com

www.burmeseclassic.com



ခုံညွှားလှသည့် မျက်နှာအမူအရာကိုဆောင်လျက် ရှိနေ၏။

ကျယ်ပြန့်သောနဖူး၊ ထူထဲသောမျက်ခုံး၊ ကျဉ်းမြောင်းသော်လည်း စူးရှခြင်းရှိသည့် မျက်လုံးများအပြင် ပွင့်ကားသော နားရွက်ကြီးများမှာ တစ်ခါဖူးမျှ မြင်လိုက်ရသည်နှင့် မမေ့ပျောက်နိုင်သည့် အသွင်အပြင်လက္ခဏာများကို ပြသနေပေ၏။

"ဒေါက်တာ ရန်ကုန်ကထွက်လာတော့ ဆာဒေါ်မန်စမစ် ဗမာပြည်ကို ပြန်ရောက်ပြီးပြီပေါ့နော်"

ကိုဝင်းသန်းသည် သူ့မျက်နှာကို စာစောင်မှမခွာဘဲ ကျွန်ုပ်အား မေးလိုက်၏။

ကျွန်ုပ်က ဆာဒေါ်မန်စမစ်သည် ရန်ကုန်မြို့သို့ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ခြွေရံသင်းပင်းများနှင့်အတူ ပြန်ရောက်လာကြောင်း၊ (၁၇) ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ မိန့်ခွန်းမိန့်ကြားကြောင်း၊ ကျွန်ုပ်သည် ရန်ကုန်မှ နိုဝင်ဘာလ (၁၃) ရက်နေ့၌ ထွက်လာခဲ့ကြောင်းကို ဖြေဆိုလိုက်ရပေ၏။

"ဒါဖြင့် ဘုရင်ခံရဲ့မိန့်ခွန်းကို ဒေါက်တာ ဖတ်ခဲ့ရပြီးပြီဆိုပါတော့"

ဤမေးခွန်းကား ပြတ်တောင်းလှသလောက် ကျွန်ုပ်အဖို့မှ ဖြေဆိုရန် အတော်ပင် ခက်ခဲသွားပေ၏။





ကျွန်ုပ်လည်း ကိုဝင်းသန်းအား လှမ်းကြည့်လိုက်မိရာ သူ့မျက်လုံးများမှာ ကျွန်ုပ်အဖြေကို အလွန်စိတ်ဝင်စားလျက်ရှိဟန်ဖြင့် ကျွန်ုပ်၏မျက်နှာအား စူးစိုက်၍ အကဲခတ်နေကြောင်း တွေ့ရှိရပေ၏။

ကျွန်ုပ်က ဤသို့ လှမ်းကြည့်လိုက်သောအခါ ကိုဝင်းသန်းဆိုသူသည် မျက်လွှာကိုစုံချပစ်လိုက်ပြီး တစ်ချက်ပြုံးလိုက်ပေ၏။

"ကျွန်တော့်အဖို့တော့ တယ်ပြီးအားမရဘူးခင်ဗျာ၊ (၉၁) ဌာနကို ပြန်လည်အသက်သွင်းမယ်ဆိုတဲ့သဘော ဖြစ်နေတယ်"

ကျွန်ုပ်သည် ကိုဝင်းသန်း၏မေးခွန်းများကို ဤမျှလောက်သာ ပြုံး၍ ဖြေဆိုလိုက်ပြီးနောက် ...

ကိုဝင်းသန်းသည် မည်သည့်ကိစ္စနှင့် ကျွန်ုပ်ထံ ရောက်လာရသနည်း၊ သူသည် မည်သူနည်း၊ ကျွန်ုပ်၏နာမည်ကို အဘယ်နည်းဖြင့် သူသိနေရသနည်းဟူသော မေးခွန်းများကိုသာ စိတ်တွက်ဖြင့် စဉ်းစားနေမိ၏။

"ဒေါက်တာရဲ့လေသံက ဂျာနယ်ကျော်စာစောင်က လေသံနဲ့ တစ်သံတည်း ထွက်နေပါကလားခင်ဗျ၊ ဒါနဲ့ ဂျာနယ်ကျော်ထဲက ပောဒီလိုရေးလိုက်တာကလေးကိုတော့ ကျွန်တော် သိန်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျမိတာပဲဗျာ ...၊

ဘုရင်ခံသည် မြန်မာများမျှော်လင့်နေသော ကုန်စည်များကို ယူလာရန်ပျက်ကွက်သည်ဟု ဆိုရမည်ဖြစ်ပေတော့သတည်းတဲ့၊ ဟား ဟား ဟား ... မမိဘူးလား ဒေါက်တာ''

''အချက်ကိုထိတော့ မိရောပေါ့ခင်ဗျာ''

ကိုဝင်းသန်းသည် လက်ထဲမှ ဂျာနယ်စာစောင်ကို စားပွဲပေါ်သို့ လှမ်းတင်လိုက်ပြီးနောက် ပြုံးရွှင်နေသောမျက်နှာကို ရုတ်တရက် အပိုးသတ်လိုက်၏။

ကိုဝင်းသန်းဆိုသူမှာ မျက်နှာအမူအရာကို ဝါရင့်နေသော ဓာတ်ရှင်မင်းသားကြီးတစ်ဦးကဲ့သို့ မိမိအလိုရှိသော အသွင်လက္ခဏာသို့ ရုတ်ခြည်းပြောင်းလဲနိုင်သူပါတကားဟု ကျွန်ုပ်သည် စိတ်ထဲမှ မှတ်ချက်ချလိုက်မိပေ၏။

''ကိုင်း ... မဆိုင်တဲ့ကိစ္စတွေနဲ့ အချိန်အတော်ကလေးကုန်သွားပြီ၊ ဒေါက်တာလည်း ကျွန်တော်လာတဲ့ကိစ္စကို သိချင်လှရော့မယ်၊ ကျွန်တော်တို့ကိစ္စ စတော့မယ်နော်''

''ဟုတ်ကဲ့ ... ပြောပါ ကိုဝင်းသန်း''

ကိုဝင်းသန်းသည် ကုလားထိုင်ကို ကျွန်ုပ်နှင့်အနီးဆုံးနေရာသို့ ဆွဲယူလိုက်ပြီးနောက် အသံကိုနှိမ့်၍ ...





''ကျွန်တော့်ကို ဒေါက်တာမသိပေမယ့် ဒေါက်တာရဲ့ ရာဇဝင်ကိုတော့ ကျွန်တော် ကောင်းကောင်းကြီးသိထားပါတယ် ဆိုတာ ပထမဦးဆုံးအနေနဲ့ ကျွန်တော်ပြောပါရစေ''

''ဟုတ်ကဲ့''

''တော်လှန်ရေးတုန်းက ဟသ်ာတခရိုင်, တလုတ်ထော် ရွာကြီးဆီ ဒေါက်တာ ပြောင်းနေတယ်မဟုတ်လား''

''ဟုတ်ပါတယ်ဗျာ''

''လေထီးနဲ့ဆင်းလာတဲ့ ၁၁ခင်ဗိုလ်ဝင်းဦးတို့နဲ့အတူ ဟသ်ာတကို သွားခါနီးဆဲဆဲ ဂျပန်ကင်ပေတိုင်သတင်းပေး ဆန်းရှိန် လိုက်ရှာနေလို့ ဗိုလ်ဝင်းဦးကို ဒေါက်တာရဲ့အိမ်ပေါ်မှာ ငါးရက်တိတိ ခေါ်ဝှက်ထားခဲ့ဖူးတယ်''

''ဟင် ... ဘယ့်နှယ် ဒါတွေ သိနေပါလိမ့်''

''ဘသောင်းလို့ နာမည်ပြောင်းဖြီး ဟသ်ာတခရိုင်မှာ စစ်ရေးအတွက် တာဝန်ယူရတဲ့ ပြောက်ကျားဗိုလ်ရဲ့တပ်ကို ငွေငါးထောင်တစ်လီ, နောက် သုံးထောင်တစ်လီ ဒေါက်တာ ထောက်ပံ့ကူညီခဲ့တယ်''

''တယ်လည်းတိကျပါကလား''

''နောက်ပြီး ဟသ်ာတခရိုင်လှုပ်ရှားမှုတွေမှာ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ဆေးဘက် တာဝန်ယူခဲ့တဲ့အပြင် ဂျပန်ကက်ပတိန် တစ်ယောက်နဲ့ ကြယ် (၃) ပွင့်နစ်ယောက်ကို ခင်ဗျားကိုယ်တိုင် သုတ်သင်သတ်ဖြတ်ခဲ့သေးတယ်''

''အံ့ဩလာပြီခင်ဗျာ''

ဟသ်ာတကို ကက်(စ်)ဘီလည်းဝင်ရော ဒေါက်တာ လည်း ရန်ကုန်ပြန်ပြီး ဆေးတိုက်ပြန်ဖွင့်ရော၊ ကျွန်တော် ပြော နေတာတွေဟာ မှန်ပါရဲ့လားခင်ဗျာ''

''ထူးလည်းထူးတဲ့ လူပါပဲဗျာ၊ ကျွန်တော့်အကြောင်း ဒါလောက် ခရာစေ့တွင်းကျသိထားတာ အကြောင်းတစ်ခုတော့ ရှိပြီထင်တယ်၊ ဒါပေမဲ့ ခင်ဗျားနာမည်ကိုသာပြောပြီး ဘယ်သူ ဘယ်ဝါဖြစ်သလဲဆိုတာကိုတော့ ကျွန်တော် မသိရသေးပါလား''

ကိုဝင်းသန်းသည် ကုလားထိုင်နောက်မှီတွင် ကျောကို ကပ်၍ ဆေးပြင်းလိပ်တစ်လိပ်ကို ဖွာရှိုက်နေရာမှ အနည်းငယ် ပြုံးလိုက်ပြီးနောက် ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြန်ပြီးလျှင် ...

''ကျွန်တော်ဟာ ဒေါက်တာရဲ့ရန်သူတစ်ယောက် မဟုတ်ဘူးဆိုရင် ဒေါက်တာ ကျေနပ်မယ်မဟုတ်လား''

ဟု မေးလိုက်ပေ၏။

''ကိစ္စကကောဗျာ''





''ကျွန်တော့်အပေါ် မယုံသင်္ကာစိတ်တွေတော့ မရှိပါဘူး နော်''

''နည်းနည်းယုံချင်သလိုလိုတော့ ဖြစ်လာပါပြီ၊ ဒါပေမဲ့ ဗျာ ဇဝေဇဝါဖြစ်နေတာကတော့ သိပ်မပျောက်ချင်သေးဘူး ခင်ဗျ''

''ဘာပြုလို့လဲဗျာ''

''ညတုန်းကလည်း ဟိုဘက်ဘန်ဂလိုထဲမှာ လူတစ် ယောက် ထူးထူးဆန်းဆန်း သေသွားတယ်ခင်ဗျ၊ ခေတ်ကြီးက အလိုလိုမှ စိတ်မချရသေးတော့ ...''

''ကျွန်တော့်ကိုတော့ စိတ်ချနိုင်ပါတယ်၊ ကျွန်တော်ဟာ ဒေါက်တာကို အကူအညီတောင်းရအောင်လာတဲ့ ဒုက္ခသည် သုံးရာကျော်ရဲ့ ကိုယ်စားလှယ်တစ်ယောက်ပါ၊ ဘယ့်နှယ်လဲ ... ယုံနိုင်ပြီ မဟုတ်လား''

ကျွန်ုပ်သည် ဦးခေါင်းကိုညိတ်လျက် ကိုဝင်းသန်း၏ စိတ်အားထက်သန်နေသော မျက်နှာအမူအရာကို အကဲခတ်၍ နေမိပေ၏။

စိတ်အားထက်သန်နေသူမှာ ကိုဝင်းသန်း တစ်ဦးတည်း သာ မဟုတ်။ ကျွန်ုပ်ကိုယ်တိုင်လည်း နှလုံးသွေးများ တဒိန်းဒိန်း



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်နေကြောင်းကို ဖော်ပြရပေလိမ့်မည်။

ကိုဝင်းသန်းသည် စောစောကထက် ကျုံ့နိုပ်နှင့် ပို၍ နီးကပ်လာအောင် ၎င်း၏ကုလားထိုင်ကို ဆွဲ၍ယူပြီးနောက် အသံကို စောစောကထက် နှိမ့်လိုက်ပြီး . . .

''ဒေါက်တာရဲ့ တော်လှန်ရေးအပေါ်မှာ ယုံကြည်တဲ့ စိတ်ဓာတ်ကို ကျွန်တော် ကောင်းကောင်းနားလည်လို့ အခုလို အကူအညီလာတောင်းတာပါပဲ၊ ဒီနေရာကနေ မိုင် (၅၀) ကျော်ကျော်လောက်ဝေးတဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ ကျွန်တော်တို့တပ်တစ်တပ်လုံး ဒုက္ခရောက်နေပါတယ်၊ ဒါကြောင့် ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ဒေါက်တာမှ လိုက်မလာရင် မဖြစ်တော့ဘူး ခင်ဗျ''

''ကိုဝင်းသန်းရဲ့တပ်ဆိုတာက ဘာတပ်လဲဗျ''

''ဂျပန်ကို တနင်္သာရီဘက်မှာ တော်လှန်ပြီး အခုထက်ထိ မြေအောင်းနေတဲ့ တပ်တစ်တပ်ဆိုပါတော့ ဒေါက်တာ၊ လွတ်လပ်ရေးမရမချင်း ကျွန်တော်တို့တပ်ဟာ မြေပေါ် မတက်သေးဘူး၊ ရှင်းပါတယ်နော်''

''ရှင်းပါပြီ ရှင်းပါပြီ . . . ဒုက္ခရောက်နေတယ်ဆိုတာက ကောဗျာ''





''ပလိပ်ရောဂါ ရုတ်တရက် ဝင်ရောက်လာပြီး တော်လှန်ရေးတပ်သားအယောက် (၂၀) ချက်ချင်းသေသွားတယ်ခင်ဗျ၊ ကျွန်တော်တို့ အခု ဒီကိုထွက်လာချိန်မှာ လူ (၁၀) ယောက် ပလိပ်ရောဂါ ကူးစက်နေပါတယ်၊ ကျွန်းပေါ်မှာရှိတဲ့တပ်သားတွေကို အမြန်ဆုံး ကယ်ရအောင် ဒေါက်တာ မလိုက်လာရင် တစ်ကျွန်းလုံး ဒုက္ခရောက်တော့မှာပဲဗျာ''

''တယ်ဆိုးပါလားဗျာ''

''လိုက်မယ်မဟုတ်လား ဒေါက်တာ''

''တကယ်လို့ ကျွန်တော်မလိုက်ဘူးဆိုရင်ကော''

''မလိုက် လိုက်အောင် တောင်းပန်ပြီး ခေါ်ရမှာပါပဲ ခင်ဗျာ၊ လိုက်ဖြစ်အောင် လိုက်ခဲ့ပါ ဒေါက်တာ''

ကိုဝင်းသန်းဆိုသူက အသနားခံသော အမူအရာဖြင့် အထပ်ထပ် ခေါ်နေသဖြင့် ကျုံ့နိုပ် သူ့ကို အားနာသွားမိ၏။

''ဒီလိုဆို ကျွန်တော်တို့ ဘယ်လိုဘယ်ပုံနည်းနဲ့ သွားကြရမှာလဲ၊ အဲဒီကျွန်းကို ဘာကျွန်းလို့ခေါ်သလဲ၊ နောက်ပြီး ကျွန်တော် ဒီထားဝယ်ဘက်ကို ဘယ်လိုလုပ်ပြန်ရမှာလဲ''

''သွားရဖို့ကိစ္စကိုတော့ ကျွန်တော့်ရဲ့တာဝန်လို့ပဲ ထားပါ၊ စခန်းချထားတဲ့ ကျွန်းနာမည်ကိုတော့ ကျွန်တော့်အနေနဲ့ ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြောပိုင်ခွင့် မရှိပါဘူး ခင်ဗျ၊ ဒေါက်တာ ဆေးကုသပြ
ပြန်တဲ့အခါ ကျွန်တော်ပဲ လိုက်ပို့ရမှာပေါ့ဗျာ''

''ဒါနဲ့ နေပါဦးဗျ ... ဒီကိစ္စကို ကျွန်တော်ကတစ်ဆ
ပေါက်ကြားသွားမှာ မစိုးရိမ်ဘူးလား''

ဤတွင် ကိုဝင်းသန်းသည် ကိုယ်ကို ကုလားထိုင်
နောက်မှီ၌ အေးဆေးစွာလှဲ၍ချလိုက်ပြီးနောက် အေးဆေးသော
အသံနှင့်ပင် ...

''ဒေါက်တာကိစ္စပြီးလို့ ထားဝယ်မြေပေါ် ပြန်ရောက်တဲ့
အခါ နဂိုက သစ္စာဖောက်မယ်လို့ စိတ်ကူးထားခဲ့ရင်တော့
အဲဒီစိတ်တွေကို ဒေါက်တာ အများကြီး စက်ဆုပ်နေတဲ့ လူတစ်
ယောက်ဖြစ်နေပါလိမ့်မယ်၊ နောက်ပြီး ဒေါက်တာဟာ ဒီလောက်
မယုတ်မာဘူးဆိုတာကို ကျွန်တော်တို့ နားလည်ပြီးသားပါ၊ ဒါ
ကြောင့်လည်း အခုလိုလာခေါ်တာပေါ့ ...၊

ဒီအထဲက သစ္စာဖောက်ချင်တယ်ဆိုရင်တော့ ကျွန်
တော်တို့လူတွေဟာ မြန်မာပြည်တစ်ပြည်လုံး အနှံ့အပြားမှာ
ရှိနေတယ်ဆိုတာ ပြောထားပါရစေ၊ ထားဝယ်ကို ဒေါက်တာ
စရောက်တဲ့နေ့မှာပဲ မိုင်ငါးဆယ်ကျော်ဝေးတဲ့ ကျွန်တော်တို့ဆီကို
နေ့ချင်းသတင်းရောက်လာနိုင်ပုံကိုထောက်ရင် ကျွန်တော်တို့





အလုပ်ဟာ ကလေးကစားသလိုမျိုး မဟုတ်ဘူးဆိုတာ ဒေါက်တာ
နားလည်ရောပေါ့''

ဟု ကျွန်ုပ်၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၍ ပြောဆို
လေ၏။

ကျွန်ုပ်သည် ချီတုံချတုံ အပြန်အလှန်စဉ်းစားပြီး နောက်
ဆုံးတွင် လိုက်ပါသွားရန် သဘောတူဆုံးဖြတ်လိုက်လေ၏။

''ကျုပ်တို့ ဘယ်တော့သွားရမှာလဲ''

''သွားဆိုရင် အခုညတွင်းချင်းဆိုသလို သွားရလိမ့်မယ်
ခင်ဗျ၊ ညကိုးနာရီတိတိအချိန်မှာ ကျွန်တော်တို့သွားဖို့ စီစဉ်ပြီး
ပါပြီ''

ဟု ကိုဝင်းသန်းက သူ့အစီအစဉ်ကို ပြောပြလေ၏။

ကျွန်ုပ်မှာ မောင်ထွန်းသိန်း (ဖင်မဲ) အတွက် လွန်စွာမှ
စိုးရိမ်ပူပန်သွားပြန်၏။

''ကျွန်တော့်တပည့်လေး မောင်ထွန်းသိန်းကိုပါ ဒီခရီး
မှာ ခေါ်လာနိုင်ပါတယ်နော်''

''မောင်ထွန်းသိန်းကိုလား ... ဒီ မောင်ထွန်းသိန်းကို
တော့ ထားဝယ်မြို့ပေါ်ကို ပြန်လွှတ်လိုက်ပါ ဒေါက်တာ၊ သူက
တခြားလူမှ မဟုတ်ဘဲ ... ကျွန်တော်တို့ဂိုဏ်းက လူပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အံ့သြ၍မျှမဆုံးသေးမီ မောင်ထွန်းသိန်း (ဖင်မဲ)သည် မျက်နှာထားပြုံးစိစိဖြင့် ကျွန်ုပ်တို့နှစ်ယောက်၏ရှေ့မှောက်သို့ လာ၍ရပ်ပေ၏။

ကိုဝင်းသန်းကား ကျွန်ုပ်နှင့်ဖင်မဲတို့အား တစ်ယောက်တစ်လှည့်ကြည့်ရင်း အလွန်သဘောကျဟန်ဖြင့် ရယ်မောလျက်ရှိပေ၏။

''တတ်လည်းတတ်နိုင်တဲ့ လျှို့ဝှက်သူလျှိုကိုက်ဆားကဆရာတပည့်တွေပါကလား''

ဟူ၍ ကျွန်ုပ်မှာ မှတ်ချက်ချလိုက်ရပါတော့သတည်း။

❊ ❊ ❊



ပင်လယ်ကျွန်းပေါ်အသွား



အစီအစဉ်မှာ ...

နောက်တစ်နေ့နံနက်တွင် ...

မောင်ထွန်းသိန်း (ဖင်မဲ)သည် ကျွန်ုပ်ထံမှ စာတစ်စောင်ယူ၍ ထားဝယ်မြို့ပေါ်ရှိ ညီမ မချိုတူးတို့ထံ ပြန်သွားရန်ဖြစ်ပေ၏။

စာထဲ၌ ကျွန်ုပ်က ရေးပေးလိုက်ရန်မှာ ကျွန်ုပ်သည် ချောင်းနေဖက်သူငယ်ချင်းတစ်ဦးနှင့် အဆင်သင့်တွေ့၍ ထိုသူအတူ ခရီးကြုံကြိုက်သည်ဖြစ်သောကြောင့် ပင်လယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ခရီးဆက်လက်ထွက်ခွာသွားကြောင်း၊ ခရီးမှာ ရက်အနည်း ငယ်ကြာမည်ဖြစ်ကြောင်း ရေးသားပေးပို့လိုက်ရန်ဖြစ်၏။

ထို့နောက် ကျွန်ုပ်ဒေါက်တာရန်နိုင်စိုးသည် ထိုည ကိုး နာရီတိတိတွင် ကိုဝင်းသန်းတို့ ခေါ်ဆောင်ရာသို့ ဆေးသေတ္တာကို ယူ၍ လိုက်ရန်ပင်ဖြစ်၏။

ကျွန်ုပ်၏ဆေးသေတ္တာထဲတွင် ပလိပ်ရောဂါကာကွယ် ဆေးတို့မှာ အလွန်ပင်နည်းပါးလှစွာ ပါရှိလာပေ၏။ သို့ပါသော် လည်း ကိုဝင်းသန်းက လိုအပ်သောဆေးများကို ၎င်းကိုယ်တိုင် ပင် ကြိုတင်၍ စုဆောင်းဝယ်ယူပြီးဖြစ်ကြောင်း ပြောဆိုသဖြင့် ဤကိစ္စအတွက် ပူပန်ဖွယ်ရာမရှိတော့ချေ။

ကိုဝင်းသန်းသည် ကျွန်ုပ်ထံမှ ည (၇) နာရီခွဲ လောက် တွင် ပြန်သွား၏။ ထိုအခါကျမှ တပည့်ဖင်မဲသည် ကျွန်ုပ်အတွက် ထမင်းဟင်းများ ချုံးခပ်ပြင်ဆင်ထားပြီး ဖြစ်သည့်အပြင် ကျွန်ုပ်၏ ခရီးအတွက် လိုအပ်သောဆေးသေတ္တာနှင့် အသုံးအဆောင်များ ကို ပြင်ဆင်ထည့်သိုထားပြီးဖြစ်ကြောင်း တွေ့ရှိရပေ၏။

ည (၈) နာရီကျော်ကျော်ခန့်တွင် ကျွန်ုပ်သည် ကိုဝင်း သန်း လာခေါ်လျှင် အသင့်လိုက်ပါသွားရန် ပြင်ဆင်ထားပြီး ဖြစ်၍နေပေ၏။





မောင်ထွန်းသိန်းသည် လမ်းခရီးတွင် ကျွန်ုပ်သောက်ရန် ဓာတ်ဘူးနှင့်အပြည့် ကော်ဖီများကို ဖျော်ထည့်ပြီးနောက် အိပ်ရာ လိပ်ကို ပြင်ဆင်ထုပ်ပိုးလျက်ရှိစဉ် အပြင်မှ တံခါးခေါက်သံကို ကြားရပေ၏။

ကျွန်ုပ်သည် ကိုဝင်းသန်းဆိုသူ ရောက်ရှိလာပြီး ဖြစ် ကြောင်း သိရှိရသဖြင့် တံခါးဆီကို သွားရောက်၍ ကျွန်ုပ်ကိုယ် တိုင်ပင် ဖွင့်ပေးလိုက်ပေ၏။

တံခါးဖွင့်ရန်သွားစဉ် ကျွန်ုပ်၏ရင်ဘတ်တစ်ခုလုံးသည် အဘယ်မျှ တဒိတ်ဒိတ်တုန်လှုပ်သွားသည်ကိုကား အထူးမရေး သားလိုတော့ပေ။

မင်းတုပ်ချထားသော တံခါးကိုဖွင့်လိုက်သည့်အခါမှာမူ ကျွန်ုပ်၏တွေးထင်ထားချက်တို့ကား တက်တက်စင်အောင်ပင် လွဲမှားနေကြောင်း တွေ့ရှိရပေတော့၏။

တံခါးဝ၌ ရပ်နေသူတို့မှာ ကျွန်ုပ်စောင့်လင့်နေသော ကိုဝင်းသန်းဆိုသူ မဟုတ်ချေ။ လက်ဆွဲသေတ္တာအိတ်ကိုယ်စီဖြင့် ရပ်နေသော တရုတ်လူမျိုးနှစ်ယောက်သာ ဖြစ်နေပေ၏။

''ဘန်ဂလိုမှာတက်လာပြီထင်တယ် ပေါက်ဖော် (တရုတ်ကြီး) တို့''



www.burmeseclassic.com

www.burmeseclassic.com



"မီဟုတ်ပါဘူးခိဗျာ ... ဒီ ဘန်ကီလိုပါပဲ၊ ဒီဟာ ထားဝယ်က ကိုတင့်ဆွေဘန်ကီလို မီဟုတ်လား"

ကျွန်ုပ်မှာ အရေးထဲတွင် အနှောင့်အယှက်နှင့် လာ၍တွေ့နေရသဖြင့် များစွာပင် စိတ်ရှုပ်သွားမိပေ၏။

"လု,က ဦးတင့်ဆွေရဲ့ယောက်ဖ မီဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အို လု ... အခု ဘယ်စွားမီလို့လဲ၊ လု ပင်လယ်ကျွန်းပေါ်ကို စွားမီလို့ မီဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

တရုတ်တစ်ယောက်သည် ကျွန်ုပ်တို့ဆရာတပည့် နှစ်ယောက် ပြင်ဆင်ထားသော ဝန်စည်စလယ်များကိုကြည့်၍ မေးလျက်ရှိပြန်ရာ ကျွန်ုပ်မှာ စိတ်များပင် တို၍လာပေ၏။

ဤအချိန်မျိုးတွင် ကိုဝင်းသန်းတို့သာ ရောက်လာခဲ့သော် အခြေပျက်ရချည်ရဲ့ဟုလည်း တွေးတော၍ ထိတ်လန့်လာမိပေ၏။

"လုကို ခုနက လူတစ်ယောက်လာခေါ်တယ်လေ၊ အဲဒီလူနဲ့ လု အခု ခရီးသွားမယ်မီဟုတ်လား"

ဤကဲ့သို့ တရုတ်တစ်ယောက်က မေးလိုက်သောအခါ၌





ကျွန်ုပ်၏တုန်လှုပ်ခြင်းမှာ ပြောဖွယ်ရာမရှိတော့ချေ။

ကျွန်ုပ်သည် အံ့ဩခြင်း၊ ဒေါသထွက်ခြင်း၊ တုန်လှုပ်ခြင်းတို့ ရောပြွမ်းလျက် ထိုတရုတ်အား မျက်လုံးပြူးကြည့်လိုက်ရာ တရုတ်သည် အလွန်သဘောကျသောအမူအရာဖြင့် ခွက်ထိုးခွက်လန် ရယ်လိုက်ပြီးနောက် နဂိုအသံသို့ပြောင်းလျက် ...

"ဘယ့်နှယ် ... တရုတ်တစ်ယောက်ပုံစံနဲ့ တူရဲ့လား ဗျို့"

ဟု ကျွန်ုပ်အား မေးပေ၏။

ထိုတရုတ်အသွင်ဆောင်ထားသူကား အခြားသူမဟုတ်၊ ကိုဝင်းသန်းဆိုသူပင် ဖြစ်ပေ၏။

ကိုဝင်းသန်းသည် သူ၏နောက်တွင်ပါလာသော အဖော်အား အခန်းတွင်းသို့ ခေါ်ခဲ့ပြီးနောက် ထိုသူမှာ ၎င်း၏ အဖော်ကိုမြသိန်းဖြစ်ကြောင်းနှင့် ကျွန်ုပ်အား မိတ်ဆက်ပေးလေ၏။

၎င်းနောက် ကိုဝင်းသန်းက မိမိတို့ ဤသို့ တရုတ်လိုရုပ်ဖျက်ဝတ်ဆင်လာကြခြင်းမှာ ထားဝယ်သို့အသွား လမ်းခရီးတွင် တွေ့ကောင်း တွေ့ရအံ့သော အနှောင့်အယှက်များအတွက် ကြိုတင်ကာကွယ်ထားရခြင်းပင် ဖြစ်ပါကြောင်း ကျွန်ုပ်အား ရှင်းပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တူလည်းတူပါပေ့ဗျာ၊ ဒါနဲ့ ကျုပ်ကော ရုပ်ဖျက်နေရဦးမှာလား"

"ရှေ့လျှောက်ပင်လယ်ခရီးထွက်ရမှာမို့ မလိုအပ်ပါဘူးခင်ဗျာ၊ ဟော . . . ဘာလိုလိုနဲ့ ရှစ်နာရီခွဲသွားပြီနော်၊ ဒေါက်တာ့အနေနဲ့ ခရီးသွားဖို့ အဆင်သင့်ပဲမဟုတ်လား"

"အဆင်သင့်ပါပဲဗျာ"

သို့ဖြင့် အတန်ကြာသောအခါမှာမူ ကျွန်ုပ်တို့လေးယောက်သားသည် ပင်လယ်ကမ်းစပ်၌ တစ်စုံတစ်ခုကိုစောင့်စားရင်း ရောက်ရှိနေကြပေ၏။

လဆုတ်ရက်ဖြစ်သောကြောင့် လက ကောင်းစွာမထွက်သေး။ ကြယ်ရောင်များသည် မှုန်မွှားသောအလင်းရောင်ကို ပေးလျက်ရှိပေ၏။ လေတဟူးဟူးတိုက်ခတ်နေသော ပင်လယ်ကမ်းစပ်တွင် ကျွန်ုပ်တို့သည် စကားမပြောဖြစ်ကြဘဲ ချမ်းအေးလှစွာဖြင့် ရပ်နေကြရပေ၏။

ချမ်းအေးသောဆောင်းရာသီ ဖြစ်သည်ကတစ်ကြောင်း၊ လေအလွန်ပြင်းထန်နေသော ပင်လယ်ကမ်းစပ်တွင် ရောက်ရှိနေကြသည် တစ်ကြောင်းကြောင့် ကျွန်ုပ်တို့လေးဦးသားမှာ ချမ်းလွန်းသဖြင့် ခိုက်ခိုက်တုန်လျက် ရှိပေ၏။





ကျွန်ုပ်သည် အမှောင်ထဲတွင် ရေးရေးမျှသာမြင်နေရသော ကိုဝင်းသန်း၏မျက်နှာကိုတစ်လှည့်၊ ဒီလှိုင်းများ တဝုန်းဝုန်းနှင့် မာန်ကြွနေသော ပင်လယ်ပြင်ကြီးဆီသို့တစ်လှည့် ကြည့်ရှုနေမိ၏။

ကိုဝင်းသန်းသည် မိမိ၏လက်ပတ်နာရီကို မကြာခဏငုံ၍ ငုံ၍ကြည့်နေသည်ကိုလည်း တွေ့ရပေ၏။

အတန်ကြာသောအခါ ကိုဝင်းသန်းမှ . . .

"ကိုးနာရီထိုးပြီဗျို့ . . . အချိန်ရောက်ပြီ"

ဟု အသံကိုအုပ်၍ပြောဆိုကာ ခါးတွင်ထိုးလာသော လက်နှိပ်ဓာတ်မီးကို ထုတ်ယူ၍ ပင်လယ်ဘက်ဆီသို့ သုံးကြိမ်သုံးခါမျှ မိတ်ချည် လင်းချည် ထိုး၍ပြလိုက်ပေ၏။

မရှေးမနှောင်းပင် ကျွန်ုပ်တို့နှင့် နှစ်ဖာလုံခန့်မျှ ကွာဝေးသော ပင်လယ်ထဲမှ သေးငယ်သောအလင်းရောင်ကလေးတစ်ခုသည် သုံးကြိမ်သုံးခါမျှ မိတ်ချည်လင်းချည်ဖြင့် ပေါ်လာပြီးနောက် ပြန်၍ငြိမ်သွားပေ၏။

ထိုခဏ၌ တဂူးဂူးတိုက်ခတ်နေသောလေသံများနှင့် တဝုန်းဝုန်းပုတ်နေသော ဒီလှိုင်းသံများအကြားတွင် ကျွန်ုပ်တို့သည် ကမ်းဘက်ဆီသို့ ဦးတည်၍ ခုတ်နှင်လာနေသော မေ



www.burmeseclassic.com

www.burmeseclassic.com



တော်ဘုတ်ကလေးတစ်စင်း၏အသံကို ကြားကြရပေ၏။

''လာပြီဗျို့ လာနေပြီ''

ကိုဝင်းသန်းသည် ကျွန်ုပ်၏လက်အား ဝမ်းသာခြင်းနှင့် ရင်းနှီးခြင်း ရောပြွမ်းသောအထိမ်းအမှတ်ဖြင့် ရုတ်တရက်လှမ်း၍ ဖျစ်ညှစ်လိုက်ရာ ကျွန်ုပ်၏နှလုံးသားမှာ ထိုအချိန်၌ အလျင်မြန်ဆုံးသော ခုန်ခြင်းဖြင့် လှုပ်ရှားသွားတော့၏။

မကြာမီ မော်တော်စက်သံသည် တဖြည်းဖြည်း နီးကပ်ကျယ်လောင်လာပြီး နောက် ငါးမိနစ်ခန့်ကြာသောအခါ ကျွန်ုပ်တို့နှင့် ပေ (၃၀) လောက်အကွာ၌ ရုတ်တရက်အသံရပ်သွားပြီးလျှင် မီးနီကလေးတစ်လုံးသည် ကျွန်ုပ်တို့ဘက်ဆီသို့ သုံးခါမျှပင် မှိတ်တုတ် မှိတ်တုတ်နှင့် အချက်ပြလျက်ရှိနေသည်ကို တွေ့ရှိရပေ၏။

''ကိုင်း ဒေါက်တာရေ ... မော်တော်ကတော့ ဒီနေရာအထိ မလာနိုင်ဘူး၊ ရေတိမ်တယ်၊ ရေထဲဆင်းပြီးသွားမှ ဖြစ်လိမ့်မယ်ခင်ဗျ''

ကိုဝင်းသန်းသည် ၎င်းကိုယ်တိုင် ဘောင်းဘီကို ဒူးအထိ ဆွဲ၍တင်ပြီးနောက် ရှေ့ဆုံးမှနေ၍ ရေထဲသို့ ဆင်းသွားလေ၏။

ကျွန်ုပ်တို့လည်း အလားတူပင် ၎င်း၏နောက်သို့ဆင်း၍





လိုက်ကြရ၏။ မောင်ထွန်းသိန်းသည် ဆေးသေတ္တာနှင့် အိပ်ရာလိပ်ကို ကျွန်ုပ်၏နောက်မှ ထမ်းပိုးလျက် လိုက်ပါလာလေ၏။

မော်တော်လေးကမူ ကျွန်ုပ်တို့အနီးဆီသို့ ချဉ်းကပ်မိသည်နှင့်တစ်ပြိုင်နက် ပြန်လှည့်၍ စက်နှိုးလျက်ရှိနေလေပြီ။

ကိုဝင်းသန်းသည် မော်တော်တက်မကိုင်ကို တစ်စုံတစ်ရာ တီးတိုးလှမ်း၍ ပြောဆိုပြီးနောက် ကျွန်ုပ်အား မော်တော်ပေါ်သို့ တက်ရောက်စေ၏။ ခဏချင်းမှာပင် မော်တော်လည်း ထွက်တော့သည်။

ထိုညဥ့်မှ အခြင်းအရာများကား ကျွန်ုပ်၏တစ်သက်တွင် မေ့ပျောက်နိုင်ဖွယ်ရာမရှိတော့ပေ။

ကျွန်ုပ်သည် ကမ်းဆီသို့ လှမ်းကြည့်လိုက်သောအခါ၌ ကမ်းစပ်တွင် အစီအရီပေါက်နေသော အုန်းပင်များကြားတွင် လဆုတ်လတစ်ခြမ်းလေးသည် အမှောင်ထုကို ခွင်းစပြုလျက်ရှိနေပေ၏။

ရေထဲတွင် ကိုယ်တစ်ပိုင်းမြုပ်နေသော မောင်ထွန်းသိန်း (ဖင်မဲ) သည် အုန်းပင်များကို နောက်ခံထားလျက် ကျွန်ုပ်တို့အား လက်တစ်ဖက်ကို မြှောက်ရင်း ဝှေ့ယမ်း၍ ပြနေသည်။

၎င်း၏မျက်နှာတစ်ခြမ်းသည် လရောင်ဖြင့်ဖွေးလျက် ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေပေ၏။

မီးကလေး မှိတ်တုတ် မှိတ်တုတ်နှင့် ကျန်ရစ်ခဲ့သော ကျွန်ုပ်တို့၏ဘန်ဂလိုကား ယိမ်းယိုင်လှုပ်ရှားနေသည့် အုန်းပင်များ၏အကြား၌ တိတ်ဆိတ်ငြိမ်သက်လျက် ကျန်နေရစ်ခဲ့ပေသတည်း။

❋ ❋ ❋



## ခုနစ်စဉ်ကြယ်နီတံဆိပ်

မော်တော်စတင်ထွက်ခွာလာခဲ့သောအချိန်ကား ကျွန်ုပ်၏လက်ပတ်နာရီတွင် ၉ နာရီနှင့် မိနစ် ၂၀ ကို ပြသလျက်ရှိ၏။

ဆိတ်ငြိမ်၍ကျန်ရစ်ခဲ့သော ပင်လယ်ကမ်းရိုးတန်းပေါ်ရှိ တောတန်းနှင့် လက်ပြကျန်ရစ်ခဲ့သော မောင်ထွန်းသိန်းကို ကျောခိုင်းခဲ့ပြီးနောက် မော်တော်ကလေး၏သယ်ဆောင်ရာသို့ လိုက်ပါခဲ့ကြရပေရာ ပင်လယ်ခရီး၏ တောင်မြောက်ဝဲယာကို မကျွမ်းကျင်သော ကျွန်ုပ်မှာ အဘယ်အရပ်ဆီသို့ ဦးလှည့်ခုတ်နှင်လျက်ရှိသည်ကို မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာသည့်အခါမှာမူ ပင်လယ်လှိုင်းများ၏လှုပ်ရှားခြင်းသည်သာ ကျွန်ုပ်၏ငိုက်မျဉ်းခြင်းကို တစ်စတစ်စဖြင့် အိပ်ပျော်ခြင်းအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားစေပေတော့၏။

မည်မျှကြာမြင့်ခဲ့သည် မသိ ...။

ကျွန်ုပ်၏ကိုယ်ပေါ်သို့ ရေစက်များ 'ရွှဲခနဲ ရွှဲခနဲ' ကျလာသဖြင့် လန့်၍နိုးလာ၏။

ထိုအခါ ကျွန်ုပ်တို့၏မော်တော်ကလေးသည် ကြီးမားသောလှိုင်းလုံးကြီးများအကြား၌ အလွန်လျင်မြန်သောအရှိန်ဖြင့် စက်ကုန် ခုတ်နှင်လျက်ရှိနေကြောင်းကို တွေ့ရှိရပေ၏။

ခပ်စောစော ညဦးလောက်ဆီက ကျွန်ုပ်၏အနီးတွင်ရှိနေကြသော ကိုဝင်းသန်းနှင့် အမည်မသိလူတစ်ယောက်တို့ကား ကျွန်ုပ်နိုးလာသောအချိန်၌ ဦးပိုင်းတွင် တစ်ယောက်၊ ပဲ့ပိုင်းတွင် တစ်ယောက် နေရာပြောင်း၍ထိုင်နေကြသည်ကို တွေ့မြင်ရ၏။

ပဲ့ပိုင်းတွင်ရောက်နေသော ကိုဝင်းသန်းမှာ မော်တော်၏နောက်ဘက်ဆီသို့ မတုန်မလှုပ် စူးစိုက်၍ကြည့်နေသည်ကို တွေ့ရှိရသည့်အတွက် အကြောင်းမည်သို့ထူးသည်ကို ကျွန်ုပ်က လှမ်း၍မေးလိုက်၏။





ကိုဝင်းသန်းသည် ကျွန်ုပ်နိုးလာကြောင်း သိရသည်နှင့် ကျွန်ုပ်ဆီသို့ ထ၍လာလေ၏။

''အရေးမကြီးပါဘူး၊ စောစောကတော့ ကျွန်တော်တို့ရဲ့ မော်တော်ကို နောက်ယောင်အလိုက်ခံရသေးတယ်''

''အို ... ဟုတ်လား''

''အင်္ဂလိပ် ကင်းလှည့်စစ်သင်္ဘောတစ်စင်းနဲ့ သွားတွေ့လို့ မီးမောင်းထိုးပြီး ဘယ်ကလာတာလဲ, ဘာလဲနဲ့ အချက်ပြပြီး လှမ်းမေးတယ်၊ ကျွန်တော်တို့က မဖြေတော့ သူတို့ ထွက်လိုက်လာတယ်၊ ကျွန်တော်တို့မော်တော်ကလည်း လှည့်ပတ်ပြီး အတင်းမောင်းပြေးခဲ့တယ်၊ အခုတော့ ဝေးကျန်ရစ်ခဲ့ပါပြီ၊ ကျွန်တော်တို့က နယ်မြေခံပဲ၊ ကျွန်းတွေထဲ လှည့်ပတ်ပြေးမောင်းသွားနိုင်တော့တာပေါ့ဗျာ''

''ကျွန်တော့်ကို ဘာပြုလို့ မနှိုးတာလဲဗျာ''

''ဒေါက်တာ အိပ်ရေးပျက်သွားမှာစိုးလို့ပါ''

ကျွန်ုပ်လည်း နာရီကိုကြည့်လိုက်သောအခါ နာရီပြန်တစ်ချက်တီး၍နေပြီကို တွေ့မြင်လိုက်ရပေ၏။

တပည့်ကျော်ဖင်မဲ ထည့်၍ပေးလိုက်ရှာသော ကော်ဖီကို သောက်မည်ပြုသော်လည်း လှိုင်းမူးကာ အော့ချင်၊ အန်ချင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသောကြောင့် မသောက်နိုင်တော့ချေ။

မကြာမီပင် ကျွန်ုပ်မှာ ငိုက်မျဉ်းလာပြန်သောကြောင့် အိပ်ပျော်သွားပြန်သည်။

မည်မျှကြာကြာ အိပ်ပျော်သွားခဲ့သည် မသိ . . . ကျွန်ုပ်အား တစ်စုံတစ်ယောက်က လှုပ်၍နိုးနေသဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ၌ ကိုဝင်းသန်းသည် ကျွန်ုပ်အား ပြုံး၍ ကြည့်နေသည်ကို တွေ့ရှိရပေ၏။

"ရောက်ပြီလား ကိုဝင်းသန်း"

"ပထမစခန်းတစ်ခုတော့ ရောက်ပြီဗျို့၊ ကျွန်တော်တို့ သဘော်ပြောင်းစီးရလိမ့်မယ်"

ကျွန်ုပ်သည် အိပ်ရာမှ လူးလဲ၍ထပြီးနောက် လက်ပတ်နာရီကိုကြည့်လိုက်သောအခါ၌ နံနက်အရုဏ်ဦး (၄) နာရီခွဲပြီးစ ရှိလေပြီကို တွေ့ရှိရပေ၏။

ထိုအချိန်တွင် ကျွန်ုပ်တို့၏ မော်တော်ကလေးသည်လည်း စက်ရပ်လျက် ရေပေါ်တွင် ဖြည်းညင်းစွာမျောနေကြောင်း သတိပြုမိလိုက်သည်။

ကိုဝင်းသန်းက ကျွန်ုပ်အား မော်တော်လေး၏ဦးဘက်သို့ လက်ညှိုးညွှန်ကာ ပြလိုက်၏။





ကျွန်ုပ်သည် မျက်လုံးများကိုပွတ်သပ်၍ ကိုဝင်းသန်း ညွှန်ပြလျက်ရှိသော မော်တော်၏ဦးတည့်တည့်သို့ လှမ်း၍ကြည့်လိုက်၏။

ကျွန်ုပ်တို့နှင့် ကိုက် (၅၀) ခန့်အကွာလောက်တွင် စက်သင်္ဘောနှင့် အလားသဏ္ဍာန်တူသော သင်္ဘောတစ်စင်းသည် ကျွန်ုပ်တို့အား ဘေးတိုက်အနေအထားဖြင့် ရပ်တန့်လျက်ရှိသည်ကို လရောင်ဖြင့် ကောင်းမွန်စွာမြင်တွေ့လိုက်ရပေ၏။

ထိုတစ်ခဏ၌ ကျွန်ုပ်သည် သင်္ဘော၏ဦးပိုင်းဆီသို့ အကြည့်ရောက်သွားပေ၏။

သင်္ဘောဦးတွင် တွေ့မြင်ရသောသဏ္ဍာန်တစ်ခုမှာ . . . ကျွန်ုပ်အား "အလို"ဟု ယောင်ယမ်း၍ အော်ဟစ်မိလိုက်စေတော့၏။

ကျွန်ုပ်မြင်ရသောသဏ္ဍာန်ကား လုည်းဘီးတစ်ဘီးစာခန့် အဝန်းအဝိုင်းရှိ၍ လရောင်တွင် နီရဲသောအဆင်းဖြင့် တဖိတ်ဖိတ် တောက်နေသော ဖောင်းကြွသည့် ကြယ်နီတံဆိပ်ကြီးပင် ဖြစ်ပါတော့သတည်း။

ထိုတံဆိပ်ကြီးမှာကား ကြယ်နီကြီးပင် ဖြစ်လျက် ကျွန်ုပ်တို့ဘက်ဆီသို့ မျက်နှာမူလျက် ရှိနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အလို ကိုဝင်းသန်း . . . ဒီသဘော်က ကြယ်နီရှင်
သခင်မရဲ့သဘော် မဟုတ်လားဗျာ"

"ဟုတ်တယ်လေ၊ ဒါ ကြယ်နီရှင်သခင်မရဲ့ သဘော်ပါပဲ
ဒေါက်တာ"

ကျွန်ုပ်ကား လူကဲခတ်လွဲမှားခဲ့ချေပြီ။ သူတစ်ပါးအား
အကဲခတ်ဆုံးဖြတ်ခြင်းအတတ်တွင် တိမ်းမှားချွတ်ချော်ခြင်း
အလွန်နည်းပါးသည်ဟု မိမိကိုယ်မိမိ အထင်ကြီးလာမိသမျှ အလ
ကားဖြစ်ရချေပြီ။ ကိုဝင်းသန်းဆိုသူနှင့်တွေ့ခါမှ ၎င်း၏ပိရိသော
လှည့်ဖျားခေါ်ဆောင်မှုတွင် ယုံကြည်စိတ်ချစွာဖြင့် ညွတ်တိမ်း
ယိမ်းပါ၍ လာခဲ့မိပြီတကား။

မကြာမီ ကျွန်ုပ်သည် ကြယ်နီရှင်သခင်မအမည်ရှိ မိန်းမ
လူစွမ်းကောင်းဓားပြဗိုလ်တစ်ဦး၏ လက်ခုပ်တွင်းသို့ သက်ဆင်း
ကျရောက်ရပေတော့မည်။

ကိုဝင်းသန်းဆိုသူကား အံ့ဩဖွယ်ကောင်းလောက်
အောင် ဣန္ဒြေဆောင်နိုင်သူတစ်ဦး ဖြစ်ပေ၏။

ကျွန်ုပ်အဖို့တွင်မူ ဟန်ဆောင်ခြင်းငှာ မတတ်နိုင်
လောက်အောင် မျက်စိမျက်နှာပျက်လျက် ရှိနေပေ၏။

ကိုဝင်းသန်း၏မျက်နှာအမူအရာတို့ကား ပျော်ပွဲစားထွက်





လျက်ရှိသူတစ်ဦး၏အသွင်ကို ဆောင်လျက်ရှိနေလေ၏။

ဤအမူအရာသည်ပင် ကျွန်ုပ်၏ဒေါသကို နှိုးဆွသကဲ့သို့
ရှိနေပေတော့၏။

ကျွန်ုပ်မှာ ရင်ထဲတွင် ဖြစ်ပေါ်လာသော ဒေါသလုံးကို
မျိုသိပ်၍ မထားနိုင်တော့ချေ။

ထို့ကြောင့် 'တောက်' တစ်ချက်ခေါက်လိုက်မိ၏။

ထိုအခါ ကိုဝင်းသန်း၏ လက်တစ်ဖက်သည် ကျွန်ုပ်၏
လက်ယာဘက်လက်ဖျားများအား ညင်သာစွာ လာရောက်၍
ဆုပ်နယ်လေ၏။

"ခင်ဗျားဘယ်သူလဲ၊ ခင်ဗျား အင်မတန်ဉာဏ်များတဲ့
လူပဲ၊ ကျွန်ုပ် လူကဲခတ် မှားသွားပြီဗျာ၊ ကျုပ်ကို ဒီမိန်းမလက်ထဲ
ရောက်အောင် ခေါ်လာတာဟာ ဘာအကြံလဲ၊ ကျုပ်ကို ဓားပြ
တိုက်ရအောင်ကလည်း ကျုပ်ဟာ ထားဝယ်က ဦးကြင်စိန်လို
လူချမ်းသာ မဟုတ်ဘူးဗျ"

ကျွန်ုပ်မှာ ဒေါသဖြစ်နေပြီဖြစ်သောကြောင့် ကိုဝင်းသန်း
အား မျက်နှာထားတင်းတင်းဖြင့် ကြည့်၍ပြောလိုက်ပြီးနောက်
သတ္တိညံ့သူတစ်ဦးမဟုတ်ကြောင်းကို ပြလိုသဖြင့် ကျွန်ုပ်၏လက်ကို
သူ့လက်တွင်းမှ ခပ်ဆောင့်ဆောင့် ရုပ်ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုဝင်းသန်းသည် ရှတ်ခြည်းပင် ကျွန်ုပ်အား တောင်းပန်သောအမူအရာဖြင့်ကြည့်ကာ ...

"ဓာတ်ကြောင်းကို မကြာခင် ရေလည်လာပါလိမ့်မယ် ဒေါက်တာ၊ သိပ်မကြာတော့ပါဘူး ... ဒေါက်တာယူဆသလို မဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော် ယောက်ျားတစ်ယောက် အနေနဲ့ သခင်မ (ခင်မမ) ကိုယ်စား ပြောလိုက်ပါတယ်ခင်ဗျာ"

ဟု ပြောဆိုလေ၏။

"ကြယ်နီရှင်သခင်မဆိုတဲ့ ဒီနာမည်ကိုသာ အစက ခင်ဗျားဆီက ကြားရရင် ကျုပ် အခုလို လိုက်မလာခဲ့ဘူးဗျ သိလား"

"ကျွန်တော်လည်း အဲဒီနာမည်ကို မပြောမိအောင် အတော်ကြိုးသတိထားခဲ့ရပါတယ် ဒေါက်တာ"

"သိပ်ကောင်းတာပေါ့ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ဆီကို ဒေါက်တာပါလာဖို့က သိပ်အရေးကြီးနေတာကိုးဗျ"

"ပလိပ်ရောဂါဖြစ်နေတယ်ဆိုတာကလည်း ခင်ဗျား တမင်သက်သက်လုပ်ကြံပြီး ပြောခဲ့တာပေါ့"

"မဟုတ်ပါဘူး၊ ကျွန်းပေါ်ကိုရောက်ရင် ဒီရောဂါ ဘယ်





လောက်ကြောက်စရာကောင်းလောက်အောင် ကူးစက်နေပြီဆို တာကို ဒေါက်တာ တွေ့ရပါလိမ့်မယ် ခင်ဗျာ၊ ဒေါက်တာ အခုလို တစ်ခါတည်းပါလာတာကို ခင်မမများတွေ့ရင် ... သိပ်ဝမ်းသာ မှာပါပဲခင်ဗျာ"

"နောက်ထပ် ဓားပြတိုက်နိုင်ကြအောင် ကျုပ်က သူတို့ အသက်ကို ကယ်ပေးရမယ် ဆိုပါတော့ဗျာ"

ဤတွင် ကိုဝင်းသန်းသည် ကျွန်ုပ်အား နောက်ထပ် တစ်စုံတစ်ရာ မပြောတော့ဘဲ ကျွန်ုပ်၏မျက်နှာကိုသာ စိုက်၍ ကြည့်နေပေ၏။

ထိုမျက်နှာမှာ ကျွန်ုပ်၏မေးရိုးကို စိမ့်၍အေးသွားစေ သော မျက်နှာထားမျိုးဖြစ်သဖြင့် ကျွန်ုပ်မှာ နောက်ထပ် စကား မဆက်ဝံ့တော့ချေ။

ထိုခဏ၌ ကျွန်ုပ်တို့၏မော်တော်ကလေးသည် သင်္ဘော နှင့် ပေအစိတ်ခန့်သာသာ အကွာအဝေးသို့ ရောက်လာခဲ့ပြီဖြစ်၏။

မှုန်မွှားသော ကြယ်ရောင်များအောက်၌ မထင်မရှား သောသဏ္ဍာန်များသည် သင်္ဘောပေါ်မှဆီး၍ ကျွန်ုပ်တို့အား ငုံ့ ကြည့်နေသည်ကို တွေ့မြင်ရပေ၏။

မော်တော်မောင်းသူသည် ဘောကွင်းတစ်ခုကို မော်



www.burmeseclassic.com

www.burmeseclassic.com



တော်ဘေးသို့ တွဲ၍ချလိုက်ပြီးလျှင် ထိုဘောကွင်းကို ခြေတစ်ဖက်ဖြင့် နင်းထားပြီး မကြာမီ ဘေးချင်းကပ်ရတော့မည့်သင်္ဘောမှ နံရံကို အဆင်သင့် လှမ်း၍ကိုင်ရန် အသင့်ပြင်၍နေပေ၏။

တစ်ဖက်သင်္ဘောဆီသို့ ကြည့်လိုက်သည့်အခါ မီးခိုးရောင်သုတ်ထားသော သင်္ဘောနံရံတွင် ကြိုးလှေကားကလေးတစ်ခုကို အလိုက်သင့်ချထားပြီးဖြစ်ကြောင်း တွေ့ရလေသည်။

အမှန်အတိုင်းဆိုရသော် ကျွန်ုပ်မှာ ကိုဝင်းသန်းအပေါ်တွင် လုံးဝယုံကြည်စိတ်ချခြင်း မရှိချေ။

အဘယ်မှာလျှင် ယုံကြည်စိတ်ချနိုင်မည်နည်း။ ယမန်နေ့ညကပင် လူတစ်ယောက်သည် ကျွန်ုပ်၏မျက်စိအောက်၌ အလွန်ဆိုးစွာသော အသေဆိုးဖြင့် သေဆုံးခဲ့ရပြီဖြစ်၏။

ထိုသူမှာ ကြယ်နီရှင်သခင်မ၏လက်တွင်းသို့ ကျွန်ုပ်ထက်စော၍ ကျရောက်ခဲ့သူပင် မဟုတ်ပါလော။

ယခု ကျွန်ုပ်အား ကြယ်နီရှင်သခင်မသည် အဘယ်သို့သော ရည်ရွယ်ချက်မျိုးဖြင့် ခေါ်ဆောင်ခြင်း ဖြစ်ပါသနည်း။

ကြယ်နီရှင်သခင်မ (ခေါ်) ခင်မမသည် အဘယ်သို့သော မိန်းမ စားမျိုးနည်း။

ကိုဝင်းသန်း ပြောသည့်အတိုင်း ကျွန်ုပ်သည် ပလိပ်





ရောဂါဆိုးကြီးကို သုတ်သင်ပေးရန်အတွက် သက်သက်ပင်လော။

ဤအတိုင်း ဖြစ်ခဲ့သည့်တိုင် ကြယ်နီရှင်သခင်မ သည် အလွန်ကြောက်မက်ဖွယ်ကောင်းသော မိန်းမဓားပြဗိုလ်ကြီးတစ်ယောက် ဖြစ်နေသည့်အတွက် ကျွန်ုပ် ပါဝင်ကပြရမည့် ဇာတ်ကြောင်းသည် အစစအရာရာ ပြေပြစ်ချောမောခြင်း ရှိနိုင်ပါအံ့လော။

ထူးဆန်းသော ကံအကြောင်းတရားသည် ကျွန်ုပ်အား အလွန်စိတ်ရှုပ်ထွေးဖွယ်ရာကောင်းသော ခရီးလမ်းတစ်ခုသို့ ပို့ဆောင်ခဲ့ပေပြီတကား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အလှအချောကို ကျက်သရေဖြင့်မြှောက်ပါ

မည်မျှကြာမြင့်စွာ စိတ်ကူးနက်နေမိသည် မသိ ...၊ ကိုဝင်းသန်းသည် ကျွန်ုပ်၏ပခုံးကို လာ၍ပုတ်ပြီး သဘော် ပေါ်သို့ တက်ရတော့မည်ဖြစ်ကြောင်း ပြောတော့မှ ကျွန်ုပ်လည်း မော်တော်အပြင်ဘက်သို့ ခေါင်းပြူ၍ကြည့်လိုက်ရာ ကြိုးလှေကလေးသည် လှမ်း၍ဆွဲနိုင်လောက်အောင် လက်လှမ်းမီလျက်ရှိနေပြီကို တွေ့ရှိရပေ၏။

"ဒေါက်တာ တက်နိုင်ရဲ့နော်"

ကျွန်ုပ်သည် ကိုဝင်းသန်းအား မည်သို့မျှ ပြန်၍ဖြေ





ကြားခြင်းမပြုတော့ဘဲ ဖြစ်သမျှအကြောင်း အကောင်းချည်းဟူ၍သာ နှလုံးပိုက်လိုက်ပြီးလျှင် သဘော်ပေါ်သို့တက်ရန် ဟန်ပြင်ရပေတော့၏။

"လူချည်းသာ တက်ပေတော့၊ ဒေါက်တာ့ပစ္စည်းတွေကို ကျွန်တော်ယူခဲ့ပါ့မယ်"

ထို့နောက် ကိုဝင်းသန်းသည် ကြိုးလှေကားကို ကျွန်ုပ်ဆွဲ၍တက်ဖို့ရန် အောက်ဘက်ဆီမှ ထိန်းကိုင်၍ ပေးထား၏။

ကျွန်ုပ်လည်း လှုပ်ရှားယိမ်းယိုင်လျက်ရှိသော ကြိုးလှေကားအတိုင်း သတိထား၍ တဖြည်းဖြည်းတက်ခဲ့ရပေ၏။

တစ်ထစ်နှင့်တစ်ထစ် တစ်ပေသာသာခန့် ကွာ၍နေသော ကြိုးလှေကားထစ်ကလေးပေါင်း အထစ် (၂၀) မျှကို နင်း၍တက်မိသောအခါ၌ သန်မာထွားကျိုင်းသော လက်တို့သည် ကျွန်ုပ်၏ ချိုင်းနှစ်ဖက်ကို အထက်မှဆီး၍ မ,ယူပြီး ဆွဲတင်လိုက်သဖြင့် ကျွန်ုပ်လည်း အလိုက်သင့်ပါသွားပေ၏။

ဆွဲတင်လိုက်သူနှစ်ယောက်မှာ ကာကီရောင်ဘောင်းဘီရှည်၊ မီးခိုးရောင် သက္ကလတ်အင်္ကျီလက်ရှည်နှင့် စစ်သုံးခမောက်များကို ဆင်တူဝတ်ဆင်ထားကြသော ကိုယ်လုံးကိုယ်ထည် သန်မာထွားကျိုင်းသူနှစ်ဦး ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်ဓာတ်မီးကလေးတစ်လုံးသည် သံတိုင်တစ်တိုင်တွင် အုပ်ဆောင်းအုပ်၍ အပြင်သို့ မီးရောင်မထွက်စေအောင် ထွန်းညှိထားရာ ကျွန်ုပ်အား ဆွဲ၍တင်လိုက်သူ (၂) ဦး၏မျက်နှာများသည် မီးရောင်တွင် တစ်ခြမ်းလင်းလျက် ရှိနေကြပေ၏။

ထိုသူနှစ်ဦး၏မျက်နှာမှာ မြိတ်နှင့်ထားဝယ်ဘက်တွင် အများဆုံးတွေ့မြင်နေကြဖြစ်သည့် ညိုမောင်းသော အသားအရေရှိ မြန်မာတိုင်းရင်းသားများ၏မျက်နှာမျိုးဖြစ်ကြောင်း သတိထားလိုက်မိပေ၏။

သူတို့နှစ်ဦးသည် ကျွန်ုပ်အား မြင်တွေ့လိုက်ရခြင်းဖြင့် အလွန်အားရဝမ်းသာ ဖြစ်နေကြသောအသွင်ကိုဆောင်လျက် ရှိနေကြ၏။

တစ်ဦးသောသူက ကျွန်ုပ်ကြားလောက်ရုံ လေသံကိုနှိမ့်၍

"ကျွန်တော်တို့တော့ ဒေါက်တာ့ကိုမြင်တွေ့လိုက်ရမှ အပူလုံးကြီး ကျသွားတော့တယ်ခင်ဗျာ၊ တိုက်ပွဲဝင်ရဲဘော်တွေ အဖို့ အသက်ချမ်းသာမှု ရကြတော့မှာပဲ"

ဟု ပြောဆိုလိုက်ပေ၏။

ထိုသူကား ကျွန်ုပ်တွေးထင်သကဲ့သို့ပင် မြန်မာလူမျိုး တစ်ဦး ဖြစ်၏။





သို့ဖြင့် သင်္ဘောကုန်းဘတ်ပေါ်သို့ ကျွန်ုပ် ခြေချမိပေပြီ။

ကျွန်ုပ်မှာ မည်သည့်အကြောင်းကြောင့်ဟူ၍ မသိ . . .။ စိတ်၏လွတ်လပ်မှုနှင့် သက်သာရာရမှုများကို တဖြည်းဖြည်း ပြန်လည် ခံစားရစပြုလာကြောင်း သတိထားမိပေ၏။

၎င်းမှာ ပြုံးရွှင်နေသောမျက်နှာထားများဖြင့် ကျွန်ုပ်အား လေးစားအားထားစွာ ဆီး၍ကြိုနေကြသော ဤသူနှစ်ဦး၏ မျက်နှာအမူအရာများကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပေမည်။

ကျွန်ုပ်ကား ကြောက်စိတ်များ ခမ်းခြောက်စပြုလာပေပြီ။

အတန်ကြာသောအခါ အနီးတစ်ပိုက်တွင် ထိုသူနှစ်ယောက်သာမက ကျွန်ုပ်အား ဝမ်းမြောက်အားရခြင်းရှိလှ သော အမူအရာများဖြင့် ဆီး၍ကြိုဆိုနေကြသော ယူနီဖောင်းဝတ် လူငယ်ဆယ်ဦးခန့် ရှိနေကြောင်းကိုလည်း သတိပြုမိလာပေ၏။

ထိုသူဆယ်ဦးခန့်မှာလည်း ပထမလူနှစ်ယောက်နှင့် ဆင်တူပင် စစ်ယူနီဖောင်းများ ကိုယ်စီဝတ်ဆင်ထားသည်ကို တွေ့ရှိရရုံမျှမက ၎င်းတို့လည်း ကိုယ်လုံးကိုယ်ထည် တောင့်တင်း သန်မာသော မြန်မာလူငယ်များပင် ဖြစ်နေကြောင်း တွေ့ရှိရ



www.burmeseclassic.com

www.burmeseclassic.com



ပေ၏။

ထူးခြားချက်ကား သင်္ဘောတစ်ခုလုံးတွင် ညှင်သာစွာ ခုတ်နှင်လျက်ရှိသော သင်္ဘောစက်သံမှတစ်ပါး ဘာသံမျှမကြားရဘဲ အံ့သြဖွယ်ဖြစ်လောက်အောင်ပင် ဆိတ်ငြိမ်၍နေခြင်း ဖြစ်ပေ၏။

ထိုအချိန်အခါအထိ ကျွန်ုပ်မှာ သင်္ဘောလက်တန်းကို ကျောမှီလျက် မည်သည့်စကားကို ပြောဆိုရမှန်းမသိအောင် ဖြစ်၍နေပေ၏။

ကျွန်ုပ်အား ကြည့်၍နေကြသူများကလည်း ကျွန်ုပ်အား မည်သည့်စကားကိုမျှ မပြောကြချေ။

ကျွန်ုပ်ကား ကိုဝင်းသန်းကိုပင် စောင့်ရတော့မည် ဖြစ်ပေ၏။

သို့သော် ကိုဝင်းသန်းသည် အဘယ်မှာနည်း။

ကျွန်ုပ်အား ဆွဲ၍တင်လိုက်သူနှစ်ဦးအနက် တစ်ဦးသောသူသည် ကျွန်ုပ်တက်လာခဲ့သော ကြိုးလှေကားကလေးကို သင်္ဘောပေါ်သို့ ဆွဲတင်နေသည်ကို တွေ့ရှိရပေ၏။

မည်သည့်အဓိပ္ပာယ်နည်း။

ကိုဝင်းသန်းနှင့် ကျွန်ုပ်၏ဆေးသေတ္တာများသည် လည်း





အဘယ်နေရာသို့ ရောက်ရှိသွားလေပြီနည်း။

ဤမေးခွန်းများကို မေးလိုက်တော့မည်ခဏ၌ အခြေအနေသည် ရုတ်ခြည်း ပြောင်းလဲ၍သွားပေ၏။

ကျွန်ုပ်၏ရှေ့တည့်တည့်၌ ရပ်နေကြသော ယူနီဖောင်းဝတ်တို့သည် ၎င်းတို့စီးထားသော စစ်ဖိနပ်ကြီးများကို အချင်းချင်းဖြောင်းခနဲမြည်အောင် ရိုက်ခတ်လိုက်ပြီးနောက် ဖြုန်းခနဲ ခြေစုံရပ်လျက် ၎င်းများကို ရှေ့သို့ ကော့ထားလိုက်ကြပေ၏။

ထိုခဏတွင် ချောမြောင်သော ကုန်းပတ်ပေါ်၌ လျှောက်၍လာနေသော နောက်ပိတ်ဖိနပ်သံများကို ကြားလိုက်ရပြီးနောက် သဏ္ဌာန်နှစ်ခုသည် သင်္ဘော၏အခြားတစ်ဖက် လှုသွားလမ်းတစ်ခု၏ ထောင့်ချိုးမှ ထွက်ပေါ်လာပြီးလျှင် ကျွန်ုပ်ထံသို့ ရှေ့ရှု၍ လျှောက်လာနေသည်ကို တွေ့မြင်ရပေ၏။

ရှေ့ဆုံးမှ လျှောက်လာနေသောသဏ္ဌာန်ကား ကျွန်ုပ်၏တစ်သက်တွင် မေ့ပျောက်နိုင်ဖွယ်မရှိသော သဏ္ဌာန်တစ်ခုပင်ဖြစ်ပေ၏။

နက်မှောင်၍ အတော်ပင် ရှည်လျားဟန်လက္ခဏာရှိသော ဆံပင်များကို နောက်ဘက်တွင် ခပ်စောင်းစောင်း၊ ခပ်မောက်မောက်ထုံးထားလျက် ကြက်သွေးရောင်အဆင်းရှိသော



www.burmeseclassic.com

www.burmeseclassic.com



ထဘီနှင့်အင်္ကျီဆင်တူကို ဝတ်ဆင်ထား၏။

ပြီးတော့ ခုံမြင့်ကြိုးသိုင်းဖိနပ်လေးကို တဂေါက်ဂေါက်နင်း၍ လျှောက်လာနေသော ထိုသဏ္ဍာန်ကား အသက် (၂၇) နှစ်ခန့်ရှိသော မိန်းမပျိုတစ်ယောက်ပင် ဖြစ်ပေ၏။

ကျွန်ုပ်သည် ဆရာဝန်ဘဝ၌ ရုပ်အဆင်းအားဖြင့် တင့်တယ်လွန်းလှသည်ဆိုသော အမျိုးသမီးများကို မကြာခဏ တွေ့မြင်ခဲ့ဖူးပါ၏။

အချို့ကား တစ်ခါကြည့်ရုံမျှဖြင့်လည်း အားမရ၊ နှစ်ကြိမ်နှစ်ခါထပ်၍ ကြည့်မိရုံမျှဖြင့်လည်း တင်းမတိမ်နိုင်။ ကြည့်ပြီးရင်းထပ်၍ ထပ်၍ ကြည့်ချင်သောဆန္ဒမျိုး ပေါ်ပေါက်လာအောင်ပင် ဆွဲဆောင်နိုင်သော အဆင်းရူပကာနှင့် ပြည့်စုံသူများ ဖြစ်ကြပါပေ၏။

သို့သော် ယခု ကျွန်ုပ်တွေ့မြင်နေရသော ရူပါရုံရှင်မှာကား ကျွန်ုပ်၏ သမာဓိတရားကို အဖတ်ဆယ်၍မရနိုင်တော့အောင်ပင် ဖျက်ဆီးချေမှုန်းခြင်း ပြုခဲ့ပါလေပြီ။

ဤမိန်းမပျို၏အဆင်းကား အလှတစ်ခုသက်သက်မျှသာ မဟုတ်၊ အချောကို ထပ်ဆင့်၍ ပေါင်းလိုက်ခြင်းဖြင့်လည်း မပြည့်ဝသေး။





လှခြင်းနှင့်ချောခြင်းကို ကျက်သရေဖြင့် မြှောက်ပြီးသော် ခုံညားခြင်းဖြင့် ထပ်၍လောင်းပြီးသည့်တိုင်အောင် သူမ၏ အဆင်းသဏ္ဍာန်ကို ပေါ်လွင်အောင် စာဖွဲ့နိုင်ပြီဟု ဆိုနိုင်ရန် ခဲယဉ်းလှပေသေး၏။

မိန်းမပျိုတွင် အထူးခြားဆုံးသော အစိတ်အပိုင်းများကား မျက်လုံးနှင့်နှုတ်ခမ်းပင် ဖြစ်ပေ၏။

မျက်လုံးများသည် လူတစ်ယောက်ကို ထုတ်ချင်းခတ်ဖောက်၍မြင်နိုင်လောက်အောင် စူးရှသောအရှိန်အဝါများကို ပိုင်ဆိုင်ထားလျက်ရှိ၏။

ထိုအရှိန်အဝါများနှင့် နူးညံ့ကြင်နာခြင်းကို တွဲဖက်၍ထား၏။ နှုတ်ခမ်းမှာ ရက်စက်ရမည်ဆိုလျှင်လည်း ၎င်း၏လှပခြင်းနှင့် ချိန်စက်၍မရနိုင်လောက်အောင် စဉ်းစားဝံ့စရာမရှိသော ရက်စက်ခြင်းကို စေစားနိုင်သည့် နှုတ်ခမ်းမျိုးဖြစ်ပေ၏။

မိန်းမပျိုသည် ကျွန်ုပ်၏ရှေ့လက်တစ်လှမ်းသာသာခန့် အကွာအထိ လျှောက်၍လာပြီးနောက် ၎င်း၏နောက်မှ ထက်ကြပ်မကွာ ကပ်၍လိုက်လာသော အစောင့်အရှောက်နှင့်တူသူအား လှည့်၍မကြည့်ဘဲ၊ လက်တစ်ဖက်ဖြင့် ရပ်၍နေရစ်ခဲ့ရန် အရိပ်လက္ခဏာပြလိုက်ရာ ထိုသူသည် အမိန့်ကိုနာခံသောအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ ရပ်၍နေရစ်ခဲ့လေ၏။

ထို့နောက် မိန်းမပျိုသည် ကျွန်ုပ်အား အလွန်ဖော်ရွေသောအမူအရာဖြင့် ကြည့်လျက် ...

“ဒေါက်တာ လိုက်လာခဲ့တယ်နော်၊ ကျွန်မ မျှော်လင့်တဲ့အတိုင်း ဒေါက်တာ တစ်ပါတည်းပါလာတဲ့အတွက် ဝမ်းသာပါတယ်၊ ဒေါက်တာ့နာမည်က ကိုရန်နိုင်စိုးနော်”

ဟု နှုတ်ဆက်ခြင်းပြုလေ၏။

အသံမှာမူ ညဉ့်လေကလေး တသုန်သုန်မြူး၍ လာလေသလားဟု ထင်မှားရလောက်အောင် ကျွန်ုပ်၏ နောက်ကျိနေသောစိတ်တို့ကို ဆေးကြောတိုက်ခတ်လိုက်ချေ၏။

“ကျွန်တော့်အခြေအနေက”

“ဟုတ်ကဲ့ ... ပြောပါ ဒေါက်တာ”

ရှေ့သို့ စကား ရှတ်တရက် မဆက်နိုင်သော ကျွန်ုပ်အား ဝင်၍ ထောက်လိုက်၏။

“ကျွန်တော့်အခြေအနေဟာ ဒီမှာ ဘယ်လိုလဲဆိုတာကို သိရှိခွင့် မပေးနိုင်ဘူးလားဗျာ”

“မိတ်ဆွေအဖြစ်နဲ့လား၊ ရန်သူအဖြစ်နဲ့လား ... ဒါကို မေးတာလားရှင်”





“ဟုတ်ပါတယ် ... ဒီမေးခွန်းရဲ့အဖြေဟာ ကျွန်တော့်အတွက် အရေးကြီးနေပါတယ် ခင်ဗျာ”

“ဒေါက်တာ့ကို ဗိုလ်ဝင်းသန်း ခေါ်လာစဉ်က ဘာကိစ္စဆိုတာကို ရှင်းလင်းပြောပြခဲ့ပြီ မဟုတ်ပါလားရှင်၊ ကျွန်မက ထပ်ပြီး ရှင်းလင်းဖြည့်စွက်နေစရာ လိုပါသေးသလား”

“ဒါဖြင့် ကိုဝင်းသန်းပြောဆိုခဲ့သမျှ စကားတွေကို ကျွန်တော့်အနေနဲ့ အတည်ပြုရတော့မှာပေါ့”

“ဒီအတိုင်းပါပဲရှင်”

“ဒါနဲ့ အဲဒီကိုဝင်းသန်းတစ်ယောက်ကောဗျ၊ သူက ခေါ်လာပြီး ပျောက်ခြင်းမလှ ပျောက်သွားတော့ ကျွန်တော့်ကိုများ ခင်ဗျားတို့ရဲ့လက်ထဲ ဝကွက်အပ်သွားသလားလို့ပါ”

“မဟုတ်ပါဘူးရှင်၊ သူ့ကို နောက်များမှာ တွေ့ရပါလိမ့်မယ်၊ ဗိုလ်ဝင်းသန်းက အလုပ်အပေါ်မှာ စိတ်ချယုံကြည်ရတဲ့အတွက် တာဝန်တွေအများသားရှင့်”

ထို့နောက် မိန်းမပျိုသည် ၎င်း၏နောက်တွင် ငြိမ်သက်စွာရပ်နေသော အစောင့်အား တင်စုံတစ်ရာ တီးတိုးလှမ်း၍ ပြောလိုက်သည်ကို မြင်ရပေ၏။

အစောင့်က ခေါင်းညိတ်၍ တစ်စုံတစ်ရာ ပြန်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ မိန်းမပျိုသည် ကျွန်ုပ်ဘက်သို့လှည့်လိုက်ပြီး ...

"ကိုင်း ဒေါက်တာလည်း ... ခရီးပန်းလာမှာပေ
အညောင်းအညာဆန့်ရအောင် ဧည့်ဆောင်ခန်းမှာ နားနေနိုင်ပ
ပြီရှင်"

ကျွန်ုပ်မှာ ကလေးငယ်တစ်ယောက်ပမာ ခေါင်းကို
တွင်တွင်သာ ညိတ်မိလျက်သားဖြစ်၍သွားပေ၏။

ထို့နောက် မိန်းမပျိုသည် ကျွန်ုပ်အား ရှေ့မှ လမ်းပြ၍
ခေါ်ဆောင်သွားရာ ကျွန်ုပ်လည်း နောက်မှ ထက်ကြပ်မကွာ
လိုက်ပါသွားခဲ့ရပေ၏။

ကျွန်ုပ်တို့သည် လူတစ်ယောက်ဆင်းသာရုံမျှ ကျယ်ဝန်း
သော လှေကားကလေးတစ်ခုမှ သင်္ဘောဝမ်းထဲသို့ ဆင်းရတော့
မည့်အခါ၌ မိန်းမပျိုသည် ရုတ်တရက်ရပ်လိုက်ပြီးနောက် ကျွန်ုပ်
အား ရှေ့သို့တင်ပေးလိုက်၏။

ကျွန်ုပ်သည် ဓာတ်မီးများ ထိန်လျက်ရှိသော သင်္ဘော
ဝမ်းအတွင်းသို့ ရှေ့ဆုံးမှ ဆင်းခဲ့ရပေ၏။

သင်္ဘောမှာ ဆေးအဖြူရောင်သုတ်ထား၍ မီးရောင်တွင်
တလက်လက်တောက်ပြောင်လျက်ရှိသော အခန်းရှည်ကြီးနှစ်ခု
၏အလယ်တွင် သုံးပေခန့်အကျယ်ရှိသော လူသွားစင်္ကြံလမ်း





ရှိနေပြီး ဘေးတစ်ဖက်တစ်ချက်၌ အခန်းသုံးခန်းစီရှိကာ အခန်း
တံခါးများ ပိတ်ထားလေ၏။

အခန်းတံခါး၏လက်ကိုင်များမှာ ရွှေရောင်ထနေသော
ကြေးနီလက်ကိုင်များဖြစ်ပေရာ သင်္ဘောဆေးရောင်၊ ဓာတ်မီး
ရောင်များဖြင့် ပဏာရလှပေ၏။

အရောင်တင်ဆီဆေးများ သုတ်လိမ်းထားခြင်းဖြင့်
ပြောင်ဖိတ်ဖိတ်တောက်နေသော လူသွားလမ်း၏အဆုံးဆီ၌ ဖြူဆွတ်
သောနံရံကိုမှီကာ လက်နှစ်ဖက်ကို နောက်ကိုပစ်လျက် ရပ်နေ
သောသဏ္ဌာန်ရှင်ကား ကိုဝင်းသန်းဆိုသူပင် ဖြစ်၏။

ကိုဝင်းသန်းသည် ကျွန်ုပ်အား ပြုံး၍ နှုတ်ဆက်လိုက်၏။

ထိုအချိန်တွင် မိန်းမပျိုသည် ကျွန်ုပ်၏နီးသို့ ရောက်လာ
ပြီးလျှင် လက်ယာဘက်အခန်းမှ တံခါးရွက်ကို ဆွဲ၍ ဖွင့်လိုက်
ပြီးနောက် ...

"ကိုင်း ဒေါက်တာ ... ကျွန်မတို့ ကျွန်းကို မရောက်
မချင်း ဒီအခန်းကို သဘောရှိအသုံးပြုဖို့အတွက် ကျွန်မအပ်ပါ
တယ်၊ လာ လာ ... အခန်းထဲကို ဝင်ကြည့်ပါဦး၊ အခန်းက
ညည်းနည်းကျဉ်းပေမယ့် လူတစ်ယောက်တော့ ကောင်းကောင်း
ကြီး အိပ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အခန်းလေးမှာ အလျား ဆယ့်ငါးပေ၊ အနံ ဆယ်ပေခန့် ရှိပေ၏။ စာရေးစားပွဲတစ်လုံး၊ အဝတ်အစားထည့်ရန် မတ်ရပ် ဗီရိုတစ်လုံး၊ တစ်ယောက်ထိုင် ဆိုဖာတစ်လုံးနှင့် အိပ်ရန်အသင့် ပြင်ဆင်ပြီးဖြစ်သော တစ်ယောက်အိပ်ခုတင်တစ်လုံးကို ချထား၏။ စာရေးစားပွဲပေါ်တွင် ကျွန်ုပ်၏ဆေးသေတ္တာကြီးကို တွေ့ရှိရပေ၏။

"ဘာကို လိုချင်ရင်ဖြစ်ဖြစ် ဟောဒီခလုတ်ကလေးကို နှိပ်နိုင်ပါတယ်၊ လူတစ်ယောက်လာပါလိမ့်မယ်၊ သူ့ကို အလိုရှိရာ ခိုင်းပါ၊ ကဲ ... ဒေါက်တာလည်း ပင်ပန်းလှရော့မယ်၊ မနက်ဖြန်မှ တွေ့ကြပါစို့နော်"

မိန်းမပျိုသည် ကျွန်ုပ်အား နှုတ်ဆက်ရင်း ပြောပြော ဆိုဆို အခန်းထဲမှထွက်တော့ရန် ဟန်ပြင်စပြုနေလေပြီ။

ထိုခဏ၌ ကျွန်ုပ်သည် မိန်းမပျို၏နာမည်မှာ မည်သူဖြစ် သည်ကို မေးရန် သတိရလာသည်နှင့် ...

"ဒီမယ်ဗျ ... ကျုပ် တစ်ခုမေ့နေတယ်၊ ဒါလောက် ကြာအောင် စကားပြောကြပြီးမှ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ ကို မသိရသေးတာကတော့ မကောင်းဘူးဗျာ၊ ကြယ်နီရှင်သခင် မ ဆိုတာ ခင်ဗျားလား"





ဟု တဲ့တိုးပင် မေးလိုက်ရပေ၏။

ထိုအခါ မိန်းမပျိုသည် တံခါးဝမှာ ရပ်လျက် ကျွန်ုပ်မျက် နှာကို လှည့်၍ ကြည့်လိုက်၏။

ထိုမျက်နှာထားသည် ကျွန်ုပ်အဖို့ တစ်သက်တွင် မေ့နိုင် စရာမရှိသော ပြုံးရယ်လန်းဆန်းနေသည့် မျက်နှာထားမျိုးပင် ဖြစ်ပေ၏။

"ဒေါက်တာရဲ့ထင်မြင်ခန့်မှန်းချက်ဟာ သိပ်ကိုမှန်ကန် ပါပေတယ်၊ ကြယ်နီရှင်သခင်မဆိုတာ ကျွန်မပါပဲ၊ ဒါပေမဲ့ ဒါက ကျွန်မနာမည်ရင်း မဟုတ်ဘူးရှင့်၊ ကျွန်မနာမည်ရင်းကတော့ ခင်မမပါတဲ့ ... ဂွတ်နိုက် ကိုရန်နိုင်စိုး"

"ဂွတ်နိုက် ခင်မမ"

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောဝဘူလက်သင်္ဘောလေး

သို့ဖြင့် ...

ကျွန်ုပ်အား ဝေးလွန်းသည့်ကျွန်းပေါ်သို့ ခေါ်ဆောင်လာသော အကြောင်းရင်းသည် ကြယ်နီရှင်သခင်မ (ခေါ်) ခင်မမ ကိုယ်တိုင် ပြောပြချက်အရ ဆေးကုပေးရန် သက်သာမျှသာဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း သိရှိရပြီဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်မှာ စိတ်နောက်ကျိရသောဒုက္ခမှ ကျွတ်လွတ်ခဲ့ပေပြီ။

ကျွန်ုပ်လုပ်ဆောင်ပေးရမည့် ဝတ္တရားအတွက် ကျ





ရောက်လာမည့်အချိန်ကို စောင့်မျှော်ဖို့သာ ရှိတော့သည်။

ကျွန်ုပ်မှာ ကြယ်နီရှင်သခင်မ ထွက်ခွာသွားပြီးနောက် အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ပထမဦးဆုံး ကျွန်ုပ်၏ဆေးသေတ္တာကို အိပ်ရာခုတင်အောက်သို့ ပြောင်း၍ထားလိုက်၏။

ထို့နောက် ဆိုဖာပေါ် ခြေဆန့်လက်ဆန့် ပစ်၍ထိုင်ချလိုက်ပြီးလျှင် ကျွန်ုပ်၏ ထူးဆန်းသောကံအကြောင်းတရားကိုသာ အပြန်အလှန် သုံးသပ်၍နေမိပေ၏။

ထိုသို့ သုံးသပ်ရာ၌ ကျွန်ုပ်လုပ်ဆောင်ရမည့် ဝတ္တရားအတွက် တစ်နည်းအားဖြင့် ဝမ်းမြောက်စရာဖြစ်သည်ဟု ဆိုစေကာမူ ပင်လယ်ဓားပြ မိန်းမစွမ်းကောင်းတစ်ယောက်၏နောက်လိုက်နောက်ပါ ဓားပြများကို ဆေးကုသပေးဖို့ဖြစ်ရာ ကျွန်ုပ်ထမ်းဆောင်ရမည့်ဝတ္တရားမှာ တရားနည်းလမ်းကျသည့် အလုပ်တစ်ခုဟုတ်နိုင်၊ မဟုတ်နိုင် စဉ်းစားတွေးတောစရာဖြစ်လာကြောင်း သတိပြုမိလာပေ၏။

ကျွန်ုပ် ဆေးကုရမည့် ဝေဒနာသည်များမှာ ဂျပန်တို့ကို တော်လှန်ခဲ့၍ ယခု တပ်ဖျောက်နေသော ပြောက်ကျားတပ်သားများဖြစ်သည်ဟု ကိုဝင်းသန်းက ဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့အား ခေါင်းဆောင်နေသည့် ကြယ်နီရှင်သခင်မသည် အလွန်ကြောက်စရာကောင်းလှသော မိန်းမစွမ်းကောင်း ပင်လယ်ဓားပြဗိုလ် ဖြစ်၍နေသဖြင့် ဓားပြတို့အသက်ကယ်ဆယ်ရမည့် ကျွန်ုပ်၏အလုပ်သည် မွန်မြတ်သောအလုပ်တစ်ခုဟု ဆိုနိုင်ပါတော့မည်လော။

ကျွန်ုပ်သည် ကြယ်နီရှင်သခင်မအကြောင်းကို စဉ်းစားမိပြန်၏။

ဤမိန်းမကား အမှန်တကယ်ပင် အံ့ဖွယ်ကောင်းလှသော မိန်းမတစ်ယောက်ပင် ဖြစ်ပေ၏။

ဤမျှ ချောမောလှပသော အဆင်းလက္ခဏာရှိသည့် မိန်းမပျိုတစ်ယောက်သည် ဤမျှလောက် ရက်စက်ကြမ်းတမ်းခြင်းရှိ၍ တွေးတောခြင်းဉာဏ်ပင် မဝံ့လောက်သော ဒုစရိုက်အလုပ်ကြီးကို အဘယ်သို့သော ရည်ရွယ်ချက်၊ သတ္တိမျိုးဖြင့် လုပ်ကိုင်နေလေသနည်း။

ယခု စီးနင်းစိုးပိုင်နေသော သင်္ဘောမျိုးကို အဘယ်ပုံအဘယ်နည်းဖြင့် သူမ ရရှိထားပါသနည်း။

ပြီးတော့ အဘယ်သို့သောအမျိုးအနွယ်ဖြစ်၍ တော်လှန်ရေးတွင် ပါဝင်နေရသနည်း။





ကျွန်ုပ်၏ စဉ်းစားတွေးတောမှုများကို အပြင်မှ တံခါးခေါက်သံတစ်ခုက ဖျက်ဆီးလိုက်ပေ၏။

ကျွန်ုပ်သည် တံခါးကိုဖွင့်၍ပေးလိုက်ရာ ကိုဝင်းသန်းအားတွေ့မြင်လိုက်ရပေ၏။

"ကျွန်တော်ဝင်လာခဲ့မယ်နော် ဒေါက်တာ"

"ကြွတော်မူပါ ဘုန်းတော်ဖွားခင်ဗျာ"

ကျွန်ုပ်၏ ခပ်ငေါ့ငေါ့ဖိတ်ခေါ်ချက်ကြောင့် ကိုဝင်းသန်းသည် အတော်ပင် သဘောကျသွားဟန်ဖြင့် ဟက်ဟက်ပက်ပက်ကြီး ရယ်မောလိုက်ရင်း အခန်းထဲသို့ ဝင်လာခဲ့ပေ၏။

ကိုဝင်းသန်း၏ အသံထွက်၍ ရယ်မောခြင်းကို ပထမဆုံးအကြိမ် တွေ့မြင်ရသော ကျွန်ုပ်မှာ ၎င်း၏ စိတ်လက်ပေါ့ပါးလာသော အမူအရာကိုကြည့်ရင်း စိတ်ဝင်စားသလိုဖြစ်၍လာပေ၏။

"ဒီတစ်ခါ တယ်ရယ်လိုက်ပါလားဗျ။ ခင်ဗျားရယ်တာကို ပထမဆုံးအကြိမ် မြင်ရတာဖြစ်လို့ ကျုပ်တော့ အတော်အံ့ဩသွားတယ်"

ကျွန်ုပ်သည် ကိုဝင်းသန်းအား ဆိုဖာပေါ်တွင် ထိုင်စေပြီးနောက် ကျွန်ုပ်ကမူ အိပ်ရာပေါ်တွင်ထိုင်ရင်း ကိုဝင်းသန်း၏ မျက်နှာကို အကဲခတ်၍နေမိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာပြောလိုက်ပုံကို ထောက်ကြည့်တော့ အခု ထက်ထိ စိတ်မပြောင်းသေးတဲ့လေသံ ထွက်နေလို့ ရယ်မိထာပါဗျာ၊ အတော့်ကို ခံပြင်းနေတယ် ထင်ပါရဲ့"

"ကြယ်နီရှင်သခင်မဟာ ဉာဏ်လည်း အင်မတန်ထက်တယ်၊ သွက်လည်းသွက်တယ်၊ အစွမ်းလည်း အင်မတန်ကောင်းတယ်လို့ ထားဝယ်–မောင်းမကန်တုန်းက ကျုပ်ကြားဖူးခဲ့တယ်၊ ခင်ဗျားဟာ သူ့ရဲ့တပည့်လက်ရုံးတစ်ယောက် ပီသပါပေတယ်ဗျာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒီ့အပြင် ချီးမွမ်းစရာဘာတွေများ ကျန်ပါသေးသလဲ"

"သင်္ဘောပေါ်ကို တက်ကြတော့ ကျုပ်နောက်မှာ ချန်ပြီးတော့လည်း နေရစ်ခဲ့သေးရဲ့၊ တက်ပြီးတော့လည်း လိုက်လာတာမတွေ့ရဘူး၊ နောက်ပြီး ဟောဒီသင်္ဘောဝမ်းခေါင်းထဲကို ကျုပ်ထက်အရင် ရောက်နှင့်နေတယ်၊ ခင်ဗျား မျက်လှည့်ပညာလည်းတတ်သကိုး"

"ဩော် ... ဒါလား၊ ကျွန်တော်ရှင်းပြပါ့မယ်၊ စီးလာခဲ့ကြတဲ့ မော်တော်ကို သင်္ဘောနောက်မြီးမှာ သွားချီရတယ်၊ သင်္ဘောပဲ့ပိုင်းကနေပြီး ကြိုးလှေကားနဲ့ ဆွဲတက်ခဲ့တယ်၊ သခင်မ





နဲ့ ဒေါက်တာတို့ စကားရပ်ပြောနေချိန်မှာ ကျွန်တော် ဒီအခန်းထဲဝင်ခဲ့တယ်၊ ဒါလောက်ကတော့ မထူးဆန်းလောက်ပါဘူးဗျာ"

"ခင်ဗျားတို့ရဲ့ ကြယ်နီရှင်သခင်မကို ကျွန်တော်ပါလာတဲ့အကြောင်း အတိုကောက် အစီရင်ခံရတာကကောဗျာ"

"မြင်လိုက်မိလို့လား ဒေါက်တာ"

"တွေးခေါ်ကြည့်ရတာပေါ့ဗျာ၊ ကြယ်နီရှင်သခင်မ ရုတ်တရက် ပေါ်မလာတာရယ်, ကျုပ် အတော်ကြာကြာ ရပ်ပြီးစောင့်နေရတာရယ်, နောက်ပြီး ကျုပ်ကိုပါအောင် ခေါ်လာနိုင်တဲ့ခင်ဗျားရဲ့အစွမ်းကို သခင်မက ချီးကျူးလိုက်လို့ ခင်ဗျားအူမြူးနေတာရယ် ... ဒါတွေ ပေါင်းစပ်ကြည့်ရတာပေါ့ဗျ"

"အတော်လည်း အကဲခတ်ကောင်းတဲ့ ဒေါက်တာရန်နိုင်စိုးပါပဲဗျာ"

"ဒါနဲ့ ကိုဝင်းသန်း ... ခင်ဗျားတို့ တစ်သက်လုံး ဒီလိုပဲပင်လယ်ဓားပြ လုပ်နေကြတော့မှာလားဗျ"

"ဝမ်းနည်းပါတယ် ဒေါက်တာ၊ ဒီမေးခွန်းကို ဖြေဖို့ကျွန်တော့်မှာ အခွင့်အရေးမရှိပါဘူး"

"ဒါနဲ့ ခင်ဗျားတို့ရဲ့ ကြယ်နီရှင်သခင်မဟာ အတော်ကိုအံ့သြစရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အကြောင်းကို သူနဲ့ရင်းနှီးလာတဲ့တစ်နေ့မှာ ဒေါက်တာ ပိုပြီးသိလာပါလိမ့်မယ်၊ ကျွန်တော့်အနေနဲ့ မပြောပါရစေနဲ့"

"ဒါဆိုရင် အခုချိန်မှာ သင်္ဘောကုန်းပတ်တွေပေါ် တက်ကြည့်လို့ရမယ်ဆိုရင် သွားကြည့်ချင်တယ်ဗျာ"

"အို ... ဒါတော့ ဒေါက်တာ ကြည့်ချင်ရင် ကြည့်နိုင်ပါတယ်၊ ကျွန်တော် လိုက်ပြပါ့မယ်"

ကျွန်ုပ်မှာ မျက်စိကြောင်သွား၍လား မသိ၊ အိပ်ချင်စိတ် ဟူ၍ကား မရှိတော့ချေ။

ပတ်ဝန်းကျင်၏ ဆန်းသစ်မှုများသည် ကျွန်ုပ်၏မျက်လုံးများကို အစွမ်းကုန်ပွင့်လျက် ရှိစေ၏။

ကိုဝင်းသန်းသည် ကျွန်ုပ်အား လမ်းပြ၍ သင်္ဘောကုန်းပတ်ပေါ်သို့ ခေါ်ဆောင်သွားပေရာ ထိုအချိန်တွင် ကျွန်ုပ်တို့၏ သင်္ဘောကလေးသည် စက်ကုန်ခုတ်နှင်လျက် ရှိနေလေပြီ။

ကောင်းကင်ပေါ်မှ ကြယ်ရောင်များမှာလည်း မှိတ်တုတ်မှိတ်တုတ် လင်းနေပေရာ မကြာမီ မိုးသောက်တော့မည့် အရိပ်လက္ခဏာများကို တွေ့ရှိရပေ၏။

ကျွန်ုပ်အား ပထမဦးဆုံး ဆွဲဆောင်ဖမ်းစားခြင်းပြုလိုက်သောအရာကား စိတ်ကြည်နူးစရာဖြစ်လောက်အောင် အရာခပ်





သိမ်း သန့်ရှင်းစင်ကြယ်၍နေခြင်းပင် ဖြစ်ပေ၏။

ဓာတ်မီးသီးကလေးများ၏ မထိန်မလင်း ဖြန့်ဆင်းကျရောက်နေသော အလင်းရောင်နှင့် မှုန်မွှားသောကြယ်ရောင်များ၏အောက်တွင် သင်္ဘောကုန်းပတ်ကြမ်းပြင်မှအစ လေထုတ်ခေါင်းတိုင်များ၊ ကြေးပွတ်တိုင်များ၊ ကျောက်ဆူးများ၊ ပဲ့နင်းနှင့် သင်္ဘောဆိုင်ရာအရာရှိများ၏ အခန်းစသည်တို့မှာ တဖိတ်ဖိတ် တလက်လက် တောက်ပြောင်လျက်ရှိနေကြပေ၏။

သင်္ဘောဦးတွင် လှည်းဘီးတစ်ဘီးစာခန့် အဝန်းအဝိုင်းရှိ ခုနစ်စဉ်ကြယ်နီကြီးဘေးမှ ပြောင်းနှစ်လက် တပ်ဆင်ထားသော စက်အမြောက်တမ်ခုသည် ဆုံလည်အောက်ထိုင်ခုံဖြင့် ချိန်ရွယ်လျက် ရှိနေပေ၏။

ယူနီဖောင်းဝတ်ဆင်ထားသူနှစ်ဦးသည် ကျောက်ရုပ်များပမာ ဘေးတစ်ဖက်တစ်ချက်၌ ရပ်လျက် အမြောက်ပြောင်းဝများနည်းတူ သင်္ဘောဦးဘက်သို့ မျက်နှာမူလျက် ရှိနေကြပေ၏။

သင်္ဘော၏ဘေးတစ်ဖက်တစ်ချက်တွင် တစ်ဖက်လျှင် လှေငယ်သုံးစင်းစီ တင်၍ဆောင်ထား၏။ ၎င်းတို့အနက် သုံးစင်းမှာ ကမ်းသို့တက်ရာ၌ အသုံးပြု၍ သုံးစင်းမှာ အသက်ကယ်လှေများဖြစ်သည်ဟု ကိုဝင်းသန်းက ပြောပြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သဘော်လက်ရန်းမှ သဘော်၏နံရံကို ငုံ့၍ကြည့်လိုက်ရာ သဘော်၏အရောင်မှာ မီးခိုးရောင်ဖြစ်ကြောင်း သတိထားမိ၏။

ရေမျက်နှာပြင်နှင့် ခြောက်လက်မခန့်အကွာလောက်ဆီတွင် ရွှေရောင်ဖြင့်သုတ်လိမ်းထားသော လက်တစ်ဝါးခန့်အထူရှိသည့် ရေမှတ်မျဉ်းကြောင်းတစ်ခုကိုလည်း တွေ့ရှိရပေ၏။

ထိုမျဉ်းကြောင်း၏ အောက်ဘက် ရေထဲနစ်မြုပ်လျက်ရှိသည့် ကိုယ်အောက်ပိုင်းကိုကား ကြေးဝါရောင်ဖြင့် ဆေးသုတ်လိမ်းခြယ်ထားပေသည်။

ကျွန်ုပ်သည် ဤသဘော်၏ရာဇဝင်နှင့် ကြယ်နီရှင်သခင်မ၏လက်တွင်းသို့ ဤသဘော်ရောက်လာရပုံကို ကိုဝင်းသန်းအား မေးတော့အံ့ဟု ကိုဝင်းသန်းဘက်သို့ လှည့်လိုက်သောအခါ၌ ၎င်းသည် မိမိ၏လက်ပတ်နာရီကို ငုံ့၍ ကြည့်နေကြောင်း တွေ့ရ၏။

၎င်းနောက် ကျွန်ုပ်၏လက်တစ်ဖက်ကို ဆွဲကိုင်လိုက်ကာ . . .

"မိုးလင်းခါနီးပြီ ဒေါက်တာ၊ ခင်ဗျားအနေနဲ့ အထူးအဆန်းလို့ခေါ်ဆိုရမယ့် ထူးဆန်းထွေလာတွေကို မကြာခင်





အချိန်မှာ မြင်ရလိမ့်မယ်"

ဟု ဆိုလိုက်သည့်အတွက် ကျွန်ုပ်လည်း မည်ကဲ့သို့သော အထူးအဆန်းမျိုး ဖြစ်လိမ့်မည်ကိုမသိ၍ မေးလိုက်ရာ ကိုဝင်းသန်းက . . .

'မကြာခင် မြင်ရပါလိမ့်မယ်'

ဟု ဆိုလိုက်ပြန်၏။

ထို့နောက် ကျွန်ုပ်အား သဘော်၏အလယ်ကောင်တည့်တည့် ကွပ်ပျစ်ကဲ့သို့ မောက်တက်နေသော ခုံကလေးတစ်ခုပေါ်သို့ ခေါ်ဆောင်သွားပြီးလျှင် နှစ်ယောက်သား ရပ်၍နေရပေ၏။

ထိုခဏ၌ သဘော်မာလိန်မှူးများ၏ အခန်းထဲမှ မော်တော်စက်တစ်ခု တဝီဝီအော်မြည်၍ လည်ပတ်နေသော အသံတစ်ခု ထွက်ပေါ်လာရာ ထိုအသံမှာ ပထမသော် လေယာဉ်ပျံသံနှင့် တူသလိုလို မှတ်ထင်ရပေ၏။

ထိုအသံကြားရာဆီသို့ ကျွန်ုပ်က လှည့်၍ကြည့်နေသောအခါ ကိုဝင်းသန်းက ကျွန်ုပ်၏လက်မောင်းကို ကိုင်လိုက်ပြီး . .

"ဒီကိုမကြည့်နဲ့ဗျ . . . ဟောဟိုသဘော်ဦးက စက်အမြောက်ကို ကြည့်နေ၊ ဘာဖြစ်လာသလဲဆိုတာ မြင်ရလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ဟု ညွှန်ကြားပေ၏။

ကျွန်ုပ်သည် ကိုဝင်းသန်း ညွှန်ကြားသည့်အတိုင်း စက်
အမြောက်ကြီးဆီသို့ ကြည့်လိုက်ရာ စောစောကမြင်ခဲ့ရသော
ယူနီဖောင်းဝတ်တပ်သားနှစ်ဦးသည် ကျောက်ရုပ်ပမာ ရပ်နေရာ
မှ ရုတ်တရက် လှုပ်ရှား၍လာကြပြီးနောက် အမြောက်နှင့် နှစ်ပေ
ခန့်အကွာရှိ သင်္ဘောဦးဘက်သို့ လျှောက်သွားကြပြီးသော် မလွယ်
ပေါက်နှင့်သဏ္ဌာန်တူသော သင်္ဘောကုန်းပတ်ရှိ အပေါက်တစ်ခုမှ
တစ်ယောက်ပြီးတစ်ယောက် သက်ဆင်းပျောက်ကွယ်၍ သွားကြ
ပေ၏။

မကြာမီပင် စက်အမြောက်ခုံကြီးတစ်ခုလုံးသည်လည်း
ကျွန်ုပ်၏မျက်စိအောက်၌ပင် တဖြည်းဖြည်း နိမ့်၍ နိမ့်၍ ဆင်း
သွားပြီး သင်္ဘောကုန်းပတ်ထဲသို့ တစ်ထစ်ပြီးတစ်ထစ် မြုပ်ဝင်
လျက် သွားပေရာ တစ်မိနစ်သာသာခန့်အတွင်းတွင် စောစောက
စက်အမြောက်ကြီးတပ်ဆင်ထားသောနေရာသည် ဟာလာဟင်း
လင်း ဖြစ်သွားလျက် သင်္ဘောကုန်းပတ်အတိုင်း ပကတိကျန်ရစ်ခဲ့
ပေတော့၏။

ထိုခဏ၌ သင်္ဘောခါးပန်းများသည် တကျွိကျွိမြည်လာ





ပြီးနောက် သင်္ဘောဦးမှသည် ပဲ့ပိုင်းအထိ နှစ်ဖက်စလုံးသော
ခါးပန်းများသည် ကြည့်နေရင်းကပင် တဖြည်းဖြည်းမြင့်၍မြင့်၍
တက်လာနေကြသည်ကို တွေ့ရှိရပြန်ပေ၏။

ကိုဝင်းသန်းသည် ကျွန်ုပ်၏လက်ကိုဆွဲပြီးနောက် တစ်
ဖက်သော သင်္ဘောခါးပန်းဆီသို့ ခေါ်ယူသွားပေရာ ကျွန်ုပ်သည်
တစ်ထွာခန့်ထုရှိသော သင်္ဘောခါးပန်း၏အကြားမှ အထူထုထည်
အားဖြင့် လက်မဝက်ခန့်ရှိသော သွပ်ပြားကြီးများသည် အလို
အလျောက် အထက်သို့မြင့်၍ တက်လာနေခြင်းဖြစ်ကြောင်း တွေ့
ရှိရပေ၏။

ထိုနေရာသို့ရောက်သောအခါ သွပ်ပြားကြီးများသည်
ရှေ့သို့ဆက်၍တက်မသွားတော့ဘဲ တစ်ခါတည်း ရပ်၍သွားလေ
၏။

ကျွန်ုပ်တို့ကား သင်္ဘော၏ဘေးတစ်ဖက်တစ်ချက်သို့
မြင်နိုင်တော့ပေ။ သွပ်ပြားချပ်ကြီးများသည် ကျွန်ုပ်တို့အား
င်လယ်ပြင်နှင့် ခွဲခြားပိတ်ဆီးလျက်ရှိနေပြီဖြစ်ပေ၏။

ဆက်လက်ဖြစ်ပေါ်လာသော အခြင်းအရာများကား
ကျွန်ုပ်၏မျက်စိများကိုပင် မယုံကြည်နိုင်တော့အောင် ထူးခြား
ဆန်းကြယ်ဖွယ်ဖြစ်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သွပ်ပြားချပ်ကြီးများသည် အထက်သို့ တည့်မတ်စွ
ထောင်၍နေရာမှ ပင်လယ်ဘက်ဆီသို့ တဖြည်းဖြည်း အိ၍ အိ
ငှက်အတောင်ဖြန့်သည့်အလား ကျဆင်းသွားကြပေ၏။

ထိုအချိန်တွင် သင်္ဘောစက်ခန်းမှ စောစောက ကြား
ရသော တဝီဝီ စက်ခုတ်သံမှာ နားအူလောက်အောင်ပင် မူလ
ထက် ပိုမိုကျယ်လောင်ပြင်းထန်လာသည်ကို သတိထားလိုက်
ပေ၏။

သွပ်ပြားများသည် သင်္ဘော၏ဘေးတစ်ဖက်တစ်ချ
သို့ တဖြည်းဖြည်း ညွတ်ကိုင်း၍ကျသွားကြသည်မှာ သင်္ဘော၀
၏ နှစ်ဘက်စလုံးကို အလိုက်သင့် အံကျဖုံးအုပ်ထိကပ်သွ
သည်အထိ ဖြစ်ပေ၏။

အဓိပ္ပာယ်ကား ရှင်းပါချေပြီ။

စောစောက မီးခိုးရောင်ဆေးသုတ်လိမ်းထားသေ
သင်္ဘောမှာ ယခုမူ အဝါရောင်သင်္ဘောတစ်စင်းအဖြစ်သို့
တောင်းလှသောအချိန်လေးအတွင်း၌ တစ်ခဏချင်း ပြောင်း
လျက် ရှိနေပြီဖြစ်၏။

အဝါရောင်သွပ်ပြားများသည် ရေမျက်နှာပြင်နှင့် ထိ
နီးနီးရှိသော ရွှေရောင်ဖောင်းရစ်မျဉ်းကြောင်းသို့ ရောက်သ





အထိ အလိုက်သင့် အံကျထိကပ်၍ သွားပေ၏။

သွပ်ပြားများကို အလိုရှိရာဆေးရောင် သုတ်လိမ်းရေး
ခြယ်၍ပေးခြင်းဖြင့် သင်္ဘော၏အရောင်ကို အမျိုးမျိုးပြောင်း၍
ပစ်နိုင်သော နည်းတစ်နည်းပင်ဖြစ်ကြောင်း စဉ်းစားမိပေတော့
၏။

သင်္ဘောခါးပန်းမှာ ထိုသွပ်ပြားများကို ထုတ်နိုင်သွင်းနိုင်
အောင် အံကဲ့သို့ ထွင်းဖောက်ထားရာ ပတ္တာများသည့် သွပ်ပြား
များကို ခေါက်၍ချနိုင်အောင် သင်္ဘောခါးပန်းနှင့် ဆက်သွယ်
လျက် ထားရှိပေ၏။

သင်္ဘောဝမ်းကို မူလနဂိုရောင်ဖြစ်သော မီးခိုးရောင်
အတိုင်း ပြန်၍ဖြစ်စေလိုသော် ဤသွပ်ပြားများကို ပြန်လည်၍
မ,ယူကာ သင်္ဘောခါးပန်းအကြားသို့ ပြန်၍ထည့်သွင်း ဖုံးဝှက်
လိုက်ခြင်းဖြင့် တစ်ခဏအတွင်း အရောင်ပြောင်းလဲသွားစေနိုင်
သော စနစ်ပင်ဖြစ်ပေ၏။

မြှင့်ခြင်း၊ သွင်းခြင်း၊ ထုတ်ခြင်း၊ ကာခြင်း စသည်တို့
အားလုံးကို သင်္ဘောစက်ခန်းမှ စက်ခလုတ်များဖြင့် ဖန်တီးခြင်း
ပင်ဖြစ်ကြောင်းကို ကိုဝင်းသန်းက ကျွန်ုပ်အား ရှင်းလင်းပြောပြပေ
၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းသန်းသည် ကျွန်ုပ်အား သဘော်ခေါင်းတိုင်ဆီသို့ လှည့်၍ကြည့်ဖို့ရန် ပြောဆိုပြန်သဖြင့် လှည့်ကြည့်လိုက်မိပြန်ရာ ကျွန်ုပ်အံ့ဩရမည့် ပြောင်းလဲမှုများသည် ကုန်ဆုံးခြင်းမရှိသေး ကြောင်း သတိပြုမိပေ၏။

ကျွန်ုပ်မြင်တွေ့ခဲ့ရသော သဘော်ခေါင်းတိုင်သည် ယခု အခါ စောစောကထက် နှစ်ဆခန့်ရှည်၍ ထွက်နေသည်ကိုလည်း ကောင်း၊ စောစောက ကျွန်ုပ်မမြင်မိခဲ့သော ခေါင်းတိုင်၏အရှေ့ နှင့်အနောက် နှစ်နေရာတွင် ပေလေးဆယ်ခန့် အမြင့်ရှိ၍ ကြိုး များ အသွယ်သွယ်တန်းလျက် ထောင်ပြီးသားဖြစ်နေသော ရွက် တိုင်ကြီးနှစ်ခုကိုလည်းကောင်း တွေ့ရပေ၏။

ထိုရွက်တိုင်ကြီးနှစ်ခုတို့သည် ပင်လယ်သွားကတ္တူကြီး များ၏ ထုံးစံအတိုင်း ရွက်လိပ်ကြီးများကို ထမ်းပိုးလျက် မိုးမိုး မတ်မတ် ရှိနေကြလေ၏။

“ကျုပ်တော့ အံ့ဩလို့ မဆုံးနိုင်တော့ပါဘူး ကိုဝင်း သန်း၊”

“ရန်သူအင်္ဂလိပ်တွေ ပတ်ချာဝိုင်းနေတဲ့ပင်လယ်ပြင်မှာ သဘော်ကိုလည်း ရုပ်ပြောင်းရုပ်လွှဲလုပ်ဖို့ လိုတာကိုးခင်ဗျ”

“အခုအတိုင်းဆိုရင် ကုန်သဘော်အသေးစားကလေး





တစ်စင်းလို ဖြစ်သွားတာပေါ့ဗျာ”

“ဂျပန်တွေဟာ ဒီသဘော်လေးနဲ့ တနင်္သာရီအောက်ခြေ မှာ စားလာတာ ဘယ်လောက်ကြာပြီလဲဗျာ၊ တံငါလှေဆိုပြီးတော့ အင်္ဂလိပ်စစ်တပ်တွေရော၊ မြန်မာတော်လှန်ရေးသမားတွေရော အမှုမဲ့ အမှတ်မဲ့နဲ့ နေခဲ့ကြတာပေါ့”

“ဩော် ... ဒီသဘော်က ဂျပန်တွေဆီက ရလိုက်တာ လား၊ သူတို့နိုင်ငံက ကျွန်းနိုင်ငံလေးဖြစ်ပေမယ့် စက်မှုသိပ္ပံထွန်း ကားတဲ့နေရာမှာ အရှေ့ရောအသံပါ ကြားရတဲ့ ရုပ်မြင်သံကြား တယ်လီဗေးရှင်းစက်တွေတောင် ဒုတိယကမ္ဘာစစ်အတွင်းမှာ ပေါ် နေပြီဆိုပဲ၊ လောကဓာတ်ပညာအပိုင်းမှာ ဥရောပနိုင်ငံတွေကို ပြိုင်နိုင်တဲ့လူမျိုးဗျ”

“ဟုတ်ပါတယ်ဒေါက်တာ၊ ဒီစစ်သဘော်ဟာ ကျွန်တော် တို့ ပင်လယ်ပြောက်ကျား တော်လှန်ရေးသမားတွေရဲ့ အမြတ် တစ်ခုဆိုပါတော့ဗျာ၊ တစ်နည်းအားဖြင့် ဒီသဘော်ကို ကြယ်နီရှင် သခင်မရဲ့အစွမ်းကြောင့် ရခဲ့တယ်လို့ ပြောမယ်ဆိုရင်လည်း ရ ပါတယ်”

“ဩော် ... ဘယ်ပုံဘယ်နည်းနဲ့ ရလာခဲ့ရပုံ အကြောင်း စုံကို သိကြားချင်စမ်းပါဘိ ကိုဝင်းသန်းရယ်”



www.burmeseclassic.com

www.burmeseclassic.com



"နောက်များကျမှ အေးအေးဆေးဆေးပြောပြပါ့မယ်၊ အခုတော့ ကျွန်တော့်မှာ အလုပ်ကိစ္စတွေရှိသေးလို့ ခွင့်ပြုပါဦး၊ ကျွန်တော်တို့စခန်းချထားရာ ကျွန်းဆီကိုတော့ မိုးလင်းပြီးရင် ရောက်ရမှာပါ"

ကျွန်ုပ်သည် လက်ပတ်နာရီကိုကြည့်လိုက်ရာ ခြောက်နာရီထိုးတော့ရန် မိနစ်နှစ်ဆယ်မျှသာ လိုတော့သည်ကို တွေ့ရှိရပေ၏။

ကျွန်ုပ်၏အခန်းသို့ ပြန်ရောက်၍ ခုတင်ပေါ်တွင် ကိုယ်လက်ဆန့်တန်းရန် လှဲချလိုက်လေရာ မကြာမီပင် ကျွန်ုပ်မှာ အိပ်ပျော်သွားလေတော့သတည်း။

❊ ❊ ❊





# ပုံမှန်းစရာ မိန်းမတစ်ယောက်မတုတ်

'ဒေါက် ဒေါက် ဒေါက်'

ကျွန်ုပ်သည် တဒေါက်ဒေါက်နှင့် အပြင်မှ တံခါးခေါက်သံကြောင့် ပြန်၍နိုးလာသောအချိန်၌ နံနက်လင်း၍ ခုနစ်နာရီခွဲခန့် ရှိနေပြီကို တွေ့ရှိရပေ၏။

တံခါးကို ဖွင့်လိုက်သောအခါ၌ ကျွန်ုပ်၏အံ့အားသင့်ခြင်းသည် ခြေလှမ်းများကို နောက်ကိုပြန်၍ ဆုတ်လိုက်မိသည်အထိ ကြီးမားလှပေတော့၏။

တစ်ကိုယ်လုံးတွင် ဖြူဆွတ်သောအဝတ်အစားများကို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသော ဂျပန်တစ်ယောက်သည် ကျွန်ုပ်အား စာတစ်စောင်ကို ကမ်းလင့်ရင်း ကျွန်ုပ်၏မျက်နှာကို ပြုံးရွှင်စွာ စိုက်၍ကြည့်နေသည်ကို တွေ့ရှိရပေ၏။

"အိပ်ပျော်နေပါသလားခင်ဗျာ၊ အခုလို တံခါးခေါက်ပြီးနှိုးရတာ ဝမ်းနည်းပါတယ်၊ အစ်မကြီးက ဒီစာကို အပေးခိုင်းလိုက်လို့ပါ"

ဗမာစကားကို မပီကလာ ပီကလာဖြင့် ကျွန်ုပ်အား ပြောဆို၍နေပေ၏။

သူတို့ လျှို့ဝှက်စခန်းတွင် မယုံကြည်နိုင်စရာ တွေများလှပါတကား။ ဤကဲ့သို့သော ဂျပန်လူမျိုးတစ်ယောက်သည် ဤသင်္ဘောပေါ်၊ ဤလူသိုက်အလယ်၌ အဘယ်နည်း အဘယ်ပုံ ရောက်ရှိနေလေသနည်း။

သို့

ဒေါက်တာရန်နိုင်စိုး

ကျွန်မအခန်းသို့ လက်ဖက်ရည်သောက်ကြွခဲ့ပါရှင့်၊ ယခု စာယူလာသူက လမ်းပြ၍ ခေါ်ဆောင်ပါလိမ့်မည်။

(ခင်မမ)





စာတွင် ဤမျှသာ ပါရှိပေ၏။

ကျွန်ုပ်ကား အိပ်မက်နယ်ကြီးထဲ၌ အံ့ဖွယ်အိပ်မက်များကို တစ်ခုပြီးတစ်ခု ဆက်၍ ဆက်၍ မက်နေပါလေပြီ။

အဘယ်အချိန်တွင် အိပ်မက်နယ်မှ လန့်၍နိုးပါအံ့နည်း။

မျက်နှာသစ်၍ အဝတ်အစားများ လဲလှယ်ပြီးသောအခါ ကျွန်ုပ်ကိုစောင့်နေရရှာသော ဂျပန်အမျိုးသားလေးသည် ကျွန်ုပ်အား သင်္ဘောကုန်းပတ်ပေါ်သို့ ခေါ်ဆောင်သွားပေ၏။

ကုန်းပတ်ပေါ်သို့ရောက်သောအခါ ကျွန်ုပ်တို့သည် သင်္ဘောပဲ့ပိုင်းဆီ သွားရပြန်၏။

သင်္ဘောပဲ့ပိုင်း၌ ကျွန်ုပ်၏အခန်းရှိရာသို့ ဆင်းရသော လှေကားမျိုးနှင့် မခြားသော အလားတူလှေကားတစ်ခုဖြင့် သင်္ဘောဝမ်းအတွင်းသို့ ဆင်းရပြန်၏။

မကြာမီ ကျွန်ုပ်သည် အတန်ငယ်ကျယ်ဝန်းသော အခန်းကြီး၏အလယ်မှ စားပွဲဝိုင်းတစ်ခုတွင် နေရာချထားခြင်းကို ခံရပေ၏။

ဂျပန်လူငယ်သည် ကျွန်ုပ်အား နေရာချထားပြီးသည်နှင့် တစ်ပြိုင်နက် သင်္ဘောကုန်းပတ်ပေါ်သို့ ပြန်၍တက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် ကျွန်ုပ်တစ်ဦးတည်းသာလျှင် ကျန်ရစ်ခဲ့ပေတော့၏။

အခန်းမှာ အိမ်ညှော်ခန်းသဖွယ် စိတ်ကြည်နူးစရာ ခင်းကျင်းပြင်ဆင်ထားသည်ကို တွေ့ရှိရပေ၏။

အခန်း၏ တစ်ခုသောထောင့်တွင် စာအုပ်အပြည့်နှင့် မှန်ဗီရိုကလေးတစ်လုံးကို တွေ့ရှိရပေ၏။

စာအုပ်အမျိုးအမည်နှင့် နာမည်များကို မဖတ်ရှုနိုင်သော်လည်း အားလုံးပင် အင်္ဂလိပ်စာအုပ်များဖြစ်ကြောင်း သိရှိရပေ၏။

ကြမ်းပြင်မှာ အစိမ်းနှင့်အနီးခွဲရောင်ကော်ဇောကို ခင်းထား၏။

အခန်းအလယ်တွင်မူ ကျောက်စားပွဲဝိုင်းတစ်လုံးကို တစ်ယောက်ထိုင်ဆိုဖာ သုံးလုံးနှင့် နှစ်ယောက်ထိုင်တစ်လုံးက ဝိုင်းလျက် ရှိ၏။

ကျောက်စားပွဲဝိုင်းပေါ်ရှိ ကြွေးနီပန်းစိုက်အိုးတွင် နေကြာပန်းပွင့် နီရဲရဲကြီးများကို ထိုးစိုက်ထားရာ ပန်းများမှာ လန်းဆန်းလျက် ရှိနေကြပေ၏။

ပန်းအိုး၏နံဘေးတွင် စီးကရက်ပြာခံခွက်နှစ်ခု ချထားလျက် ပုဂံမြို့မှထွက်သည့် ယွန်းသေတ္တာတစ်လုံး၌ ဆေးပြင်း





လိပ်၊ စီးကရက်အပြည့်ထည့်လျက် အဖုံးပိတ်ထားပေ၏။

ကျွန်ုပ်၏လက်ယာဘက်ရှိ နှစ်ယောက်ထိုင်ဆိုဖာ၏ လက်ရန်းပေါ်၌ စက္ကူတစ်ရွက် ညှပ်ထားသော ဖတ်လက်စဖြစ်ဟန်တူသည့် အင်္ဂလိပ်စာအုပ်တစ်အုပ်ကို တွေ့ရှိရ၏။

ကောက်ယူကြည့်မိရာ အင်္ဂလိပ်စနိုးရေးသားသော 'တရုတ်ပြည်ပေါ်မှ ကြယ်နီ' (Red Star Over China) ခေါ် စာအုပ်ဖြစ်နေကြောင်း တွေ့ရှိရလျက် စာအုပ်၏ပထမမျက်နှာတွင် 'ခင်မမ' ဟူ၍ မင်နီဖြင့်ရေးထိုးထားသော စာလုံးများကို တွေ့ရှိရပေ၏

ကျွန်ုပ်သည် စာအုပ်ကို မူလနေရာသို့ ပြန်ချတော့မည် ပြုနေစဉ်မှာပင် ကျွန်ုပ်၏ရှေ့တည့်တည့်မှ အခန်းတံခါး ရုတ်တရက် ပွင့်လာပြီးနောက် ကြယ်နီရှင်သခင်မသည် အခန်းထဲမှ ထွက်လာနေသည်ကို တွေ့ရှိရပေ၏။

သူမ၏နောက်တွင် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူလပျစ်နှင့် ကာကီရောင်ဘောင်းဘီရှည်ဝတ်ထားပြီး ကာကီရှပ်လက်ရှည်ကို ဆင်ယင်ထားသော လူတစ်ယောက်သည်လည်း စာရွက်ထပ်တစ်ခုကို ကိုင်လျက် လိုက်ပါလာသည်ကို တွေ့ရှိရပေ၏။

ကြယ်နီရှင်သခင်မသည် ထိုသူအား တစ်စုံတစ်ရာ မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြားပြောဆိုလျက်ရှိ၏။

ကျွန်ုပ် တစ်ဝက်တစ်ပျက် ကြားလိုက်ရသော စကားများမှာ ...

"မကြာပါစေနဲ့ ကိုကျော်စိုး၊ ခုနကပြောတဲ့သတင်းကို အခုချက်ချင်းပဲ ပြန်ပို့လိုက်ပါ၊ ဒါမှလည်း သူတို့လည်း အားတက်သွားကြမယ်"

ဟူ၍ ဖြစ်ပေ၏။

ကိုကျော်စိုးဆိုသူလည်း သူ၏သခင်မအား ခေါင်းညိတ်အရိုအသေပြုပြီးနောက် အခန်းထဲမှ လျှင်မြန်စွာထွက်ခွာသွား၏။

ထိုအခါ ကျွန်ုပ်အား ခင်မမသည် တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် တစ်စုံတစ်ရာမျှပြောဆိုခြင်းမပြုဘဲ လျှောက်လှမ်းလာပြီးလျှင် မျက်နှာချင်းဆိုင်ဆိုဖာပေါ်၌ ထိုင်လိုက်လေ၏။

ကြယ်နီရှင်သခင်မ၏မျက်နှာမှာ စိတ်နှလုံးမသာယာသောအမူအရာများ ယှက်သန်းလျက်ရှိပေ၏။

"ရောက်နေတာ အတော်ကြာသွားပြီလား ဒေါက်တာ"

"သိပ်မကြာသေးပါဘူး ... အခုကလေးပဲ ဆိုပါတော့ဗျာ"

"ကျွန်မ စိတ်မချမ်းသာဘူးရှင်၊ ကျွန်းစခန်းက အခုနက





ပဲ ဝိုင်ယာလက်(စ်)နဲ့ သတင်းတစ်ခုရောက်လာတယ်၊ ညက လူနှစ်ယောက် ပလိပ်ရောဂါကြောင့် ထပ်သေသွားပြန်ပြီတဲ့၊ သူတို့ပါနဲ့ဆိုရင် စုစုပေါင်း ပလိပ်ရောဂါနဲ့ကူးစက်သေသွားသူ စုစုပေါင်း ၃၅ ယောက် ရှိသွားပြီရှင့်"

ကြယ်နီရှင်သခင်မသည် ပြောပြောဆိုဆို ထိုင်ရမှထလိုက်ပြီး အခန်းနံရံမှ ခလုတ်ကလေးတစ်ခုကို သွား၍နှိပ်၏။

ထို့နောက် နေရာဆီသို့ ပြန်လာပြီး ထိုင်ချလိုက်ရာ လှပချောမောလွန်းသော မျက်နှာမှာ သိသိသာသာပင် ညှိုးငယ်လျက်ရှိနေကြောင်း သတိထားလိုက်မိ၏။

"ကျွန်းဆီကိုရောက်ဖို့ ဘယ်လောက်ကြာဦးမှာလဲ ခင်ဗျ"

"နောက်တစ်နာရီလောက်ဆိုရင် ရောက်ပါတော့မယ်၊ ကျွန်မတော့ မြန်မြန်ပြန်ရောက်ပါစေတော့လို့ ဆုတောင်းမိတော့တာပါပဲရှင်၊ ဒါပေမဲ့ အခုလို ဒေါက်တာရန်နိုင်စိုးပါလာလို့ ကျွန်မတော့ အားတက်မိပါရဲ့၊ ကျေးဇူးလည်း အထူးတင်ပါတယ်ရှင်"

ထိုခဏ၌ စောစောက ကျွန်ုပ်အား လာ၍ခေါ်သော ဂျပန်လုလင်သည် လက်ဖက်ရည်နှင့် ဘီစကွတ်မုန့်များကို စားပွဲပေါ်သို့ လာ၍ချပေးပြီး ချက်ချင်းပြန်၍ထွက်သွားပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အတွက် လက်ဖက်ရည် ပန်းကန်ကို ၎င်းကိုယ်တိုင် ထ၍ယူပြီး ကျွန်ုပ်အား ကမ်းလျက် . . .

"လက်ဖက်ရည်သောက်လိုက်ပါဦး ဒေါက်တာ၊ မုန့်လည်း သုံးဆောင်ပါ"

ဟု ဆိုပြီးနောက် ၎င်းကမူ လက်ဖက်ရည်ကို ယူငင် မသောက်သေးဘဲ ဖြူဖွေးသော လက်ချောင်းကလေးများဖြင့် နဖူးကိုထောက်ကာ ခေါင်းကို အတန်ကြာငုံ့လျက်နေလေ၏။

ဤအမူအရာကလေးသည်ပင် သူမ၏စိတ်ထဲတွင် မည်မျှလောက် ထိခိုက်လှုပ်ရှားနေသည်ကို ဖော်ပြ၍နေပေရာ ကျွန်ုပ်မှာ ကြယ်နီရှင်သခင်မအတွက် အလိုလိုပင် သနားကရုဏာ သက်မိရက်သား ဖြစ်၍လာပေ၏။

"ဒီလောက်တောင်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့ ခင်ဗျာ၊ ကျွန်တော်တို့ရောက်သွားပြီးရင် ရောဂါလည်း တန့်သွားမှာပေါ့"

ကျွန်ုပ်သည် ကြယ်နီရှင်သခင်မအား စိတ်သက်ရာ ရလိုရငြား အားပေးနှစ်သိမ့်ခြင်းပြုလိုက်လေ၏။

ထိုအခါ သူမသည် ကျွန်ုပ်အား တစ်ချက်မော့၍ ပြုံး





ကြည့်လိုက်ပြီးနောက် . . .

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်မလည်း ဒီအတိုင်း မျှော်လင့်မိတာပါပဲ"

ဟုဆိုလျက် လက်ဖက်ရည်ပန်းကန်ကိုပင် အထူးစိတ်ဝင်စားနေပြန်သကဲ့သို့ စူးစူးဝါးဝါး စိုက်၍ကြည့်နေပေ၏။

"ပလိပ်ရောဂါ ဘယ်လိုစဖြစ်လာတယ်ဆိုတာ တစ်ဆိတ် ကျွန်တော်သိပါရစေ ခင်ဗျာ"

ကျွန်ုပ်မှာ ကရုဏာမိုးကြီး တသွင်သွင်ရွာ၍နေသော အသံမျိုးဖြင့် နှုတ်သွက် လျှာသွက် ဖြစ်၍နေ၏။

"ဒီလိုရှင့် . . . လွန်ခဲ့တဲ့ ၁၅ ရက်လောက်တုန်းက ကျွန်မတို့ကျွန်းကို ကတ္တူလှေတစ်စင်းနဲ့ ပင်လယ်ထဲမှာ ဆယ်ရက်လောက် မျောနေတဲ့ တရုတ်နှစ်ယောက် ရောက်လာတယ်၊ သူတို့ကို ကျွန်းနဲ့ သုံးမိုင်လောက်မှာတွေ့လို့ ကျွန်မတို့ကျွန်းက လူတွေက သွားရောက်ကယ်တင်ခဲ့တယ်၊ သူတို့မှာ အဲဒီ ပလိပ်ရောဂါ ပါလာခဲ့တယ်၊ ကျွန်းပေါ်ရောက်ပြီး ကျွန်မတို့ အမျိုးမျိုးကုသပေမယ့် နှစ်ရက်ပဲခံတယ်၊ နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် သေသွားကြပါတယ်"

"မခင်မမတို့ကျွန်းပေါ်စခန်းမှာ ဆရာဝန်မထားဘူး



www.burmeseclassic.com

www.burmeseclassic.com



လား''

''ဪ ... ဆရာဝန်လား၊ အစက ဆရာဝန်တစ်ယောက် ကျွန်မတို့ဆီမှာ ရှိပါရဲ့၊ အခု သူ မရှိတော့ဘူး''

''ခင်ဗျာ''

''တိုက်ပွဲတစ်ခုမှာ ကျည်ဆန်သင့်ပြီး ဆုံးရှာရတာပါ တစ်လလောက်ရှိသွားပြီ ဆိုပါတော့ရှင်''

ကြယ်နီရှင်သခင်မသည် ဤစကားကို ဆက်လက်၍ မပြောဆိုလိုတော့သည့်အသွင်ဖြင့် လက်ဖက်ရည်ပန်းကန်ကို လှမ်း၍ယူလိုက်ပြီး လက်ဖက်ရည်ကို ဖြည်းညင်းစွာ ကျိုက်၍ နေပေသည်။

ထို့နောက် ပန်းကန်ကို လင်ပန်းထဲသို့ ပြန်၍ချလိုက်ကာ

''တစ်ခုပြောပါရစေ ဒေါက်တာ ... ကျွန်မအကြောင်း ပတ်သက်ပြီး ကြားထားတဲ့သတင်းတွေ ရှိကောင်းရှိပါလိမ့်မယ်၊ အဲဒီသတင်းတွေကို ကျွန်မနဲ့ အခုလို နေရထိုင်ရတဲ့အတွင်းမှာ အားလုံးမေ့ထားပါလို့ ကျွန်မ တောင်းပန်ချင်ပါတယ်၊ ဒီသတင်းတွေ ဒေါက်တာကြားထားရတော့ အခုလို ပလိပ်ရောဂါကပ်ဆိုးကြီးကြောင့် အသက်ပေါင်းများစွာကို ကယ်ဆယ်ပေးရမယ့်အလုပ်မှာ ကျွန်မအပေါ် အမြင်မကြည်မလင်ဖြစ်ပြီး ဒေါက်တာ့ဘက်က





စေတနာအပြည့်မပေါ်လာနိုင်မှာကို ကျွန်မ အင်မတန်စိုးရိမ်ပါတယ် ...၊

ကျွန်မအကြောင်းနဲ့ပတ်သက်လို့ အခွင့်သင့်တဲ့တစ်နေ့မှာ လူတွေ ကျွန်မအပေါ် အထင်ရောက်နေသလောက် မုဆိုးတစ်ပိုင်း မိန်းမရိုင်းလိုမျိုး ရွံ့မုန်းစရာမိန်းမတစ်ယောက် မဟုတ်ဘူးဆိုတဲ့အကြောင်း ကျွန်မ လက်တွေ့ရှင်းပြနိုင်ကောင်း ပြနိုင်ပါလိမ့်မယ်၊ ကျွန်မ အခုလို လက်ဖက်ရည်သောက်ဖိတ်ပြီး အမိကထား ပြောချင်တာကတော့ အဲဒါပါပဲ ဒေါက်တာ''

ဟု တောက်လျှောက်ကြီး မနားတမ်းပြော၍ချလိုက်ပေ၏။

ထိုခဏ၌ ကျွန်ုပ်မှာ ကြယ်နီရှင်သခင်မ၏ ဤမျှလောက် ပွင့်လင်း၍ တဲ့တိုးနိုင်လှသောစကားများအတွက် အံ့အားသင့်ခြင်း၊ စိတ်ဝင်စားခြင်းစသော ညှတ်တိမ်းဆွဲဆောင်မှုများ၏ ရစ်ပတ်ခြင်းကို ခံရပြီးသော် ရုတ်တရက် မည်သို့ပြန်၍ပြောဆိုရမည်ကိုပင် သိတော့အောင် နှုတ်ဆိတ်၍ နေမိလေ၏။ ခဏကြာမှ ...

''ကျွန်တော်လည်း ကြားရတာတွေအကုန်လုံးကို မယုံကြည်မိပါဘူးဗျာ၊ ခင်မမှာ အကျိုးအကြောင်းခံယူချက် ပြင်းပြတစ်ခုကြောင့်သာ အခုလို မလွှဲမသွေ လုပ်ရတယ်လို့ ယူဆမိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်၏မျက်နှာကို အကဲခတ်

သကဲ့သို့ တစ်ချက်မျှ စိုက်၍ကြည့်လိုက်ပြီးနောက် အေးအေး

ငြိမ်သက်သောအသံဖြင့် ...

''ကျေးဇူးတင်ပါတယ် ဒေါက်တာ''

ဟု ဆိုလိုက်ပေ၏။

ထို့နောက် ကျွန်ုပ်သည် မည်သည့်စကား ဆက်ရမည်

ကို စဉ်းစားတွေးတော၍ မရတော့ပေ။

ကျွန်ုပ်၏မျက်လုံးများကား ကြယ်နီရှင်သခင်မ၏မျက်နှာ

ပေါ်၌သာ အဆက်မပြတ် ကျရောက်နေလေတော့ရာ ကျွန်ုပ်၏

မျက်လုံးတန်ခိုးများသည် မည်မျှလောက် အစွမ်းထက်၍ အကြည့်

သန်သည်ကို မသိရ ...။

သူမသည်ပင်လျှင် ကျွန်ုပ်၏မျက်လုံးများကို ပြန်လည်

ရင်ဆိုင်ခြင်းငှာ မဝံ့ရဲတော့သကဲ့သို့ မျက်နှာကိုငုံ့လျက် လွှဲလိုက်

သည်ကို တွေ့ရှိရပေ၏။

ဤတွင်မှ ကျွန်ုပ်မှာ အတော်ကလေးပင် တရားလွန်

လျက် ရှိနေပြီကို သတိပြုမိတော့၏။

ထို့ကြောင့် ကြယ်နီရှင်သခင်မအား အားနာ၍ ကိုယ့်ကို





ကိုယ်ရှက်ကာ အဓိပ္ပာယ်မရှိ ထိုင်ရာမှ ရုတ်တရက် ထလိုက်မိ

ပြစ်၍သွားပေ၏။

ထိုအခါ ကြယ်နီရှင်သခင်မက ...

''ပြန်တော့မလို့လား ဒေါက်တာ''

ဟု လှမ်း၍မေးရာ ကျွန်ုပ်လည်း စိတ်လှုပ်ရှားခြင်းကို

တိဖြင့် ပြန်၍ထိန်းကာ ...

''ဟုတ်ကဲ့ ... ကျွန်တော်ပြန်တော့မယ်ဗျာ''

ဟု အလိုက်သင့် ပြန်၍ဆိုလိုက်ရပေတော့၏။

သို့သော်လည်း ကျွန်ုပ်၏ခြေလှမ်းများမှာ တစ်လှမ်းမျှ

ရွေ့နိုင်သေးချေ။

ကြယ်နီရှင်သခင်မရှေ့မှ လှည့်၍ထွက်လာခဲ့ရန်ပင်

တော်ခက်ခဲဝန်လေးလျက်ရှိနေပြန်သည်ကို တွေ့ရှိရပေ၏။

သို့ဖြစ်၍ ရုတ်တရက် လှည့်ထွက်ကာမလာနိုင်သေးဘဲ

ားတစ်ခုဆက်ရန် အကြံယူ၍နေမိပြန်၏။

ထိုအခါ နတ်များ နှိုးဆော်လိုက်သည့်အလား ရုတ်တ

စိတ်ကူးတစ်ခု ပေါ်၍လာသဖြင့် ...

''ဩော် ... ဒါနဲ့ ခင်မမအနေနဲ့ ဝေဒနာသည်တွေကို

တိုင်နီးနီးကပ်ကပ် စစ်ဆေးကြည့်ရှုခဲ့ဖူးသလား ... ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကို ပြောပါဦး''

ဟု စကားအဆက်တစ်ခုရသွားပေ၏။

ဤတွင် ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အား မော့ မကြည့်ဘဲ အခန်း၏အပြင်ဘက်သို့ လှမ်း၍ကြည့်ရင်းက ...

''ဖြစ်သမျှလူနာတွေအားလုံးကို ကျွန်မကိုယ်တိုင် ကိုယ် ဖိရင်ဖိ ပြုစုခဲ့တယ်၊ တချို့ကတော့ ကျွန်မရင်ခွင်ထဲမှာ အသ ပျောက်သွားကြတာပဲ၊ သူတို့က ကျွန်မကို အမေလို သဘောထ တယ်၊ သူတို့တစ်တွေကို ကျွန်မရဲ့သားအရင်းတွေလို့ အော မေ့တယ်၊ သူတို့ကို ပွေ့ထားတဲ့အချိန်မှာ သူတို့ဟာ နှစ်ရှည်လမျ ကွဲနေတဲ့ သူတို့ရဲ့ နေရင်းရပ်ဌာနေက အမေအရင်းရဲ့ရင်ခွင် ပြန်ရောက်သလိုပဲလို့ ပြောကြတယ်၊ အို ... သူတို့လော သနားစရာကောင်းတာ ရှိနိုင်ပါဦးမလားဒေါက်တာရယ်''

ထို့နောက် ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အား မော့ ကြည့်ပြီးနောက် ဆက်လက်၍ ...

''ဒါတွေဟာ ကျွန်မရဲ့တာဝန်ပဲ၊ သူတို့ရဲ့အသက် လာပြီးဆွဲထုတ်နေတဲ့ ရှင်သေမင်းကို ကျွန်မ တိုက်မထုတ်နိုင် ကျွန်မကိုယ်တိုင် သူတို့နဲ့အတူ သေမင်းရဲ့နိုင်ငံကို လိုက်ဖို့ အသ ရှိပါတယ်''





ဟု သွက်လက်စွာ ပြောဆိုပေ၏။

''ခင်မမရဲ့ ကရုဏာစိတ်ဓာတ်ကို ကျွန်တော် လေးလေး နက်နက် ချီးကျူးပါတယ်ဗျာ၊ ဒါပေမဲ့ ကိုယ့်အသက်ခန္ဓာကိုလည်း အဲဒီလောက်ကြီး ပစ်စလက်ခတ်ထားလို့ မဖြစ်သေးဘူးခင်ဗျ၊ ကြယ်နီရှင်သခင်မကိုယ်တိုင်ကကော ဘာအသားနဲ့ ထုဆစ်ထား သလဲ ... သွေးသားနဲ့ကိုယ်ခန္ဓာပဲ မဟုတ်လား၊ မခင်မမအနေ နဲ့ကော ပလိပ်ရောဂါကာကွယ်ဆေး ဘယ်တုန်းက နောက်ဆုံး ထိုးခဲ့ပါသလဲ''

''ရှင် ... ပလိပ်ရောဂါကာကွယ်ဆေး ... ဟုတ်လား၊ အင်း ... လွန်ခဲ့တဲ့သုံးနှစ်ကျော်လောက်က တစ်ခါတော့ ထိုးခဲ့ ဖူးတယ်၊ အို ... ကျွန်မအတွက်က သိပ်အရေးမကြီးပါဘူးရှင်''

ထိုအခါ ကျွန်ုပ်က မခင်မမအတွက်လည်း ရောဂါကာ ကွယ်ဆေးမှာ အရေးကြီးကြောင်း၊ ကာကွယ်ခြင်းက ကုသမှု ထက် အရေးကြီးသဖြင့် ယခုပင် ပလိပ်ရောဂါကာကွယ်ဆေး ထိုးပေးလိုကြောင်း ပြောဆိုလိုက်ပေ၏။

နောက်ဆုံးတွင် ခင်မမသည် ကျွန်ုပ်၏အလိုဆန္ဒကို လိုက်လျောရပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဆေးသေတ္တာရှိရာကို ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကြယ်နီရှင်သခင်မကိုပင်မက သင်္ဘောတစ်စီးလုံးတွင် ပါလာခဲ့သမျှ လူပေါင်း (၄၀) ကျော်ကိုပါ တစ်ပါတည်းဆက်၍ ထိုးနှံပေးလိုက်ရာ မခင်မမကိုယ်တိုင်က ကျွန်ုပ်အား စိတ်ပါ လက်ပါ ကူညီခြင်းပြုပေ၏။

အားလုံးပြီးစီး၍ ကျွန်ုပ်သည် မိမိ၏အခန်းသို့ ပြန်တော့ မည်ပြုသောအခါ၌ ကြယ်နီရှင်သခင်မသည် အနီးသို့ အသား ချင်း ထိလုမတတ် ထိကပ်၍လာပြီးနောက် ကျွန်ုပ်၏ မျက်နှာကို အားကိုးယုံကြည်သောမျက်ဝန်းများဖြင့် မော့ကြည့်ကာ အောက်ပါ အတိုင်း ရင်ဖွင့်ပြောဆိုခြင်းပြုလိုက်ပေ၏။

"ကျွန်မတို့နှစ်ယောက် သေမင်းဆိုတဲ့ရန်သူကို ရင်ဆိုင် တိုက်ကြပါစို့နော်" ...။

❊ ❊ ❊





# လိုက်လှဲစွာကြိုဆိုသူများ

စိမ်းစိုညိုမှိုင်း၍ ရှတ်တရက်အားဖြင့် ကြည့်လိုက်သော် ဟင်းသောက်ပန်းကန်လုံးကြီးတစ်လုံးကို ရေပေါ်တွင်မှောက်၍ ထားဘိသကဲ့သို့ မှတ်ထင်ရသော ကျွန်းတစ်ကျွန်းကို နံနက် ဆယ်နာရီသာသာခန့်တွင် ကျွန်ုပ် တွေ့မြင်ရပေ၏။

ကိုဝင်းသန်းသည် မှန်ဘီလူးတစ်ခုကို ယူလာပြီး နောက် ကျွန်ုပ်အား ကမ်းလင့်ရင်း ...

"အဲဒီကျွန်းပဲ ဒေါက်တာ၊ နောက် ၁၅ မိနစ်လောက် ကြာရင် ကျွန်တော်တို့ ရောက်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း မှန်ဘီလူးဖြင့် ကျွန်းဆီသို့ လှမ်း၍ကြည့်လိုက်ရာ စိမ်းစို၍ထူထပ်သော တောအုပ်တို့ အုံ့ဆိုင်း လျက်ရှိကာ ကျွန်း၏အခြေမှ ကျောက်စိုင်ကျောက်ထွင့်၊ ကျောက် တုံးကျောက်ခဲကြီးများသည် ကျွန်ုပ်တို့ထံသို့ တစ်ရှိန်ထိုးပြေးလာ နေသည်ဟု ထင်မှတ်ရပေ၏။

ကျွန်းဟုဆိုစေကာမူ အလွန်အားကောင်းသော ကျွန်ုပ်၏ မှန်ဘီလူးတွင် ထင်ပေါ်လာသော သဏ္ဌာန်များကား အောက်ခြေ မှ ခါးတစ်ဝက်လောက်အထိ ထူထပ်သောသစ်ပင်တို့ဖြင့် ဖုံးအုပ် နေလျက် ထိုတစ်ဝက်မှ အထက်အထိ တွေ့မြင်ရသော ပုံ သဏ္ဌာန်ကား တောင်ခိုးတောင်ငွေ့များ ရစ်သိုင်းဆိုင်းစိုနေသည့် တောင်ကြီးတစ်လုံး၏သဏ္ဌာန်ပင် ဖြစ်ပေတော့၏။

ဤနေရာ ဤဒေသမျိုးတွင် တောရိုင်းတိရစ္ဆာန်တို့မှ တစ်ပါး အဘယ်မည်သော လူသတ္တဝါတို့သည် ခြေမဦးချ နေ ထိုင်နိုင်ကြပါအံ့နည်း။

"ဒီနေရာကနေ ကြည့်တော့ ဘာတွေများ ထူးထူးခြား ခြား မြင်ရသလဲဗျ"

ဟု ကျွန်းဆီသို့ မျှော်ကြည့်နေသော ကိုဝင်းသန်းက





ကျွန်ုပ်အား မေးလိုက်ပေ၏။

"မှိုင်းနေတဲ့တောင်ထွဋ်နဲ့ တောနက်ကြီးကို မြင်ရတာ ပေါ့၊ ဒီ့ပြင် ထူးခြားတာကိုတော့ ကျွန်တော် မမြင်ရသေးဘူး ခင်ဗျ"

"ကျွန်းရဲ့အောက်ခြေနားကို ဂရုစိုက်ကြည့်လိုက်စမ်းပါ ဦးဗျာ"

"ချောက်ကမ်းပါးကြီးတွေက တယ်ပြီးတော့ စောက် လွန်းလှပါကလားဗျ၊ ရေကလည်း ကျွန်းရဲ့အောက်ခြေမှာ အတော် အစီးသန်ပုံရတယ်"

"ဒီလိုကျွန်းမျိုးမှာ လူသူနေလိမ့်မယ်လို့ကော ထင်နိုင်ပါ့ မလားဗျာ"

"ကျွန်တော်တော့ အခုအထိ လူရိပ်သူရိပ်ကို မမြင်သေး ဘူး ကိုဝင်းသန်း၊ ကျွန်းပေါ်ရောက်ရင်တော့ မပြောတတ်ဘူး"

"ပင်လယ်မှာသွားနေတဲ့ သင်္ဘောတွေမှန်သမျှ ဒီကျွန်း နားကိုရောက်ရင် ဒီလိုပဲ ထင်ကြတာပဲ၊ ဒီကျွန်းနားကို သင်္ဘော တော်တော်များများလည်း မရောက်သလောက် ဆိုရမှာပေါ့၊ ဒီတစ်ပိုက်မှာ ရေစီးက အင်မတန်မြန်ပြီး ကျောက်ဆောင်တွေက လည်း တင်းကြမ်းဖြစ်နေလို့ အရင်တုန်းကဆိုရင် ခဏ ခဏ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်နဲ့တိုက်ပြီး သင်္ဘောတွေ မြုပ် မြုပ်သွားတယ်''

''အင်း ... ဒီလိုဆိုရင် သင်္ဘောရှောင်ကျွန်းပေါ့ဗျာ''

''ဘယ်သူက ဘယ်လိုကြီးရှောင်နေပေမယ့် မရှောင်တဲ့ သူတွေအဖို့တော့ ဒီကျွန်းဟာ အင်မတန်အသုံးဝင်ပေတာပဲဗျ၊ စစ်မဖြစ်ခင်တုန်းကဆိုရင် တံငါယောင်ဆောင်နေတဲ့ ဂျပန်တွေဟာ ဒီကျွန်းကို ခြေကုပ်ယူပြီး ပင်လင်ပြင်မှာ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နေကြတာပေါ့၊ ကျွန်းပေါ်ရောက်ရင် အံ့သြစရာတွေ အခုထက်ပိုပြီး မြင်ရပါလိမ့်မယ်ဗျာ''

''နေပါဦး ကိုဝင်းသန်း ... ကျွန်တော် စဉ်းစားလို့မရနိုင်တာ တစ်ခုရှိသေးတယ်၊ ဒါလောက်တောင် မတ်စောက်ပြီး ရေစီးသန်နေတဲ့ ကျွန်းရဲ့ကမ်းခြေကို ကျွန်တော်တို့သင်္ဘော ဘယ်လိုရောက်အောင်သွားမှာလဲ၊ နောက်ပြီး ဒီသင်္ဘောကို ဘယ်လိုဆိုက်မှာလဲ၊ သင်္ဘောရဲ့အဝင်အထွက်ကိုလည်း ဒီ့အပြင် နေရာက မမြင်တော့ဘူးတဲ့လား၊ အဲဒါတွေ ကျွန်တော် မရှင်းသေးဘူးခင်ဗျ''

ထိုအခါ ကိုဝင်းသန်းသည် အသံထွက်အောင် ကိုယ်ကိုလှုပ်ရှား၍ ရယ်မောလိုက်ပြီးနောက် ကျွန်ုပ်၏လက်မှ မှန်ပြောင်းကို ဆွဲယူ၍ ကြည့်လိုက်ရင်း ...





''ပြောပြနေတာထက် မြင်ရတာက ပိုပြီးရှင်းရလွယ်ပါတယ်ဗျာ၊ ဟောဒီနေရာကိုသာ အသာစောင့်ကြည့်နေပေတော့''

ထိုအခိုက် ကျွန်ုပ်တို့၏နောက်မှ ခြေသံတစ်ခုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ကြယ်နီရှင်သခင်မသည် မှန်ပြောင်းတစ်လက်ဖြင့် ကျွန်ုပ်တို့ထံ လျှောက်လာနေသည်ကို တွေ့ရှိရပေ၏။

ကြယ်နီရှင်သခင်မမျက်နှာမှာ ကာလရှည်စွာ ခွဲခွာ၍ လာခဲ့ရသော သားသမီးများနှင့် မကြာမီ ပြန်လည်ဆုံတွေ့ရတော့မည့် မိခင်တစ်ဦး၏အသွင်ကို ဆောင်လျက်ရှိပေ၏။

''ကျွန်မတို့သင်္ဘော မမြန်ဘူးလား ဒေါက်တာ''

''မြန်ပါတယ်ဗျာ''

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်နှင့်အတူ ဘေးချင်းယှဉ်၍ ရပ်လိုက်ပြီးနောက် မှန်ပြောင်းဖြင့် ကျွန်းဆီသို့ ကြည့်၍နေလေ၏။

ထိုအချိန်တွင် ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာခဲ့သော သင်္ဘောကလေးသည် လင်းမြွေကြီးများ တွန့်လိမ်၍သွားဘိသကဲ့သို့ ကျောက်ဆောင်များကို ရှောင်ရင်း ရေပြင်ထက်တွင် ကွေ့ကာလိမ်ကာ ဘယ်စောင်းညာကွေ့ ခုတ်နှင်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



စက်ခုတ်သံသည် နားထောင်နေရင်းပင် တဖြည်းဖြည်း တိတ်၍ တိတ်၍သွားနေရာမှ မကြာမီပင် လုံးဝရပ်သွားသည်ကို သတိထားလိုက်မိပေ၏။

နက်ပြာရောင်ကက်ဦးထုပ်ကို ဆောင်းလျက် နီရဲသော ဆွယ်တာအင်္ကျီ လည်ပင်းကျပ် လက်ရှည်ကို ဝတ်ဆင်ကာ လေတိုက်ဖြူးသဖြင့် လည်ကုပ်မှ ဆံနွယ်ဥများ တဖွားဖွား တလှပ် လှပ် လှုပ်ရှားနေသော ကြယ်နီရှင်သခင်မနှင့်အတူ တွဲယှဉ်၍ရပ် နေရသည့် ထိုအချိန်ကလေး၌ ကျွန်ုပ်၏ရင်ထဲတွင် ဂုဏ်မောက် သွေးကြီးလျက် ရှိရပုံကား စာမဖွဲ့နိုင်လောက်အောင်ပင် ရှိပါပေ၏။

ကျွန်ုပ်၏စိတ်ကို ပို၍လှုပ်ရှားစေသော အခြင်းအရာ တစ်ခုကား ကြယ်နီရှင်သခင်မ၏ကိုယ်မှ သင်းပျံ့လျက်ရှိသော ရေမွှေးနံ့ကလေးများက ကျွန်ုပ်၏နှာခေါင်းဝဆီသို့ လာရောက် တိုးဝှေ့ကြည်စယ်နေခြင်းပင် ဖြစ်ပေ၏။

ထိုရေမွှေးနံ့ကား ...

မောင်းမကန်ကမ်းခြေမှ လူသတ်မှုဖြစ်ခဲ့ရာ တန်ဂလို၏ နောက်ဖေးတွင် ကျွန်ုပ်ကောက်ယူရရှိခဲ့သော လက်ကိုင်ပဝါ ကလေးမှ ရေမွှေးရနံ့နှင့် ထပ်တူဖြစ်၍နေပေ၏။





"ဟောဒီတစ်ဝိုက်မှာ ရေငုပ်ကျောက်ဆောင်တွေ အနှံ့ အပြား ရှိတယ်ရှင့်၊ သင်္ဘောခုတ်မောင်းနေတဲ့သူ မာလိန်မှူးသာ မကျွမ်းကျင်လည်ရင်တော့ အကုန် ဒုက္ခဖြစ်ကုန်ကြမှာပဲ"

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အား လှမ်း၍စကားပြော လျက်ရှိရာ ကျွန်ုပ်သည် စိတ်ကူးယဉ်နေမှုကြောင့် စကား အစ အဆုံး မကြားလိုက်မိချေ။

"ဟောဟိုကတောင်ခြေကို ကြည့်လိုက်စမ်းပါ ဒေါက် တာ"

"ဟုတ်ကဲ့"

"အခုနေ ဟောဟိုကတောင်ခြေဟာ ရေစပ်မှာ တစ် တန်းတည်းဖြစ်နေပြီး ဟင်းလင်းပေါက် မရှိဘူးမဟုတ်လား၊ ဟို ဘက်ကျွန်းအဆုံးနေရာကနေ ဒီဘက်ကျွန်းအဆုံးနေရာအထိ ကျောက်နံရံကြီး ကာထားသလို ဖြစ်နေတယ်မဟုတ်လား"

ကျွန်ုပ်သည် ကြယ်နီရှင်သခင်မ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ရာ ကျွန်းမှာ ကျွန်ုပ်တို့နှင့် သုံးဖာလုံသာသာခန့်သာ ဝေးကွာတော့ကြောင်း တွေ့ရှိရ၏။

ရေစီးမှာလည်း ထိုအချိန်တွင် ရေအောက်သို့ ငုံ့၍မျှ မကြည့်ရဲအောင်ပင် ပြင်းထန်လျက်ရှိနေသည်ကို တွေ့ရှိရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ကလေးကား ကျောက်နံရံကြီးကဲ့သို့ မြင့်စောက်၍နေသော ကျွန်း၏ကမ်းစပ်တစ်နေရာသို့ ရေစီးဖြင့် မျောပါလျက်ရှိနေသည်ကို သတိပြုမိပေ၏။

ကြယ်နီရှင်သခင်မ ပြောသကဲ့သို့ပင် ကျွန်းကြီးမှာ ပင်လယ်ရေပြင်မှ အထက်သို့ ပေပေါင်းခြောက်ဆယ်နီးပါးခန့် မတ်စောက်လျက်ရှိရာ ကျောက်ကမ်းပါးကြီးသည် တံတိုင်းရှည်ကြီးတစ်ခုသဖွယ် တစ်မိုင်သာသာခန့် သွယ်တန်းလျက်ရှိနေပေ၏။

''မြင်ရရဲ့နော် ဒေါက်တာ''

''ဟုတ်ကဲ့ ... ကမ်းပါးကြီးတွေကလည်း မတ်လိုက်တာ၊ ဒီသဘော်ကို ဘယ်နေရာမှာ ဆိုက်ရမှာလဲ ခင်ဗျ''

''မြင်ရပါလိမ့်မယ်ရှင် ... မကြာတော့ပါဘူး''

ကျွန်ုပ်၏စကား လက်စမသတ်သေးမီမှာပင် စောစောကစက်ရပ်၍ ရေစီးအတိုင်း မျောနေခဲ့သော ကျွန်ုပ်တို့၏ သဘော်ကလေးသည် စက်သံများ ပြန်လည်မြည်ဟိန်းလာပြန်ပြီးနောက် သဘော်ဦးသည် လက်ယာဘက်သို့ လမ်းကြောင်းပြောင်းပြီး စက်ကုန်ခုတ်၍ ဆန်တက်ခြင်းပြုတော့၏။

ထိုအခါ ကျောက်နံရံကြီးသည် ကျွန်ုပ်တို့၏ ဝဲဘက်၌ မျဉ်းပြိုင်တန်းလျက်သား ရောက်ရှိလာခဲ့ပေ၏။





သဘော်သည် ရှေ့သို့ အားကုန်နှင်၍ ရွေ့လျက်ရှိရာ၌ ရေစီးသည် ကျွန်း၏ဝဲဘက်သို့ရောက်လေလေ အရှိန်လျော့နည်းလာလေလေဖြစ်လာရာ သဘော်သည်လည်း ကျောက်ကမ်းပါးကြီးများဘက်သို့ တဖြည်းဖြည်း ဘေးတိုက်အားဖြင့် ချဉ်းကပ်လာနိုင်ခဲ့ပြီကို သတိပြုမိပေ၏။

သို့ဖြင့် သဘော်သည် ကျောက်ကမ်းပါးကြီးများနှင့် ကိုက် ၂၀၀ လောက်သာသာခန့်အကွာသို့ ရောက်ရှိလာခဲ့သောအခါ၌ ရေစီးသည် လုံးဝရပ်တန့်သွားပြီးနောက် ပင်လယ်ပြင်သည်လည်း သင်ဖြူးခင်းဘိသကဲ့သို့ အံ့ဩဖွယ်ရာ ငြိမ်သက်တည်တံ့လျက် ရှိနေပြီကို တွေ့ရှိရပေ၏။

ဖြစ်ရပုံကား ကျွန်ုပ်တို့ ချန်ရစ်ခဲ့သောကျွန်း၏ အစွန်းတစ်ဖက်သည် ပင်လယ်ပြင်ထဲသို့ ကျွဲချိုဖျားသဏ္ဌာန် ကိုက်တစ်ရာသာသာခန့် အစွယ်ထွက်၍နေပေရာ ရေစီးသည် ထိုကျွန်းဆွယ်ကိုတိုက်ပြီးနောက် ပြင်းထန်သောအဟုန်ဖြင့် ဖြာ၍ ဒလဟော စီးထွက်လျက် ရှိ၏။

ထို့ကြောင့် ရေစီးကြောင်းမှာ ကျွန်းဆွယ်၏အဖျားနှင့် တစ်တန်းတည်း ဂယက်ဖြာကာ ချွန်ထွက်နေသော်လည်း ကျွန်းဆွယ်၏အကာကိုရထားသည့် အတွင်းဘက်ကျသော ကမ်းခြေ



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်၌မူ ရေမှာ ပကတိတည်ငြိမ်လျက်ရှိခြင်း ဖြစ်ပေ၏။

ထိုနေရာတွင် ကျောက်ကမ်းပါးကြီးသည် ဗထက်ခြိုက် ပုံသဏ္ဌာန် အတွင်းဘက်ဆီသို့ ခွက်ဝင်လျက်ရှိနေ၏။

ဗထက်ခြိုက်၏ အဝတွင်လည်း မူလကျွန်းမမှ ဥစ္စာထွက်နေသည့် ပေလေးဆယ်နီးပါးခန့်အမြင့်ရှိသော ကျွန်းပေါက်စကလေးတစ်ခုသည် အဝကို ပိတ်ဆို့ကာဆီးထားဘိသကဲ့သို့ ရှိနေပေ၏။

ကျွန်းမနှင့် ထိုကျွန်းပုလေးတို့၏အကြားတွင် အကျယ်အဝန်းအားဖြင့် ပေးငါးဆယ်သာသာခန့်ရှိမည် ထင်ရသော ရေလက်ကြားတစ်ခု ရှိ၏။

ကြယ်နီရှင်သခင်မက ကျွန်ုပ်တို့၏သင်္ဘောသည် အဆိုပါ ရေလက်ကြားကလေးအတွင်းသို့ ဝင်လိုက်ပြီး ဗထက်ခြိုက်သဏ္ဌာန် ကျွန်းမ၏ပါးစပ်ထဲသို့ ချိုးကွေ့၍ဝင်ရလိမ့်မည့်အကြောင်း ပြောပြပေ၏။

ဤနေရာသည်ကား သဘာဝ၏ သန့်ကြယ်သော နိုအောင်းစရာ နေရာတစ်ခုပင် ဖြစ်ပေတော့၏။

ကျွန်ုပ်တို့၏သင်္ဘောကလေးသည် အဆိုပါ ရေလက်ကြားကလေးအတွင်းသို့ ဝင်လာပြီး ကမ်းခြေ၌ ဆိုက်ကပ်လိုက်





တော့၏။

ထိုသို့ သင်္ဘောဆိုက်ကပ်လိုက်သောကမ်းဘက်၌ ကျောက်ကမ်းပါးသည် မတ်စောက်ခြင်းမရှိဘဲ ခပ်ပြေပြေမျှသာရှိပြီး ရေစပ်မှ တက်ရန် နှစ်လံသာသာခန့်အကျယ် အဝန်းရှိသော ကျောက်လှေကားထစ်များကို ဖောက်လုပ်ထားပေ၏။

ထိုလှေကားထစ်များပေါ်၌ ယောက်ျားမိန်းမ (၃၀) ခန့်သည် ကျောက်ရုပ်များကဲ့သို့ မတုန်မလှုပ်ရပ်ကာ ကျွန်ုပ်တို့အား ဆီးကြိုလျက်ရှိကြပေ၏။

"သူတို့တစ်တွေဟာ ကျွန်မကိုကြိုရအောင် လာတာ မဟုတ်ဘူး ဒေါက်တာ၊ သူတို့ရဲ့ ရဲဘော်ရဲဘက်တွေရဲ့အသက်ကို ကယ်တင်ပေးမယ့် ဒေါက်တာ ရန်နိုင်စိုးကို ဆီးကြိုဖို့ စောင့်မျှော်နေကြတာရှင့်"

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်ပြုလုပ်ဆောင်ရွက်ပေးရမည့်တာဝန်၏ မြင့်မြတ်လှသော ဂုဏ်ပုဒ်ကို တင်စားချီးကျူးဂုဏ်ပြုသောအားဖြင့် ပြောဆိုလိုက်ခြင်းပင်ဖြစ်သည်။

ဆီးကြိုနေသူများမှာ ဆရာဝန်တစ်ယောက်ကို ကြီးစွာသောမျှော်လင့်ချက်ဖြင့် စောင့်ဆိုင်းနေကြမည်ဆိုခြင်းကို မငြင်းနိုင်သော်လည်း ၎င်းတို့၏ ကြယ်နီသခင်မကိုလည်း လေးစား



www.burmeseclassic.com

www.burmeseclassic.com



သောကြို့ဆိုခြင်းဖြင့် ကြို့ဆိုလျက်ရှိသည်မှာ ထင်ရှားလှပေ၏။

အကြောင်းမှာမူ ...

ထိုသူတို့သည် ကျွန်ုပ်နှင့်ယှဉ်၍ရပ်နေသော ကြယ်နီရှင်သခင်မကို မြင်တွေ့သွားကြသည်နှင့်တစ်ပြိုင်နက် ကျောက်ရုပ်များလို မတုန်မလှုပ်ရပ်နေကြရာမှ ရုတ်တရက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြပေ၏။

အချို့က ခမောက်၊ ဦးထုပ်များကို ချွတ်လိုက်ကြပြီးလေထဲတွင် ဝှေ့ယမ်းရင်းမှ ကျွန်ုပ်ကိုလည်း လက်တစ်ဖက်ဖြင့်လက်ညှိုးထိုးပြကာ ခေါင်းကို တွင်တွင်ကြီးညိတ်နေကြသည်ကိုတွေ့မြင်လိုက်ရပေ၏။

"သူတို့ရဲ့မျက်နှာတွေကို ကြည့်လိုက်စမ်းပါဦး ဒေါက်တာရယ် ... သူတို့ ဘယ်လောက်အားရသွားကြသလဲဆိုတာ၊ ရောဂါတွေသာ တစ်ခါတည်း ကင်းသွားပြီဆိုတဲ့အခါကျရင် ဒေါက်တာရန်နိုင်စိုးရဲ့ကျေးဇူးကို တစ်သက်လုံးမေ့ကြတော့မှာမဟုတ်ပါဘူး၊ ဒါကြောင့် ဒီပလိပ်ရောဂါဆိုးကြီးကို အမြန်တိုက်ထုတ်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းနေပါ့မယ်"

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်၏မျက်နှာကို မော့ကြည့်လျက် အလွန်အမင်း အားထားမျှော်လင့်နေသော အမူအရာဖြင့်





မေးလိုက်၏။

"ခင်မမ ... ဆုတောင်းပြည့်စေရမှာပေါ့ဗျာ၊ ပြည့်စေရမှာပါ"

ကျွန်ုပ်၏အဖြေမှာ ကြယ်နီရှင်သခင်မအဖို့ မည်သို့အောက်မေ့မှတ်ထင်သွားမည်ကို မတွေးဆနိုင်သော်လည်း ကျွန်ုပ်အဖို့မှာမူ ထိုအကြိမ်ကလောက် သွက်လက်၍ အားတက်မာန်တက် စိတ်ပါဝင်စားစွာ ဖြေဆိုလိုက်ရသောအဖြေမျိုးကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ မဖြေဆိုခဲ့ဖူးကြောင်း မှတ်တမ်းတင်ထားလိုက်မိပေ၏။

"ဒါနဲ့ ခင်မမ ... ကိုဝင်းသန်းပြောတော့ ဒီကျွန်းပေါ်မှာ တပ်သားတွေချည်းဆို၊ ဟိုမှာ အမယ်အိုနဲ့ ကလေးမလေးတွေကို တွေ့နေရပါလား"

"ဟုတ်ကဲ့ ... ဒေါက်တာပြောတာလည်း မမှားပါဘူး၊ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်ကိုယ့်အပေါ် လွှမ်းမိုးချုပ်ချယ်နေကြတဲ့ အဖွဲ့အစည်းတစ်ခုခုကိုတညီတညွတ်တည်း တိုက်ကြပြီဆိုရင် ဒီတိုက်ပွဲမှာ ဘယ်နေရာကပဲ ဝင်တိုက်တိုက် တပ်သားချည်း မဟုတ်ပါလားရှင်၊ ကိုင်း... ကျွန်မတို့ ကျွန်းပေါ်တက်ကြစို့လား"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြယ်နီရှင်သခင်မသည် ဆိပ်ကမ်းသို့ လှမ်းတက်လိုက်ပြီးနောက် ...

"လာ ဒေါက်တာ ... ကျွန်မတော့ ကျွန်းပေါ်ကို မြန်မြန် ရောက်ချင်နေပြီ၊ ကျွန်မတို့နှစ်ယောက် တက်ကြစို့၊ ပစ္စည်းတွေ တော့ ကျွန်မတို့လူတွေ ယူခဲ့ကြပါလိမ့်မယ်"

ဟုဆိုသဖြင့် ကျွန်ုပ်လည်း ကြယ်နီရှင်သခင်မ ခေါ် ဆောင်ရာသို့ လိုက်ပါလာခဲ့၏။

ကျွန်ုပ်သည် လှိုင်းဂုက်ကျွန်းပေါ်သို့ ခြေချမိချေပြီ။

ကြယ်နီရှင်သခင်မသည် ဆီးကြိုနေကြသူများထံသို့ ပေါ့ ပါးသွက်လက်သောခြေလှမ်းများဖြင့် သွားရောက်ကာ ဆေး ကုသရန် ဒေါက်တာ ပါလာသည့်အကြောင်း အော်ဟစ်ပြောဆို လိုက်၏။

ထိုအခါ အားလုံးကပင် ကျွန်ုပ်အား တစ်ပြိုင်နက်တည်း လှမ်း၍ ကြည့်ကြပြီးနောက် ...

"ဒေါက်တာ ဘုန်းတော်တိုးလို့ သက်တော်ရှည်ပါစေ"

ဟု တိုင်တည်ဟစ်ကြွေးလိုက်ကြပေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ကျွန်းပေါ်သို့ တစ်စုတစ်ဝေး တည်း တက်ရောက်ခဲ့ကြ၏။





ကမ်းပါးထိပ်သို့ ရောက်ရှိသွားသောအခါ၌ ကြီးမားလွန်း လှသည့် ကျောက်တုံးကြီးများသည် ကျွန်း၏အတွင်းဘက် တစ် မျှော်တစ်ခေါ်အထိ အမျိုးမျိုးသောပုံပန်းသဏ္ဍာန်တို့ဖြင့် ထိုးထိုး ထောင်ထောင် အစီအရီ ရှိနေကြသည်ကို တွေ့ရပေသည်။

မြေပြင်သည် ကျွန်ုပ်တို့ရပ်နေရာအရပ်ဆီမှ ကျွန်း၏ အတွင်းဘက်သို့ တဖြည်းဖြည်း နိမ့်လျှောဆင်းသွားပြီး တောင် တန်းနှင့် တောစပ်တစ်ခု ဆက်လျက်ရှိသည့် သစ်ပင်များအကြား တွင် ရွာငယ်လေးတစ်ခုသဏ္ဍာန် အိမ်စုကလေးများ စီရီတန်းနေ သည်ကို တွေ့ရှိရပေ၏။

ကျွန်ုပ်တို့သည် ထိုရွာစုကလေးဆီသို့ ရှေ့ရှု၍ ကျောက် တုံးကြီးများအကြား ဖောက်လုပ်ထားသော လမ်းကလေးအတိုင်း လျှောက်ခဲ့ကြ၏။

လမ်းတစ်လျှောက်တွင် ကြယ်နီရှင်သခင်မသည် အကြို လာသူများအား ရောဂါအခြေအနေကို မေးမြန်း၍လာခဲ့ပေ၏။

လမ်းတစ်ဝက်လောက်သို့ ရောက်သောအခါ၌ လူငါး ဆယ်ခန့်သည် ရွာကလေးထဲမှ စုရုံး၍ ကျွန်ုပ်တို့ထံ ထွက်လာနေ ကြရာ ကြယ်နီရှင်သခင်မသည် စောစောကထက် သွက်လက် သောခြေလှမ်းများဖြင့် ရှေ့ဆုံးမှ အပြေးကလေး လျှောက်သွားနေ



www.burmeseclassic.com

www.burmeseclassic.com



ပုံမှာ သာမန်ယောကျ်ားများပင် ဤလောက် သွက်လက်လျင်မြန် နိုင်ပါ့မလားဟု ထင်မှတ်မိပေ၏။

မကြာမီ ကျွန်ုပ်တို့လူသိုက်နှင့် ရွာထဲမှထွက်လာသော လူသိုက်သည် ဆုံစည်းမိကြပေရာ စောစောက ငြိမ်သက်နေသော ရွာကလေးသည် အသက်ဝင်လာကာ တစ်ခဏအတွင်း လှုပ်ရှား ဆူညံခြင်းသို့ ရောက်ခဲ့ရပေ၏။

❊ ❊ ❊

BURMESE CLASSIC .com





## ကျွန်းပေါ်က ပလိပ်ရောဂါတိုက်ပွဲ

ကျွန်ုပ်အပေါ် ကျရောက်နေသော တာဝန်ကြီးကား မသေးလှချေ။

ကြောက်မက်ဖွယ်အကောင်းဆုံးလည်းဖြစ်၍ ကူးစက်ရာ တွင်လည်း သူမတူအောင် အလျင်မြန်ဆုံးဖြစ်သော ပလိပ်ရောဂါ မှာ လူ ၃၀၀ နီးပါးခန့်ရှိသော ရွာကလေးထဲတွင် အမြစ်တွယ် ခဲ့ပြီဖြစ်၏။

အိမ်ကလေးများမှာ ကျန်းမာရေးနှင့် အဆန့်ကျင်ဆုံး သောဆောက်လုပ်နည်းဖြင့် တစ်အိမ်နှင့်တစ်အိမ် ပူးကပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ သောက်ရေသုံးရေမှာ တစ်ခုတည်းသောကန်ငယ်မှ တစ်ရွာလုံး ပြွမ်းစုံ၍ ခပ်ယူသောက်သုံးခြင်းပြုနေကြ၏။

ငါးနှင့် ငါးပိန့်မှာလည်း တစ်ရွာလုံးတွင် လှိုင်ပုတ်လျက်ရှိနေပေတော့သည်။

ကြယ်နီရှင်သခင်မသည် သုံးပင်နှစ်ခန်း ခနိမိုးအိမ်ငယ်ကလေးတစ်လုံးကို ကျွန်ုပ်သဘောရှိ အသုံးပြုရန် ပေးအပ်ထား၏။

ကျွန်ုပ်၏အလုပ်စခန်းကို ထိုအိမ်ငယ်တွင်ပင် ဗဟိုဌာနပြုလုပ်လိုက်ရပေသည်။

ရောက်သည့်နေ့တွင် ခင်မမသည် ရွာ၏အကြီးအကဲဖြစ်သော ဦးညွန့်အောင်အမည်ရှိ ရွာလူကြီးတစ်ဦးကို ခေါ်ယူ၍ ကျွန်ုပ် နှင့် မိတ်ဆက်ပေး၏။

ဦးညွန့်အောင်က ကျွန်ုပ်အား ကွယ်လွန်ခဲ့ကြကုန် သောသေသူများ၏စာရင်းနှင့် လက်ငင်းရောဂါခံစားနေရသော လူအများ၏စာရင်းကို ပေး၏။

ကျွန်ုပ်သည် ပထမဦးစွာ အရေးကြီးသောလူနာများအား တစ်အိမ်စီတက်၍ စမ်းသပ်ကြည့်ရှုကာ ဆေးထိုးနှံ၍ ပေးခဲ့ပြီးနောက် တည်းခိုဌာနသို့ ပြန်ခဲ့ပြီးသော် ကျွန်ုပ်၏အစီအစဉ်ကို





စဉ်းစားရပေ၏။

ထိုကာလ လုပ်ကိုင်နေစဉ်အချိန်များတွင် ကြယ်နီရှင်သခင်မမှာ ကျွန်ုပ်နှင့်ထက်ကြပ်မကွာ အတူလိုက်ပြီး ကျွန်ုပ်၏လက်ထောက်သူနာပြုဆရာမသဖွယ် အကူအညီကိုပေးခဲ့သည်။

ကျွန်ုပ်၏ ယာယီဆေးကုသဌာနသို့ ပြန်လည်ရောက်ကြသောအခါ ကြယ်နီရှင်သခင်မက ရှေ့လုပ်ဆောင်ရမည့်အစီအစဉ်တွင် ကျွန်ုပ်သဘောရှိသလို ကျွန်ုပ်၏ဆန္ဒအတိုင်း ခန့်ခွဲစီမံပါဟု ပြောဆိုခြင်းပြုပေ၏။

ကျွန်ုပ်က ကျန်းမာသော လူ ၃၀ ခန့်ကို လူနာများအား ပြုစုရန်အတွက် အလိုရှိကြောင်း၊ ထိုလူ ၃၀ ယောက်အပြင် တစ်ရွာလုံးရှိ လူအားလုံးကိုလည်း ကျွန်ုပ်၏ ယာယီဆေးကုသဌာနသို့ ခေါ်ယူပေးစေလိုကြောင်းပြောလိုက်ရာ ခင်မမသည် ချက်ချင်းပင် သူ၏တပ်သားတစ်ဦးကို ညွှန်ကြားချက်များပေးလိုက်ပေ၏။

မကြာမီ ကြယ်နီရှင်သခင်မ၏ တပ်သားများထဲမှ လူငယ် ၃၀ ရောက်ရှိလာ၏။

ကျွန်ုပ်သည် ထိုသူတို့ကို ကာကွယ်ဆေးများထိုး၍ပေးလိုက်ပြီး လူနာများကို အဘယ်ပုံပြုစုရမည့်အကြောင်းကို သွန်



www.burmeseclassic.com

www.burmeseclassic.com



သင်ပြသမှုကြား၍ စောစောက ကျွန်ုပ် ဆေးထိုး၍ထားပေးခဲ့သော ဝေဒနာသည်များ၏အိမ်သို့ ခွဲ၍ စေလွှတ်လိုက်ပေ၏။

နာရီဝက်အတွင်းတွင် ကျွန်ုပ်၏အိမ်ရှေ့ကွက်လပ်၌ ရွာလုံးကျွတ် စုဝေးရောက်ရှိလာကြရာ ကျွန်ုပ်က ၎င်းတို့ကို မကြာမီအတွင်း ဆေးထိုးပေးမည်ဖြစ်ကြောင်း လတ်တလောမှု လူ ၄၀ ခန့် အနည်းဆုံးဆန့်သော တဲတန်းလျားတစ်ခုကို ဆေးရုံအဖြစ်ဆောက်ရန် အလိုရှိကြောင်း၊ ထိုတဲကို ရွာ၏အပြင်ဘက် မြေကွက်လပ်တစ်ခုတွင် ယခုချက်ချင်းပင် ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ လူညီလက်ညီ ဆောက်လုပ်ကြမည်ဆိုလျှင် ညတွင်းချင်းပင် ပြီးစီးနိုင်စရာရှိကြောင်း ပြောဆိုပြီး ထိုသူများအား ကျွန်ုပ်အလိုရှိသော တဲတန်း၏ နမူနာပုံစံကြမ်းကို စာတစ်ရွက်တွင် ရေးခြစ်၍ပေးလိုက်၏။

ပြီးနောက် ရောက်ရှိလာသူများကို ပလိပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေသည်မှာ ထိုနေ့အဖို့ နံနက်စာပင်စားရန် အချိန်မရတော့ချေ။

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အား နံနက်စာစားရန် သတိပေးခြင်းပြုပေသေး၏။

ကျွန်ုပ်က ငြင်းဆန်လိုက်သောအခါ သူမသည်လည်း





ကျွန်ုပ်နှင့်ထပ်တူ နံနက်စာကိုမစားနိုင်တော့ဘဲ ကျွန်ုပ်၏ ဆေးထိုးခြင်းလုပ်ငန်းတွင် ကိုယ်ဖိရင်ဖိ ကူညီခြင်းပြုပေ၏။

ညနေလေးနာရီသာသာလောက်တွင် ကျွန်ုပ်၏လက်မောင်းများမှာ မလှုပ်ရှားနိုင်လောက်အောင်ပင် ကိုက်ခဲလာလျက် မျက်လုံးများလည်း ပြာဝေလာကာ အလုပ်တွင် ဆက်လက်အမှုထမ်းရန် မစွမ်းနိုင်တော့ပြီကို တွေ့ရှိရပေ၏။

ထိုအချိန်တွင် ရွာအပြင်ဘက်ရှိ ယာယီဆေးရုံတန်းလျားမှာလည်း မိုးရန်နှင့်ကာဖို့ရန်သာ လိုတော့သည်ကိုတွေ့ရှိရလျက် ရွာထဲ၌ ရှိသမျှ ကလေး၊ လူကြီး၊ မိန်းမ အတော်များများကိုလည်း ကိုယ်စီဆေးထိုးနှံ၍ ပြီးသည့်အခြေအနေသို့ ရောက်ရှိခဲ့ပြီဖြစ်ပေ၏။

သို့ဖြင့် ကြယ်နီရှင်သခင်မနှင့် ကျွန်ုပ်တို့၏ ပလိပ်ရောဂါတိုက်ပွဲကြီးကား ၁၀ ရက်ခန့် ကြာမြင့်ခဲ့ပေ၏။

ထို ၁၀ ရက်မြောက်သောည၌ ကျွန်ုပ်သည် ထမင်းစားပွဲတွင် ကြယ်နီရှင်သခင်မအား သေချာစွာ ဂရုထား၍ ကြည့်ရှုမိရာ စိတ်ရောကိုယ်ပါ နွမ်းရိခဲ့ရရှာသော သူမ၏မျက်နှာလေးမှာ အိပ်ရေးပျက်၊ စားရေးပျက်ခဲ့ရသောကြောင့် ချောင်၍ကျနေသည်ကို တွေ့မြင်လိုက်ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ကြယ်နီရှင်သခင်မသည် ကျွန်ုပ်နှင့်နှစ်ယောက်တည်း ညစာစားလျက်ရှိရာ ထမင်းစားစားပွဲပေါ်တွင် ထွန်းညှိထားသော ဖယောင်းတိုင်သုံးတိုင်၏ အလင်းရောင်အောက်တွင် ခင်မမ၏ နွမ်းလျပန်းရိနေသော ဝါဝင်းသည့်မျက်နှာကလေးကို ကျွန်ုပ်သည် အတန်ကြာမျှ စူးစိုက်၍ ကြည့်ရှုနေမိပေ၏။

ကြယ်နီရှင်သခင်မက ကျွန်ုပ်ကြောင့်သာလျှင် ကျွန်းသူကျွန်းသားတို့၏အသက်ဘေးသည် မကောင်းဆိုးဝါးတို့၏ လက်ခုပ်တွင်းမှ လွတ်မြောက်ခဲ့ရကြောင်းနှင့် (အရောဂျံ ပရမံ လာဘံ) ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း ဆေးဝါးကုသပေးခြင်း၊ အသက်ကယ်ပေးခြင်းလုပ်ငန်းလောက် မွန်မြတ်သောလုပ်ငန်းမျိုးမရှိကြောင်း ဖွဲ့နွဲ့ချီးကျူးလျက် ရှိနေလေ၏။

ကျွန်ုပ်မှာကား ကြယ်နီရှင်သခင်မ၏ ချီးကျူးစကားများကို စိတ်ဝင်စားခြင်း အလျှင်းမရှိခဲ့ချေ။

ကျွန်ုပ်၏စိတ်မှာ ပါးသွယ်၊ နားသွယ်လေးများကျ၍ ဝိုင်းစက်သောမျက်လုံးကြီးများကို ပို၍ထင်ရှားပေါ်လွင်စေအောင် မျက်တွင်းလေးများ အနည်းငယ်ဟောက်နေသော ခင်မမ၏မျက်နှာလေးသည် ယခုကဲ့သို့ မြင်ရခြင်းကပင် နှစ်သက်မြတ်နိုးကရုဏာသက်ဖွယ်ရာ တစ်မျိုးလှလျက်ရှိ နေပါတကားဟုသာ





အာရုံညွတ်လျက် ရှိနေမိပေ၏။

"ခင်မမ"

ဟု ကျွန်ုပ်က လွှတ်ခနဲခေါ်လိုက်မိရာ ကြယ်နီရှင်သခင်မသည် ရုတ်တရက် အံ့အားသင့်သွားပုံရပေ၏။

ကြယ်နီရှင်သခင်မ၏ နီရဲသော နှုတ်ခမ်းကလေးများသည် ခပ်အာအာကလေးဖြစ်သွားပြီးနောက် ကော့ဖြူးနေသော မျက်တောင်နက်ကလေးများကို အထက်သို့ အစွမ်းကုန်ပင့်ရင်း ဝိုင်းစက်သောမျက်လုံးကြီးများဖြင့် ကျွန်ုပ်အား မော့၍ကြည့်လိုက်ပြီး ...

BURMESE CLASSIC .com

"ရှင်"

ဟု ပြန်လည်ထူးလိုက်ရှာလေ၏။

"ခင်မမ ... နေကောင်းရဲ့လားဗျာ"

"အို ... ကျွန်မ နေကောင်းပါတယ်၊ ဘာဖြစ်လို့လဲရှင့်"

"ဩော် ... ခင်မမအတွက် စိုးရိမ်လို့ပါ၊ ခင်မမအနေနဲ့ ကိုယ်ရော စိတ်ပါ အတော်ပင်ပန်းနေတယ်၊ လုပ်ကိုင်နေကျအလုပ်မဟုတ်တော့ အတော်ပင်ပန်းရှာမှာပဲ၊ ဒါနဲ့ အခုတစ်လော ခင်မမ မှန်ရှေ့ကိုကော ရောက်ဖြစ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပါတယ် ဒေါက်တာ ... ဘာဖြစ်လို့လဲ"

ဤသို့ပြန်ပြောရင်း သခင်မသည် ကျွန်ုပ်အား ခပ်ပြုံးပြုံး စိုက်၍ကြည့်ရှုနေပေရာ သူ၏မျက်လုံးများတွင် ကျွန်ုပ် နားမလည်နိုင်သော အနက်အဓိပ္ပာယ်များ ယှက်သန်းလျက် ရှိနေသည်ကို သတိထားလိုက်မိပေ၏။

"ခင်မမရဲ့မျက်နှာတွေ အတော်ချောင်ကျနေတာ သတိထားမိရဲ့လားဗျာ"

"ဩော် ... ဒေါက်တာ ... ဒေါက်တာ"

ခင်မမသည် ဤသို့ ညည်းတွားလိုက်ပြီးနောက် လေပြည်ကလေးတစ်ချက် သုတ်ဖြူးလိုက်ရာတွင် လှိုင်းကြက်ခွပ်ကလေးများ ထသွားဘိသည့်အလား ရင်လွှာကလေး ခုန်လှုပ်အောင်ပင် ညင်သာစွာ ရယ်မော၍နေပြန်ချေသေး၏။

"ဘာရယ်တာလဲ ခင်မမ"

ဤတွင် သခင်မသည် ရုတ်ခြည်း ဣန္ဒြေဆယ်လိုက်ပြီးနောက် ...

"ဒေါက်တာမေးလိုက်ပုံက ဘုရားအလောင်း မာဒရီ ယောက်မခါးထိုးပြီး ရှာနေပုံနဲ့တူလို့ပါရှင်၊ ဒီနေရာမှာ ကျွန်မက မှန်တစ်ချပ်ယူပြီး ဒေါက်တာမျက်နှာရှေ့ကို လာချပြမှ တကယ့်





အဖြေမှန် ပေါ်တော့မလို ဖြစ်နေပြီ၊ တကယ်ပင်ပန်းပြီး မျက်နှာ တကယ်ကျသွားတာက ကျွန်မ မဟုတ်ဘူးရှင့်၊ ဒေါက်တာ သိရဲ့လား၊ ဒေါက်တာရဲ့မျက်နှာကို ကိုယ်တိုင်ပဲ မှန်ထဲမှာ ကြည့်စမ်းပါဦး၊ ဒါကြောင့် ကျွန်မ တစ်ခုစိတ်ကူးထားတယ်"

"ဘာများပါလဲဗျာ"

"တာဝန်ကြီးတစ်ခု ပြီးဆုံးသွားပြီဖြစ်လို့ ဦးနှောက်ဆေးရင်း၊ အနားလည်းယူရင်းဆိုသလို မနက်ဖြန် တောင်ပေါ်တက် ပျော်ပွဲစားထွက်တဲ့အနေနဲ့ အမဲလိုက်ထွက်ကြရအောင်လို့ ကျွန်မတော့ အားလုံးစီစဉ်ခိုင်းထားပြီးပြီရှင့်၊ ပျော်ပွဲစားထွက်တာတို့ အမဲလိုက်ထွက်တာတွေကို ဝါသနာပါရဲ့လား"

"ပါပါတယ်"

"ဒါဖြင့် မနက်ဖြန် ပျော်ပွဲစားတောထွက်ရင်း စိတ်အပန်းတွေ ဖြေကြရအောင်ရှင်၊ ဩော် ... ဒါထက် ..."

"ဗျာ"

သခင်မသည် ကျွန်ုပ်၏မျက်နှာကို အကဲခတ်ဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ...

"အိပ်ချင်ပြီလား"

ဟု မေးမြန်းလိုက်၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းဝန်ခံရမည်ဆိုပါလျှင် ကျွန်ုပ်မှာ သခင်မနှင့်သာ ယခုလို နှစ်ယောက်သား စကားလက်ဆုံကျ၍ နေခွင့်ရမည်ဆိုပါလျှင် ဤတစ်ညသာမဟုတ် ညဥ့်ပေါင်း မည်မျှပင်ဖြစ်စေ မအိပ်မနေ ဖွဲနပဲကြီးစွာဖြင့် ထိုင်ရာမထ နေလိုက်ချင်မိပါသည်။

"ကျွန်မ အခုလို ကြယ်နီရှင်သခင်မဆိုတဲ့နာမည်ကို ခံယူလိုက်ရတဲ့ ရာဇဝင်ကို ဒေါက်တာ သိချင်တယ်လို့ တောင်းဆိုထားတဲ့အတွက် ဒီညမှာ ရာဇဝင်ကို ပြန်ခင်းရင်ကောင်းမလားလို့ စိတ်ကူးနေတယ်၊ ဒေါက်တာအနေနဲ့ နားထောင်ဖို့ဆန္ဒရှိရဲ့လား"

"အို . . . ဒီလို အခွင့်အရေးမျိုးကို စွန့်လွှတ်လိုက်တဲ့ လူလောက် မိုက်တဲ့လူ လောကမှာ ဘယ်ရှိတော့မလဲဗျာ"

ဟု ကျွန်ုပ်က အရွှန်းဖောက်စကားကို တက်ကြွမြူးထူးစွာဖြင့် ဆိုလိုက်လေ၏။

"ကဲ . . . ဒါဖြင့် လာ . . . ကျွန်မတို့နှစ်ယောက် အေးအေးဆေးဆေး လသာသာမှာ လမ်းလျှောက်ရင်း စကားပြောကြရအောင်၊ အပြင်ထွက်ကြစို့ရဲ့"

ဟု သခင်မက လိုလိုလားလားဖိတ်ခေါ်လေရာ ကျွန်ုပ်





နားဖြင့် ကြားလိုက်ရသဖြင့်သာ ဤအဖြစ်ကား အိပ်မက် မဟုတ်ကြောင်း သိလိုက်ရပေတော့သတည်း။

❋ ❋ ❋

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## သူဟုန်မရဲ့ ကိုယ်ရေးရာဇဝင်

လဝန်းကို တိမ်တိုက်များ မကြာခဏ ဖြတ်သန်းဖုံး လွှမ်းသွားသော်လည်း ကျွန်ုပ်နှင့် ခင်မမတို့ လျှောက်သောလမ်း လေးမှာ ကြယ်ရောင်များအောက်၌ ဖွေးဖွေးဖြူလျက်ရှိပေ၏။

ဤညအဖို့မှာကား ကျွန်ုပ်အတွက် မေ့ပျောက်သွားနိုင် စရာမရှိသော ညတစ်ညပင် ဖြစ်ပေ၏။ (နောင်သောအခါ ကြယ် နီရှင်သခင်မကလည်း ကျွန်ုပ်အား ဤအတိုင်းပင် ပြန်လည်ပြော ဆိုခြင်း ပြုခဲ့ပေ၏။)

လင်းချည်တစ်ခါ မှိတ်ချည်တစ်လှည့်ဖြစ်နေသော လ





ရောင်အောက်၌ ခင်မမ၏မျက်နှာလေးသည် ဝါဝင်းလျက်ရှိ သည်။

သူမ၏အသားရောင်တို့မှာ လရောင်အောက်တွင် အစွမ်းကုန် မြတ်နိုးခုံမင်ဖွယ်ရာ တောက်ပတင့်တယ်ခြင်း ရှိပါ ဘိဟု မှတ်ချက်ချရမည်ဖြစ်၏။

အမှန်စစ်စစ်သော်ကား ကြယ်နီရှင်သခင်မဟူသော အမည်ကို ခံယူထားသည့် ခင်မမမှာ နေရောင်ကိုမရွေးသကဲ့သို့ လရောင်တွင်လည်း အလှသရဖူဆောင်း၍ တင့်တယ်လွန်းလှရာ ကျွန်ုပ်တို့တက္ကသိုလ်ကျောင်းသားဘဝက မြန်မာစာကို လေ့လာ ကြရသောအခါက သင်ခဲ့ရသည့် အင်းဝခေတ်စာဆိုရှင် မဟာရဋ္ဌ သာရ၏ဝဏ္ဏပဘာ လှကလျာ ဟူသော ရတုကဗျာလေးကိုပင် အမှတ်ရလိုက် မိ၏။

စာဆိုတော်ကြီး၏ တံခွန်စိုက်ရတုမွန်ဖြစ်သော ရူပ ကလျာဘွဲ့သည် ကျွန်ုပ်၏နှလုံးသားဝယ် ပြန်လည်ထင်ဟပ်လာ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ဝဏ္ဏပဘာ လုတလျာ

(ပိုဒ်စုံရတု၊ ရှုပကလျာဘွဲ့)

ဝဏ္ဏပဘာ ကလျာဖူးစသစ်၊
ပျိုမျစ်မျစ်လျှင် ကျစ်လျစ်တင့်စပွာယ်
လုမျိုးကြွယ်သား။
ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို၊
နတ်တို့ဆင်ထိုက်တန်၊ ဆင်းစုံကြန်သား၊
အလွန်ရပေခက်၊ ဖြူမြိတ်ရွက်နှင့်၊
လက်လက်လုထိန်ပြေး၊ ရွှေရည်ရေးသို့၊
ပျံ့မွှေးရွှေအင်္ကျီ၊ ရွှေထမီနှင့်၊
မြစီရွှေနားတောင်း၊ နွဲ့နွဲ့နှောင်းလျက်၊
ရောင်မောင်းကွမ်းရည်သွား၊ သက်တင်လားသို့၊
လက်ဖျားဒန်းနီရောင်၊ လုတန်ဆောင်မူ၊
မျက်တောင်ကော့ညွတ်သေး၊ စုတ်ဖြင့်ရေးသို့၊
ကြိုင်အေးကတိုးရည်၊ ထုံမျိုးကြည်၍





နတ်ပြည်မိုးသူဇာ၊ ပျံ့ကျလာသို့၊
ရှုသာတင့်စနိုး၊ လုခေါင်မိုးလျှင်၊
ပြစ်မျိုးမှည့်မထင်၊ နတ်ရုပ်သွင်သို့၊
ဖြူစင်ထွန်းရောင်ဝင်း၊ လုမှန်ကင်းကို၊
ညခင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်၊
ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ . . . ။

ကျွန်ုပ်တို့နှစ်ဦးသည် အတွေးကိုယ်စီနှင့် တောင်ကမ်းပါးလေးတစ်ခုအထက်သို့ တက်လာခဲ့ကြ၏။

ဒီဇင်ဘာလဖြစ်သောကြောင့် နှင်းဖွဲလေးများသည် တဖြောက်ဖြောက်ကျဆင်းလျက်ရှိရာ ဘေးတစ်ဖက်တစ်ချက်ရှိ ချုံနွယ်ပိတ်ပေါင်းလေးများ၏ ရွက်နုရွက်စိမ်းလေးများပေါ်တွင် နှင်းပွင့်နှင်းပေါက်လေးများ တွဲရွဲတင်နေကြတော့၏။

လရောင်တို့က ပြိုးပြိုးပြက်ပြက် အရောင်လက်၍နေသည့်အတွက် ည၏ရှုခင်းနှင့်ပတ်ဝန်းကျင်မှာ ကျွန်ုပ်၏ စိတ်ဓာတ်ကို အထူးသဖြင့် လှုပ်ရှားတက်ကြွစေခဲ့ပေ၏။

(နောင်သောအခါ ခင်မမသည်လည်း ထိုညက ၎င်း၏ စိတ်တွင် လှုပ်ရှားခဲ့ပုံ၊ ရင်ခုန်ခဲ့ပုံတို့ကို ကျွန်ုပ်အား မကွယ်မဝှက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပြောဆိုခဲ့ပေ၏။)

"ဒီနေရာမှာ ထိုင်ကြစို့လား ဒေါက်တာ"

ညီညာသော ကျောက်ခုတင်လေးတစ်ခုထက်၌ ခင်မမ ဝင်ထိုင်ရန် ဟန်ပြင်လိုက်သည်နှင့် ကျွန်ုပ်သည်လည်း အလိုက်သိစွာပင် ခင်မမ ဝင်၍မထိုင်လိုက်မီ ကျွန်ုပ်၏ လက်မောင်းထက်၌ ချိတ်တင်၍လာခဲ့သော ဘလေဇာကုတ်အင်္ကျီကို နှင်းရည်လေးများ စိုနေသည့် ကျောက်ကပြင်ထက်၌ ဖြန့်ခင်းပေးလိုက်၏။

သို့သော် ခင်မမသည် ကျွန်ုပ်၏ ရေစီးကမ်းပြိုလိုက်နေသော စေတနာကို ငြင်းပယ်လိုက်ပြီး ၎င်း၏လက်ကိုင်ပဝါကလေးဖြင့်သာ နှင်းပေါက်ကလေးများကို သုတ်၍ ထိုင်ချလိုက်ပေ၏။

ကျွန်ုပ်က ခင်မမ၏ရှေ့တည့်တည့်ရှိ ကျောက်တုံးတစ်တုံးထက်၌ ထိုင်ချလိုက်သောအခါ ခင်မမက ကျွန်ုပ်အား ၎င်းနှင့်အတူ လာရောက်ထိုင်ရန် ဖိတ်ခေါ်လေ၏။

ထို့ကြောင့် ဝင်ရောက်ထိုင်လိုက်သည့်အခါ ခင်မမသည် ကျွန်ုပ်အား ရှေ့တည့်တည့်သို့ကြည့်ရန် လက်ညှိုးတစ်ချောင်းဖြင့် ညွှန်ပြနေပေ၏။

"ကြည့်စမ်းပါဦး ဒေါက်တာ . . . ပင်လယ်လှိုင်းတွေဟာ အခုလို လရောင်အောက်မှာ ဖွေးခနဲ ဖွေးခနဲနဲ့ ပြာလိုက် မှောင်





လိုက်, နိမ့်လိုက် မြင့်လိုက်နဲ့ ကြည့်ရမြင်ရတာ တရားရစရာပဲနော်"

ခင်မမသည် ကျွန်ုပ်အား မကြည့်ဘဲ ကျွန်ုပ်တို့ ရောက်ရှိနေသော တောင်ကုန်းမြင့်ပေါ်မှ ဆီး၍ လရောင်အောက်တွင် မြင်နေရသော မျက်စိတစ်ဆုံးရှိသည့် ပင်လယ်ပြင်ကြီးကို ညွှန်ပြလျက် ရှိပေ၏။

ဤလိုနေရာ ဤလိုအချိန်မျိုးတွင် ဤသို့သောရှုခင်းမျိုးကို မြင်ရလျှင် မည်သည့်မိန်းကလေးမျိုးမဆို ရှုခင်း၏အလှကို ဖွဲ့ဆိုချီးကျူးကြမည်သာ ဖြစ်ပါလျက်နှင့် ခင်မမသည်ကား အလှကိုမဖွဲ့ တရားဘက်သို့သာ လှည့်လျက်ရှိနေသဖြင့် ပထမသော် ကျွန်ုပ်မှာ အံ့အားများပင် သင့်၍နေမိတော့၏။

သို့သော် ခင်မမမှာ သာမန်အစားထဲက မိန်းကလေးမျိုး မဟုတ်ကြောင်း သတိရမိသောအခါ၌ကား ကျွန်ုပ်အဖို့ အံ့ဩနေဖွယ်ရာအကြောင်း မရှိတော့ချေ။

"သြော် . . . တရားယူတယ်ဆိုတာ ဘယ်အရာဝတ္ထု၊ ဘယ်အဆင်းသဏ္ဌာန်ကိုပဲဖြစ်ဖြစ် တရားမျက်စိနဲ့ကြည့်ရင် တရားအကောင်အထည်တွေပဲ မြင်လာတာပေါ့ရှင်၊ ဟောဟိုလှိုင်းလုံးကြီးတွေကို ကြည့်လိုက်စမ်း . . . နိမ့်သွားလိုက်, မြင့်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်နဲ့၊ လူတွေဟာလည်း ဒီအတိုင်းပဲမဟုတ်ပါလား ဒေါက်တာရယ်''

''အင်း . . . ဟုတ်ပါတယ်၊ ဒါဟာ တစ်နည်းအားဖြင့် လောကဓံတရားပဲ ဆိုပါတော့ ခင်မမ''

''မှန်ပေတယ်ရှင် . . . လွန်ခဲ့တဲ့ ရှစ်နှစ်လောက်တုန်းက ဆိုရင် ကျွန်မဟာ သောင်းနှစ်ထောင်တန် ကိုယ်ပိုင်ကားကြီးကို စီးပြီး ရန်ကုန်ယူနီဗာစီတီမှာ ကျောင်းတက်နေရတယ်၊ ဘဝရဲ့ ဆင်းရဲခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်ကို နားမလည်သေးတဲ့ ကျောင်းသူလေးတစ်ယောက်ပေါ့''

ခင်မမသည် ၎င်း၏ကာတိအတိုင်း သူမ၏အတိတ်ရာဇဝင်ဇာတ်ကြောင်းကို နိဒါန်းပျိုးနေလေပြီ။

ကျွန်ုပ်လည်း ခင်မမ ပြောလာမည့်အကြောင်းတွေကို စိတ်ဝင်တစား မျှော်လင့်စောင့်စားနေမိ၏။

သူမသည် စကားကို ခေတ္တမျှရပ်ထား၍ မျက်နှာကို လဝန်းဆီသို့မော့လိုက်ကာ မျက်လုံးများကို အတန်ကြာမှိတ်ထားလိုက်ပြီးနောက် . . .

''အဲဒီတုန်းက ကျွန်မဟာ ဘာတစ်ခုမှ မပူရ မပင်ရတဲ့ အချိန်ပေါ့၊ ကြွားလို့ဝါလို့ အကောင်းဆုံးအချိန်ပေါ့၊ ဒါပေမဲ့





အဲဒီတုန်းက ခင်မမဟာ အမြင့်ကိုရောက်နေတဲ့ ခင်မမလား၊ အနိမ့်ကိုရောက်နေတဲ့ ခင်မမလားဆိုတာ . . . ဒေါက်တာ ဘယ်လိုယူဆမလဲဆိုတာ ပြောစမ်းပါ''

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အား လှမ်း၍မကြည့်ဘဲ မျက်လုံးများကို စုံပိတ်ကာ ကျွန်ုပ်၏အဖြေကိုသာ တောင်းဆိုနေသည်နှင့် ကျွန်ုပ်လည်း မဆုတ်မဆိုင်းပင် . . .

''ဟာ . . . ဘယ့်နှယ်မေးလိုက်ပါလိမ့် ခင်မမရယ်၊ တစ်သောင်းကျော်တန်တဲ့ မော်တော်ကားကြီးနဲ့ ကျောင်းတက်နေရတဲ့ ကောလိပ်ကျောင်းသူဘဝလည်း ဖြစ်ပြန်၊ ဘာတစ်ခုမှ မပူရ မပင်ရတဲ့ အခြေအနေမျိုးလည်း ဖြစ်ပြန်တယ်ဆိုရင် ခင်မမရဲ့ အဲဒီအချိန်ကဘဝဟာ အင်မတန်မြင့်တဲ့ ဘဝအဆင့်အတန်းပဲလို့ ဆိုရမှာပေါ့ခင်ဗျာ''

ဟု ဆိုလိုက်လေ၏။

ထိုအခါ ကြယ်နီရှင်သခင်မသည် ခေါင်းကို ညင်သာစွာ ခါယမ်း၍နေပြီးနောက် မျက်နှာကို ကျွန်ုပ်ဘက်သို့ လှည့်လိုက်ကာ . . .

''ဒီအဖြေဟာ ကျွန်မအယူအဆနဲ့ဆိုရင်တော့ လွဲနေတယ် ဒေါက်တာရဲ့၊ မြင့်တယ်နိမ့်တယ်ဆိုတဲ့ သတ်မှတ်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဥစ္စာအခြေအနေနဲ့ ဓနအင်အားပေါ်မှာ သတ္တုချပြီး ဆုံးဖြတ်ရင် မှားလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်၊ တကယ်တော့ နိမ့်ခဲ့တာပါ၊ ဒါပေမဲ့ ... ကျွန်မဟာ အဲဒီတုန်းက အပူအပင်ဆိုလို့ ဘာတစ်ခုမှ မရှိခဲ့ပါဘူး၊ သိပ်ပျော်ခဲ့တာပေါ့"

"ဒီလိုဆိုရင် ခင်မမရဲ့ ဘဝအဆင့်အတန်းဟာ ဒီတုန်းက ဘာကြောင့်နိမ့်တယ်လို့ ဆိုချင်ရတာလဲဗျာ"

"လူရယ်လို့ဖြစ်လာကြရင် ရည်ရွယ်ချက်တစ်ခုကတော့ ရှိကြရမယ်မဟုတ်လား ဒေါက်တာရယ်"

"ရှိရတာပေါ့ ခင်ဗျား"

"အဲဒီတုန်းက ကျွန်မမှာ ဘာရည်ရွယ်ချက်မှ မရှိခဲ့ဘူးရှင့်၊ ရှင်းရှင်းပြောရရင် ကျွန်မစိတ်ထဲမှာ အဲဒီတုန်းက လုဖို့ရယ်၊ ယောကျ်ားတွေအပေါ်မှာ အရှုံးလုပ်ဖို့ရယ်, သုံးဖို့ရယ်, ဖြုန်းဖို့ရယ် ရုပ်ရှင်ကြည့်ဖို့ရယ်၊ အို ... ဘာဆိုဘာတစ်ခုမှ အဖိုးမတန်တဲ့ မိုက်လုံးနက်တဲ့ ရည်ရွယ်ချက်တွေနဲ့ပဲ အချိန်ကုန်ခဲ့တာမို့ ကျွန်မဟာ လူရယ်လို့ဖြစ်လာပေမယ့် အဲဒီအချိန်အထိ အင်မတန်နိမ့်ကျတဲ့စိတ်ထားတွေကိုပဲ မွေးခဲ့မိတယ်လို့ ကျွန်မ ဆိုချင်တာပဲ"

ကြယ်နီရှင်သခင်မသည် စူးရှစွာ တစ်ချက်ဆွဲ၍ အူလိုက်သော တောခွေးအူသံတစ်ခုကို အသံဆုံးသည်အထိ စူးစိုက်၍





နားထောင်နေပြီးနောက် ဆက်လက်၍ ...

"ကြားလိုက်ရရဲ့မဟုတ်လား ဒေါက်တာ"

ဟု မေးလိုက်၏။

ဇဝေဇဝါဖြစ်သွားသော ကျွန်ုပ်လည်း ...

"ဘာကို ပြောလိုက်တာလဲ"

"တောခွေးအူသံလေ၊ ဒီတောခွေးဟာ သူ့အစာ စားရဖို့နဲ့ မေထုံမှီဝဲဖို့ကလွဲလို့ သူ့မှာ မြင့်မြတ်တဲ့လုပ်ငန်းဆိုလို့ ဘာများရှိသလဲ၊ သူ့ရဲ့တိရစ္ဆာန်ဘဝဟာ သူ့အဖို့ နိမ့်ကျခြင်းပဲ မဟုတ်လားရှင်၊ ဒီတော့ ကျွန်မရဲ့ ကောလိပ်ကျောင်းသူဘဝဟာ ခုနက တောခွေးရဲ့ဘဝနဲ့ ဘာခြားပါသေးသလဲ ...၊

ကျွန်မဟာ ပစ္စည်းအင်အား, ဓနအင်အားနဲ့ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ပေမယ့် ကျွန်မဟာ အဲဒီအချိန်တုန်းက တိရစ္ဆာန်စိတ်သာသာလောက်ပဲ ရှိခဲ့လို့ အဲဒီကာလမှာ ကျွန်မဘဝဟာ ဆုံးရှုံးနေတဲ့ဘဝတစ်ခုလို့ ပြောဆိုလိုက်ရတာပါပဲ"

"အခုတော့ကောဗျာ"

"အခုလား ... အခု ကျွန်မ ဘဝသစ်တစ်ခုမှာ ရောက်နေပြီလေ၊ ကျွန်မဟာ ကောလိပ်ကျောင်းသူခင်မမမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ၊ ကျွန်မ သူပုန်မ ဖြစ်နေပြီလေ''

''သူပုန်ဘဝဟာ ကောလိပ်ကျောင်းသူဘဝထက် မြင့်တယ်လို့ ဆိုချင်တာလား ခင်မမရဲ့''

''လူတစ်ယောက်မှာ ရည်ရွယ်ချက်တစ်ခုစီရှိရမယ်လို့ ကျွန်မ ပြောခဲ့တယ်မဟုတ်လား။ အခု ကျွန်မမှာ ရည်ရွယ်ချက်တစ်ခု ရှိတယ်၊ အဲဒီရည်ရွယ်ချက်နဲ့ ကျွန်မ သူပုန်လုပ်နေတာပဲ၊ အခု တိုင်းပြည်အတွက် ကျွန်မတစ်ကိုယ်လုံးကို အပ်ထားတယ်၊ အသက် ၁၉ နှစ်ထိ မိုက်လုံးကြီးခဲ့သမျှတွေကို အခု ကျွန်မရဲ့ သူပုန်ဘဝနဲ့ ဆေးကြောပစ်နေတာပဲ၊ ဒီတော့ ကျွန်မရဲ့ အခုဘဝဟာ မြင့်လာသလား၊ နိမ့်လာသလား၊ ဘယ့်နှယ်လဲ ဒေါက်တာ . . . ကျွန်မတော့ အခုဘဝဟာ ကျွန်မအဖို့ အမြင့်ဆုံးဘဝတစ်ခုပဲလို့ ယုံကြည်တာပဲ''

ထိုအချိန်တွင် ကျွန်ုပ်သည် ကြယ်နီရှင်သခင်မ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို တဖြည်းဖြည်း ရိပ်စားနားလည်စပြု၍လာရာ ခင်မမအပေါ်၌ အထင်ကြီးမိခဲ့သော ကျွန်ုပ်၏စိတ်ခံစားမှုများမှာ လျော့နည်းရဖို့ထက် တိုးတက်လာဖို့သာလျှင် အလေးသာ၍ လာခဲ့ကြောင်း ဆင်ခြင်မိပေ၏။

''ကျွန်မကိုယ်ကျွန်မ သူပုန်မလို့ ဆိုပြောနေတာကို





တချို့ကတော့ နားကြားပြင်းကတ်ကောင်း ကတ်ကြမှာပဲ၊ ဒေါက်တာတောင် အဲဒီအထဲမှာ ပါကောင်းပါနေသလား မသိဘူးနော်''

''အလိုဗျာ''

''အလိုဗျာ မနေပါနဲ့လေ၊ ကျွန်မက အကောင်းပြောတာပါ၊ ကျွန်မအကြောင်းတွေကို ဒေါက်တာလည်း မကြားဘဲနေမှာ မဟုတ်ပါဘူး၊ ဥပမာ . . . ထားဝယ်က တရုတ်သူဌေးမျိုးလွင်ကို ကျွန်မ ဓားပြတိုက်သွားတယ်လို့ ကြားထားတဲ့ လူတစ်ယောက်ဟာ ကျွန်မကို အင်မတန်စက်ဆုပ်စရာကောင်းတဲ့ သူခိုးဓားပြမိန်းမကြမ်းတစ်ယောက်အဖြစ်ကလွဲလို့ တခြားဘယ်နည်းနဲ့ မြင်နိုင်မလဲရှင့်''

ဤတစ်ကြိမ်တွင်မူ ၎င်း၏မျက်လုံးများမှာ ကျွန်ုပ်၏မျက်နှာပေါ်တွင် ဝဲရစ်၍မနေတော့ဘဲ ပင်လယ်ပြင်ဆီသို့သာ ရောက်ရှိနေပေ၏။

''ကျုပ် ကြားထားရတဲ့သတင်းတွေဟာ မှန်ချင်ရင်လည်း မှန်မယ်, မှားချင်ရင်လည်း မှားမယ်၊ မှန်တယ်ဆိုရင်လည်း ခင်မမအနေနဲ့ ဓားပြတိုက်ရတယ်ဆိုတာဟာ အကြောင်းမဲ့သက်သက် မဟုတ်ဘူးလို့ ကျုပ်နားလည်ရမှာပဲ''

''ဒေါက်တာက ကျွန်မရဲ့ညှို[illegible]တစ်ယောက်အဖြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့အချိန်မျိုးဖြစ်လို့ ယဉ်ကျေးမှုသဘောနဲ့ ကျွန်မဘက်ကနေ လိုက်ပြောနေတယ်ဆိုတာမျိုးကိုတော့ ကျွန်မ မလိုချင်ဘူးရှင်၊ ဒါပေမဲ့ ဘာပဲဖြစ်နေနေလေ ကျွန်မနဲ့ပတ်သက်ပြီး လူတွေ အမျိုးမျိုး စွပ်စွဲနေကြတာတွေကိုတော့ ကျွန်မ အခုရှင်းချင်တယ်၊ အထူးသဖြင့် ဒေါက်တာလိုပုဂ္ဂိုလ်မျိုးတစ်ယောက်ကို ကျွန်မ ရှင်းလိုက်ရရင် ကျေနပ်ပါပြီ၊ အခွင့်သင့်တဲ့တစ်နေ့မှာ ဒေါက်တာ့ကို ရှင်းပြနိုင်ကောင်း ပြနိုင်ပါလိမ့်မယ်လို့ ဆိုခဲ့တဲ့အတိုင်း အခု အခွင့်ပေါ်လာလို့ ကျွန်မရှင်းပြရတာပါ''

''ကျုပ်ကတော့ အရှင်းခိုင်းနေတာ မဟုတ်ဘူးနော် ခင်မမ''

ကျွန်ုပ်တို့နှစ်ယောက် ပြိုင်တူပင် ရယ်မောလိုက်ကြ၏။

ညကာလ၏ ရာသီဥတုမှာလည်း တဖြည်းဖြည်း ချမ်းအေးလာသည်ဟု ထင်မှတ်မိပေ၏။

သို့သော် ကျွန်ုပ်တို့နှစ်ယောက်စလုံးမှာ အားလုံးကို မေ့ပျောက်၍ လျစ်လျူရှုထားလိုက်ကြပေ၏။

''ထားဝယ်က တရုတ်သူဌေးကြွင်စိန်ဟာ ဂျပန်ခေတ်တစ်ခေတ်လုံး ဘာလုပ်ခဲ့တယ်ဆိုတာကို ဒေါက်တာသိရင် ကျွန်မလုပ်ခဲ့တာကို အပြစ်တင်လိမ့်မယ် မထင်ဘူး ...၊





သူဟာ သတ္တုတွင်းသူဌေးတစ်ယောက်ပီပီ ငွေကို ရေလိုသုံးနိုင်တဲ့ လူတစ်ယောက်ရှင့်၊ သူ့သတ္တုတွင်းကို ဂျပန်တွေက သိမ်းမယ်လုပ်တော့ ဗမာအမျိုးသမီးကလေးတွေကို ငွေနဲ့ပေါက်ဝယ်ပြီး ဂျပန်ကိုလာဘ်ထိုးခဲ့တယ်၊ သူ့သမီးအရင်းကိုတော့ ရန်ကုန်ကို ပို့ထားလိုက်တယ် ...၊

နောက်ပြီး ဂျပန်နဲ့ပေါင်း, ပြိုင်ဘက်သတ္တုတွင်းတွေကို သူ့လက်ထဲ ရောက်အောင်လုပ်၊ အလုပ်ပြိုင်တွေကိုလည်း အင်္ဂလိပ်သူလျှိုတွေဆိုပြီး လက်ညှိုးထိုး၊ ဈေးတပ်စုတဲ့အခါမှာ သူက ထိပ်ဆုံးက နေတဲ့လူမျိုး၊ သူ့လို ဂျပန်အလိုတော်ရိကြီးကို ဗမာလူထုကိုယ်စား ဆုံးမလိုက်ရတာ နည်းတောင်နည်းသေးတယ် မဟုတ်ပါလားရှင်''

''ဒါပေမဲ့ သူ့ခမျာ ကြယ်နီရှင်သခင်မကို အခုထက်ထိ စိတ်မဆိုးနိုင်ဘူးလို့တောင် ကြားနေရပါကလား ခင်ဗျ''

ဤတွင် ခင်မမသည် စိတ်မကောင်းဟန်ဖြင့် ခေါင်းကို တစ်ချက်ငုံ့လိုက်ပြီးနောက် ...

''ဒါကတော့ ကျွန်မလည်း မလွှဲသာလို့ ကိုယ့်ကိုယ်ကိုယ် ငါးစာလုပ်ပြီး မျှားရတာပါပဲရှင်၊ ကျွန်မကြောင့် သူ စိတ္တဇဖြစ်ကျန်ခဲ့တယ်လို့ ကြားရတယ်၊ ဒါလည်းပဲ ဂျပန်ကိုလာဘ်ထိုးရ



www.burmeseclassic.com

www.burmeseclassic.com



အောင်နဲ့ သူ ခြေတော်တင်ဖို့ ငွေနဲ့ပေါက်ပြီး သူနိုပ်စက်ခဲ့တဲ့ မိန်းကလေးတွေရဲ့ကိုယ်စား ကျွန်မ လက်စားချေလိုက်တဲ့ နည်း တစ်နည်းပါပဲ၊ အမှန်အတိုင်းပြောရရင်တော့ ကျွန်မလည်း ဒီ အလုပ်မျိုးကို တော်တော်စက်ဆုပ်ပါတယ်''

ဤစကားမျိုးကို ပြောနေသော ကြယ်နီရှင်သခင်မ၏ မျက်နှာထက်၌ ထင်ရှားပေါ်လွင်နေသည့် ရင့်ကျက်မှုဣန္ဒြေကို မြင်ရသောကျွန်ုပ်မှာ ကြားခဲ့ရသမျှသတင်းကိစ္စတွင် ခင်မမ၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ မည်သို့မျှစဉ်းစားနေရန်မလိုတော့ဟု ဆုံးဖြတ်လိုက်လေ၏။

ကြယ်နီရှင်သခင်မ ဆက်လက်ပြောလာသောကိစ္စမှာ မောင်းမကန်ရောက်ခါစ ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံလိုက်ရသည့် လူသတ်မှုကိစ္စပင်ဖြစ်၏။

''ဒေါက်တာကိုယ်တိုင်ကြုံခဲ့ရတဲ့ မောင်းမကန်တည်းခိုဆောင်က လူသတ်မှုကတော့ ဂျပန်ကင်ပေတိုင်ရဲ့ သတင်းပေးလုပ်ခဲ့တဲ့သူမို့ပါ၊ တော်လှန်ရေးမှာ အရေးပါတဲ့လူငယ်အချို့ဟာ သူ့လက်ချက်ကြောင့် ဂျပန်လက်ထဲရောက်ပြီး အသက်ပျောက်ကုန်ကြရတယ်၊ အဲဒီ ကွယ်လွန်သူအာဇာနည်တွေရဲ့ကိုယ်စား လက်စားချေပစ်ခဲ့ရတာပါပဲ''





''ဟုတ်ကဲ့ ... အဲဒီညကမှ မောင်းမကန်အပန်းဖြေစခန်းကို စရောက်ခဲ့ပြီး အဲဒီညက ခင်မမကို ကျုပ်မြင်တွေ့လိုက်ရပါတယ်''

''ဪ''

ကြယ်နီရှင်သခင်မက ခေါင်းငုံ့လျက် ပြုံး၍နေပေ၏။

''အဲဒီတုန်းက လူကိုမြင်လိုက်ရရုံသာ မကဘူး ... ခင်မမဆီက ပစ္စည်းတစ်ခုကိုတောင် ကျုပ် ရလိုက်ပါသေးတယ်''

''ဘာပစ္စည်းများပါလဲရှင်''

ကြယ်နီရှင်သခင်မသည် ဤတစ်ကြိမ်၌ အံ့အားသင့်သွားသကဲ့သို့ ကျွန်ုပ်အား ဆတ်ခနဲ လှည့်ကြည့်ကာ ကျွန်ုပ်၏ အဖြေကို စောင့်လင့်နေပေ၏။

ဝန်းကျင်ရာသီဥတုမှာ မိုးသားများ ဖုံးအုပ်သွားသဖြင့် အနည်းငယ် မှိန်ညို့သွားသဖြင့် လရောင်အောက်၌ မခင်မမ၏ မျက်လုံးများမှာ စူးရှတောက်ပြောင်လျက် ရှိနေသည်ကို တွေ့မြင်ရပေ၏။

''ဒီပစ္စည်းဟာ အခု ကျွန်တော့်ဆီမှာ ပါလာပါတယ်၊ ဒါပေမဲ့ ဒီပစ္စည်းကို ကျုပ်အနေနဲ့ သတိတရ အထိမ်းအမှတ်တစ်ခု အဖြစ်နဲ့ သိမ်းဆည်းထားချင်လို့ ပြန်မပေးတောင်းပါဘူးလို့ ကတိပြု



www.burmeseclassic.com

www.burmeseclassic.com



ဗျာ''

''ပြုပါတယ်ရှင် ပြုပါတယ်''

ထိုအခါ ကျွန်ုပ်သည် ရေမွှေးရနံ့လေးပင် ကောင်းစွာ မပျောက်သေးသော လက်ကိုင်ပဝါနီလေးကို အတွင်းအိတ်ထဲတွင် တရိုတသေထည့်ထားရာမှ ထုတ်ပြလိုက်၏။

ကြယ်နီရှင်သခင်မသည် လက်ကိုင်ပဝါကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် တစ်စုံတစ်ရာမျှ အံ့အားသင့်သွားဟန် မရှိသော်လည်း မျက်နှာကိုင့်ကာ ပြုံးလျက်ရှိပေ၏။

''ခင်မမ ခွင့်ပြုပါတယ်နော်''

''ဩော် ... ခွင့်ပြုပါတယ်၊ ယူထားနိုင်ပါတယ်ရှင်၊ ကျွန်မတို့ကို ဒါလောက်အကူအညီပေးထားတဲ့ လူတစ်ယောက်ဆီက ဘာမှအဖိုးမတန်တဲ့ပဝါကလေးကို ပြန်တောင်းတယ်ဆိုရင် ကျွန်မလောက် ကျေးဇူးကန်းတဲ့သူ ဘယ်မှာရှိတော့မလဲ၊ နောက်ပြီး ...''

''ဆိုပါဦး''

''ဒီပဝါကို ကျွန်မ တမင်ချပစ်ခဲ့တာမို့ ပြန်တောင်းဖို့ ကျွန်မစိတ်မကူးပါဘူးရှင်''

ခင်မမသည် ဤကိစ္စကို ဘာမျှအရေးမကြီးဟန်ဖြင့်





ပြောလိုက်ပြန်သည်။

''နောက်ထပ်တစ်ခု မေးချင်ပြန်တယ်ဗျာ''

''ဘာများလဲရှင်''

''ခင်မမ ဗမာအစစ်လား၊ ဒီမေးခွန်းဟာ ခင်မမကို စော်ကားရာရောက်နေတယ်ဆိုရင်တော့ ကျုပ် ရုပ်သိမ်းလိုက်ပါ့မယ်ဗျာ''

ထိုအခါ ကြယ်နီရှင်သခင်မသည် အသံကလေးထွက်အောင် ရယ်မောလိုက်ပြီးနောက် ...

''မဟုတ်တာရှင်၊ ဘာဖြစ်လို့စော်ကားရာရောက်ရမှာလဲ၊ ကျွန်မနဲ့ပတ်သက်ပြီး ဒေါက်တာစိတ်ထဲမှာ မရှင်းတာ၊ နားမလည်တာရှိရင် ဘာမဆိုမေးချင်တာ မေးနိုင်ပါတယ်၊ ဒါပေမဲ့ ဘာကို အကြောင်းပြုပြီးမေးတယ်ဆိုတာကို ကျွန်မ မသိရဘူးလား''

ဟု ကျွန်ုပ်အား မေးခွန်းတစ်ခုထုတ်လိုက်ပေ၏။

''ဒီလိုပါ ... ခင်မမလောက် အသားဖြူတဲ့ ဗမာ မိန်းကလေးမျိုး မတွေ့ခဲ့ဖူးတာရယ် နောက်ပြီး ခင်မမလို ကိုယ်အင်္ဂါဖွံ့ထွားကြွနိုင်တဲ့အချိုးအစားမျိုးကလည်း အတော်ရှားတယ် မဟုတ်လား၊ ပြီးတော့ ရုပ်ချောပုံက တစ်မျိုးလေးဖြစ်နေလို့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါက်တာ ... ကျွန်မဟာ မြန်မာအစစ် မဟုတ်ပါဘူး၊ ကျွန်မအမေက မော်လမြိုင်သူ၊ ဗမာသွေးစပ်တဲ့ မွန်အမျိုးနွယ်၊ ကျွန်မအဖေက ယိုးဒယားလူမျိုးလေ၊ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်က အကြောင်းပါပြီး ကျွန်မကို မော်လမြိုင်မြို့မှာ မွေးခဲ့တယ်"

"ဪ"

"ကျွန်မအဖေက သစ်လုပ်ငန်းကို ယိုးဒယားနဲ့ဆက်ပြီး အကြီးအကျယ်လုပ်ခဲ့တာပေါ့၊ မေမေတို့ဘက်ကလည်း သစ်ကုန်သည်တွေချည်းပဲရှင့်"

ကြယ်နီရှင်သခင်မသည် အင်္ကျီအတွင်းသို့သွင်း၍ဆွဲထားသော ဆွဲကြိုးကလေးကို အပြင်ဘက်ဆီသို့ ထုတ်ယူလိုက်ပြီးလျှင် ဒင်္ဂါးပိုင်းခန့်ရှိသော လော့ကတ်ဆွဲပြားကလေးကို ဖွင့်လျက် ကျွန်ုပ်အား ကြည့်ရှုခိုင်း၏။

လရောင်အောက်တွင် ကျွန်ုပ်မြင်ရသောပုံကား ရုပ်ရည်ခံ့ညားသော ယောကျ်ားတစ်ယောက်နှင့် အလွန်ချောမောလှသော မိန်းမတစ်ယောက်တို့ တွဲ၍ရိုက်ထားကြသော ကိုယ်တစ်ပိုင်းဓာတ်ပုံကလေးပင် ဖြစ်ပေ၏။

ကြယ်နီရှင်သခင်မက ဆက်လက်၍ ...





"ဖေဖေက လူတစ်မျိုးရှင့်၊ ယိုးဒယားလူမျိုးဆိုပေမယ့် ဗမာကိုထိရင် မခံချိအောင်နာတဲ့ , လူဆန်းကြီးဆိုပါတော့ရှင်၊ ကျွန်မကို မျိုးချစ်စိတ်အများဆုံးသွင်းပေးတဲ့သူဟာ ဖေဖေပဲ၊ ဒီနေရာမှာ မြန်မာအမျိုးသမီးဖြစ်နေတဲ့ မေမေကတောင် ဖေဖေ့ကို အရှုံးပေးခဲ့ရတယ် ...၊

ဖေဖေ့နာမည်က ယိုးဒယားလိုဆိုရင် နိုင်ချိုင်ချမ်နမ်တဲ့ရှင့်၊ ချမ်နမ်ဆိုတာက အောင်မြင်ခြင်းဆိုတဲ့ အဓိပ္ပာယ်ပေါ့ရှင်၊ ဒါကြောင့် မေမေက သူ့ယောကျ်ားကို ကိုအောင်မြင်လို့ပဲ ခေါ်တယ်"

"ဒါဖြင့် ခင်မမရဲ့မိဘနှစ်ပါးက အခု ဘယ်မှာရှိနေကြသလဲ"

"မရှိကြတော့ပါဘူး ... ဆုံးသွားကြပြီလေ၊ စစ်ကြီးအတွင်း ကျွန်မ သူပုန်ဘဝရောက်ခါနီး ဆိုပါတော့ ...၊

အပြည့်အစုံပြောရမယ်ဆိုရင် ဒီလိုရှင့် ... ကျွန်မ ကောလိပ်ရောက်လို့ စီနီယာအင်တာ ဖြေရမယ့်နှစ်မှာ ဖေဖေရဲ့ အဖေ အသည်းအသန်ဖြစ်လို့ ဖေဖေ ယိုးဒယားကိုပြန်ရတယ်၊ ကျွန်မကိုလည်း ယိုးဒယားကိုခေါ်လို့ လိုက်သွားရတယ် ...၊

တိုတိုပြောရရင် ကျွန်မတို့အဘိုးဆုံးပြီးလို့ တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက် ကြာတဲ့အခါမှာ ဖေဖေက ကျွန်မကိုပြောတယ်၊ သူ မြန်မာပြည်ကို ပြန်မလိုက်သေးဘူးတဲ့၊ ငါ့သမီးပြန်ရင် ရန်ကုန်ကို အင်မတန်ကြီးလေးတဲ့တာဝန်တစ်ခုကို ယူပြီး ပြန်သွားပါလို့ ညွှဝါဒပေးပါရော၊ ဘာတာဝန်လဲဆိုတော့ ဂျပန်သူလျှိုအလုပ် ဖြစ်နေတာ တွေ့ရတယ်၊ ဒါနဲ့ ဒေါက်တာ အိပ်ချင်ပြီလား''

''ဟာ ... မအိပ်ချင်သေးပါဘူးဗျာ၊ ပြောမှာသာ ဆက်ပြောစမ်းပါဦး''

ထိုအခါ ကြယ်နီရှင်သခင်မက ဆက်လက်၍ ...

''အဲဒီတော့မှပဲ ကျွန်မလည်း ဖေဖေဟာ ဂျပန်သူလျှို ဖြစ်နေတယ်ဆိုတာ သိရတော့တာပဲ၊ ဖေဖေက ဗမာပြည်ကို မကြာခင် ဗမာနဲ့ဂျပန်ပေါင်းပြီး အင်္ဂလိပ်လက်ထဲက ပြန်တိုက်ယူတော့မယ့်အကြောင်း ကျွန်မ သဘောပေါက်လာတဲ့အထိ ရှင်းပြတယ် ...၊

တနင်္ဂနွေတစ်ပတ်လောက် ဖေဖေဟာ ကျွန်မ ဆောင်ရွက်ရမယ့်ကိစ္စတွေ ရှင်းလင်းသင်ပြခဲ့ပါတယ်၊ မူလက ဘာတစ်ခုမှ လေးလေးနက်နက် မစဉ်းစားချင်ခဲ့တဲ့ကျွန်မဟာ အဲဒီအချိန်ကစပြီး နိုင်ငံအကျိုး, ပြည်သူ့အကျိုးဆိုတာတွေကို သိလာခဲ့တယ်၊ ဒီလိုနဲ့ ဆယ်ရက်လောက်ကြာတော့ မြန်မာပြည်ကို ကျွန်မ





ထွက်ခဲ့ပါရော ...၊

ရန်ကုန်မှာ ကျွန်မနဲ့အဆက်အသွယ်လုပ်ရတဲ့လူက စစ်ကဲမောင်ထော်လေးလမ်းထဲမှာ ဓာတ်ပုံဆိုင်ဖွင့်ထားတဲ့ အိန္ဒိယလူမျိုးတစ်ယောက်ရှင့်၊ ဒါနဲ့ တိုတိုပြောကြပါစို့ရှင် ...၊

ကျွန်မ ဒီအလုပ်လုပ်လို့ နှစ်လလောက်မှ မကြာသေးဘူး ဒီဇင်ဘာလထဲမှာ အဲဒီလူကို အင်္ဂလန်အစိုးရ စုံထောက်ဘက်က မိသွားပါရော၊ သူ့ဆီမှာတွေ့တဲ့ ဒိုင်ယာရီကိုကြည့်ပြီး လူတွေလျှောက်ဖမ်းလိုက်တာ ကျွန်မလည်း ရန်ကုန်မှာမနေရဲတော့လို့ မော်လမြိုင်ကို ပြန်ပြေးတယ်၊ မော်လမြိုင်ကတစ်ဆင့် ယိုးဒယားက ဖေဖေ့ဆီကို သွားတော့မယ့်တန်းလန်းမှာ ရန်ကုန်ကို ဂျပန်တွေ စဗုံးကြဲတော့တာပါပဲ ...၊

ဒီအချိန်မှာ သတင်းဆိုးတစ်ခု ကြားရတာက ဖေဖေ့ကိုလည်း 'ရနောင်း' မှာ အင်္ဂလိပ်ဘက်က ဖမ်းမိသွားတယ်၊ ဂျပန်သူလျှိုအဖြစ်နဲ့ သစ်ပင်မှာချည်ပြီး သေနတ်နဲ့ပစ်သတ်သွားတယ်ဆိုတဲ့သတင်းပဲ၊ အဲဒီအချိန်ဟာ ကျွန်မရဲ့နဂိုစိတ်ဓာတ်တွေကို ချက်ချင်းဆေးရောင်ဆိုးပစ်လိုက်တဲ့အချိန်ပေါ့၊ ကျွန်မအဖေကိုယ်စား, ကျွန်မတိုင်းပြည်ရဲ့ကိုယ်စား ကျွန်မ ဒင်းတို့ကို လက်စားမချေရသမျှ ကျွန်မတစ်သက်မှာ မကြေဘူးလို့ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း သန္နိဋ္ဌာန်ချလိုက်တာဟာ အဲဒီအချိန်ပဲ''

ယင်းအခိုက် ကြယ်နီရှင်သခင်မ၏မျက်နှာကို သတိထား၍ကြည့်လိုက်ရာ ခင်မမသည် ကြုံးဝါးလျက်ရှိသော စကားများကို မည်သည့်အချိန်တွင်မျှ သစ္စာဖောက်မည့်လက္ခဏာ မရှိကြောင်း သတိပြုလိုက်မိပေ၏။

''ဂျပန်တစ်ခေတ်လုံးမှာ ကျွန်မ ဂျပန်တွေနဲ့ချည်း အပေါင်းအသင်းလုပ်ခဲ့တယ်''

ကြယ်နီရှင်သခင်မသည် စကားဆက်ပြန်၏။

''ဟုတ်တယ် . . . ဒီတစ်ချိန်လုံးဟာ ဂျပန်အပေါ်မှာ ကျွန်မ ဘာအပြစ်မှ မမြင်ခဲ့ဘူး၊ ဖေဖေ့အတွက် အဂ်လိပ်ကို လက်စားချေရဖို့စိတ် တစ်ခုပဲရှိခဲ့တယ်၊ အမှန်ပြောရရင် တိုင်းပြည်ထက် ဖေဖေ့အတွက် လက်စားချေချင်တဲ့စိတ်ဟာ ကျွန်မမှာ အပြင်းထန်ဆုံး ဖြစ်နေတယ် . . .၊

ဖေဖေ့အကြောင်းနဲ့ ကျွန်မလုပ်ခဲ့တဲ့အလုပ်တွေကို ဂျပန်တွေ သိထားပြီးဖြစ်တော့ ကျွန်မကို သူတို့ တော်တော်ပဲ အရေးပေးကြတယ်၊ ကျွန်မ လုပ်ချင်တာ လုပ်နိုင်ခွင့် ပေးခဲ့တယ်၊ ၁၉၄၃ ခုနှစ်ထဲမှာ အီဒါးရဲ့ထောက်ခံချက်နဲ့ ကျွန်မကို ဂျပန်ပြည်အထိ စေလွှတ်ခဲ့သေးတယ် . . .၊





ဒါပေမဲ့ တစ်နေ့ကျတော့ ကျွန်မဟာ ဂျပန်ကိုလည်း ဗမာတွေ တိုက်ရတော့မှာပါကလားဆိုတာ နားလည်လာတယ်၊ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလထဲမှာ ကိုဝင်းသန်းနဲ့ကျွန်မ တွေ့ကြပြီး ဂျပန်ကိုတော်လှန်ရမယ့်အခြေအနေကို ဆွေးနွေးကြရတဲ့ အခြေအနေဆီကိုရောက်သွားကြပါလေရော . . .၊

ကိုဝင်းသန်းဟာ ဖဆပလအဖွဲ့ဝင်ဖြစ်ပြီး ကျွန်မနဲ့ မောင်နှမနှစ်ဝမ်းကွဲ တော်တယ်ရှင့်၊ သူနဲ့တွေ့ကြမှ ကျွန်မ ဘာလုပ်ရတော့မယ်ဆိုတာ နားလည်လာရတာပါပဲ၊ အစီအစဉ်ကတော့ ကျွန်မဟာ ဂျပန်တွေရဲ့ အထူးယုံကြည်ခြင်း ခံရတဲ့လူယုံဖြစ်နေတော့ ဂျပန်တွေကို ကျွန်မက အတွင်းပူးပြီး သတ်ရမယ့် အစီစဉ် ဆိုပါတော့ ရှင် . . .၊

တိုတိုအဆုံးသတ်ကြရမယ်ဆိုရင် ကျွန်မတို့ ဂျပန်ကို တော်လှန်ခဲ့ကြပါရော၊ တော်လှန်ရေးကာလမှာ ကျွန်မတို့သုံးနေတဲ့ ဂျပန်သေနတ်ကို ကျွန်မတို့လက်ထဲ ရောက်လာတဲ့အထိ ဆောင်ရွက်ခဲ့ကြတယ်၊ လိုက်ပါလာတဲ့ ဂျပန်တွေကို အဆိပ်ကျွေးပြီး သေတော့ ပင်လယ်ထဲ မျှောပစ်လိုက်ကြတာပါပဲရှင်''

ကြယ်နီရှင်သခင်မသည် ရှည်လျားလှသော သူမ၏ ကိုယ်ရေးရာဇဝင်ကြီးကို ဤနေရာတွင် အဆုံးသတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်နီရှင်သခင်မ,ပြောသွားသောရာဇဝင်သည် လက်ရှိ ပစ္စုပ္ပန်အခြေသို့ မရောက်သေးကြောင်းသိရသည်နှင့် မေးခွန်းတစ်ခုကို ထုတ်လိုက်ရပြန်၏။

“ဂျပန်လက်နက်ချပြီးတဲ့ နောက်ပိုင်းကနေ အခုအချိန်အထိ ခင်မမတို့ အခုလုပ်နေကြတဲ့အဖြစ်ကတော့ ဘယ်လိုအဓိပ္ပာယ်လဲဗျ ... ကျွန်တော် သိပိုင်ခွင့်ရှိပါရဲ့လား”

“အထူးအထွေ စဉ်းစားနေစရာ လိုပါသေးသလားဒေါက်တာရယ် ... အင်္ဂလိပ်ကို တိုက်ပွဲပြန်ဝင်နိုင်ဖို့ပေါ့ရှင်”

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်တို့မြန်မာပြည်ကြီး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် တစ်စိတ်တစ်ဒေသမှ ကြိုးပမ်းနေကြသူများဟု ပွင့်လင်းစွာ သိလိုက်ရ၍ ဝမ်းသာလှပေ၏။

“အင်္ဂလိပ်နယ်ချဲ့အစိုးရက လွတ်လပ်ရေးမပေးခဲ့ရင် ပြန်ချဖို့ ကျွန်မတို့ အသင့်ပြင်ထားတာပါပဲ”

❋ ❋ ❋



ပွင့်အန်လာသော ရင်ပွင့်ဂွဲ

ဤနေရာတွင် ကိုဝင်းသန်းနှင့်ပတ်သက်၍ ကျွန်ုပ်သည် ရေးသားဖော်ပြပေးရန် ဝတ္တရားရှိနေသေး၏။

ကျွန်ုပ်မှာ ဤလျှို့ဝှက်ကျွန်းဟု ခေါ်ဆိုရမည့် ကျွန်းပေါ်သို့ ရောက်ရှိခဲ့သည့်နေ့မှစ၍ ကိုဝင်းသန်းဆိုသူနှင့် စကားပြောဆိုရန် အခွင့်ကောင်းစွာမရတော့ချေ။

ကျွန်ုပ်နှင့် ကြယ်နီရှင်သခင်မမှာ ပလိပ်ရောဂါဆိုးကြီးအတွက် ကိုယ်ရောစိတ်ပါ လုံးပန်းနေကြရသည့် ထိုရက်များအတွင်း၌ ကိုဝင်းသန်းမှာ ကျွန်းပေါ်မှ အများအားဖြင့် ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၍ နေပေ၏။

တစ်ခါတစ်ရံ ကိုဝင်းသန်းနှင့်ကျွန်ုပ်တို့ မျက်နှာချင်းဆိုင်မိကြသော်လည်း ကျွန်ုပ်မှာ မလှည့်သာအောင် အလုပ်ရှုပ်နေတတ်၏။

ကိုဝင်းသန်းမှာလည်း အလွန်အရေးကြီးဟန်နှင့် အပြေးလှုပ်ရှားနေခြင်းကြောင့် အေးအေးဆေးဆေး စကားပြောခွင့် မရခဲ့ကြချေ။

ကြယ်နီရှင်သခင်မနှင့် ကျွန်ုပ်တို့ အနားယူပျော်ပွဲစားထွက်စဉ်ကမူ ကိုဝင်းသန်းသည် အတူလိုက်ပါလာသေး၏။

ထိုစဉ်က ကျွန်ုပ်တို့မှာ စကားစမြည်ပြောဆိုရန် အခွင့်သင့်လှပေ၏။

သို့သော် ကျွန်ုပ်အပေါ်၌ ပထမတွေ့စနှင့်မတူ အမူအရာထူးခြားစွာနှင့် ရှောင်ဖယ်နေခြင်းမှာကား ကြယ်နီရှင်သခင်မကြောင့်ပေလောဟု ထင်မှတ်ခဲ့ပေ၏။

တစ်ညသ၌ . . .

ကျွန်ုပ်သည် ညစာထမင်းကို စားပြီးသည်နှင့် လမ်းလျှောက်ထွက်ခဲ့၏။ ယမန်နေ့ညက ကြယ်နီရှင်သခင်မနှင့် ထိုင်စကားပြောခဲ့ရာသို့ ရောက်ရှိသွားခဲ့ပေ၏။





အချိန်မှာ နေဝင်ဖျိုးဖျပြင်ဖြစ်၏။

ကျွန်ုပ်သည် ပင်လယ်ငှက်ကလေးများ ပျံဝဲလျက်ရှိသော ပင်လယ်ပြင်ထက်ဆီသို့ မျှော်ကြည့်နေမိသေး၏။ ကျွန်ုပ်၏ စက္ခုအာရုံတွင်လည်းကောင်း၊ မနောအာရုံတွင်လည်းကောင်း မေ့ပျောက်ရန်ခဲယဉ်းသော ခင်မမ၏မျက်နှာလေးနှင့် သူမအကြောင်းကိုပင် တွေး၍ အတွေးနယ်ချဲ့လျက် နေမိပေ၏။

ကျွန်ုပ်သည် ကြယ်နီရှင်သခင်မနှင့်အတူ ထိုင်ခဲ့သောကျောက်ခုတင်လေးပေါ်တွင် ထိုင်ရရုံမျှ အားမရ၊ ထိုမှတစ်ဆင့်ပင်လယ်အောက်ခြေကို မြင်နိုင်သော ကျောက်ကမ်းပါးထက်သို့တက်၍သွားမိပေသည်။

ထိုနေရာတွင် လူတစ်ယောက် တက်၍ထိုင်နေစေကာမူအောက်ဘက်မှ မြင်နိုင်စရာမရှိချေ။

ကျွန်ုပ်သည် ထိုနေရာ၌ မည်မျှကြာသွားသည်မသိ . . . ကျောက်ခုတင်လေးရှိရာသို့ လျှောက်လာနေကြသော ခြေသံများနှင့် စကားပြောဆိုသံများကို ရုတ်တရက် ကြားရမှ သတိဝင်လာရ၏။

ငုံ့ကိုင်းကာ ကျွန်ုပ် လှမ်းကြည့်လိုက်ရာ လျှောက်လာနေသူများမှာ အခြားမဟုတ် . . . ကြယ်နီရှင်သခင်မနှင့် ကိုဝင်းသန်း



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက် ဖြစ်နေသည်ကို တွေ့ရှိရပေ၏။

ကျွန်ုပ်သည် ပထမသော် တက်လာသူများကို ဆီး၍ ခေါ်လိုက်မည်ဟု ကြံမိသေး၏။

သို့သော် ကိုဝင်းသန်း၏ အသံကျယ်ကြီးဖြင့် ကျွန်ုပ်၏ အမည်ကို ထည့်သွင်းပြောလိုက်သည့်အတွက် အသာနားထောင် လိုစိတ် ပေါ်လာခဲ့၏။ ထို့ကြောင့် မမြင်အောင် နောက်ဆုတ်၍ နားစွင့်မိပေ၏။

ခင်မမနှင့် ကိုဝင်းသန်းသည် ကျောက်ခုတင်မှာပင် ထိုင် လိုက်ကြ၏။

ကျွန်ုပ်နားနှင့် ပြတ်ပြတ်သားသား ကြားလိုက်ရသော ခင်မမစကားသံကား ...

''ဝင်းသန်း ... နင့်စကားက နည်းနည်းလွန်လာပြီ ထင်တယ်''

ဟူ၍ပင် ဖြစ်၏။

''ကိုယ် လွန်သလား၊ မလွန်ဘူးလား မင်းစဉ်းစားကြည့် လေ၊ အခုပြောနေတာကလည်း အရမ်းပြောနေတာ မဟုတ်ဘူး၊ မျက်စိနဲ့ တပ်အပ်သေချာမြင်ရလို့ ပြောနေတာ''

''ဘာပြောတယ် ... မျက်စိနဲ့တပ်အပ်မြင်ရတယ် ...





ဟုတ်လား''

ကြယ်နီရှင်သခင်မအသံမှာ ခံပြင်းသည့်အသံ ဖြစ်နေ သည်ကို သတိထားလိုက်မိပေ၏။

''မြင်ရတာကတော့ သူ့မျက်လုံးတွေပဲ ခင်မမ၊ သူ့ မျက်လုံးတွေဟာ မရိုးဘူး၊ ဒီမျက်လုံးတွေဟာ မင်းတစ်ကိုယ်လုံး ကို ငုံထားနိုင်ရင် ငုံလိုက်တော့မယ့်အတိုင်းပဲ၊ ဒါကို မင်း နားမ လည်ဘူးလား''

''ဟင့်အင်း၊ နားမလည်ဘူး''

''အေး ... ဒါကြောင့် မင်းကိုငါ အခု သတိပေးနေရ တာပဲ၊ မင်းရဲ့နှလုံးသားတွေဟာ တစ်ချိန်က ကျောက်စိုင်ကျောက် ခဲလို မာနိုင်ခဲ့တယ်၊ ဒါပေမဲ့ အခု သူနဲ့ကျတော့ မင်းကိုယ်တိုင်က စိတ်ဝင်စားပုံရတယ်''

''တော်တော့ ... နင် လွန်သထက် လွန်လာပြီ၊ ဒီ စကားတွေဟာ ဒေါက်တာကိုသာ မကဘူး၊ ငါ့ကိုပါ စော်ကားတဲ့ အဖြစ် ရောက်နေတယ်ဆိုတာ နင် နားလည်ရဲ့လား၊ ဒါမျိုးတွေ ငါ နောက်ထပ်မကြားချင်ဘူး၊ ဒီစကားတွေ ဒီနေရာမှာ ဖြတ် လိုက်တော့''

''မကြားချင်ရင်လည်း မပြောတော့ပါဘူး ခင်မမ၊



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တရားအရ မင်းကို သတိပေးမိတာပါ၊ ယောကျ်ားနဲ့မိန်းမဆိုတာ ဖူးစာဖက် မှန်ရင် တစ်နေ့ ညားကြရမယ်ဆိုတာ ကိုယ်နားလည် ပါတယ်၊ ဒါပေမဲ့ ကိုယ်တို့တာဝန်ကို ကိုယ်တို့လေးစားရမယ် မဟုတ်လား၊

သူ့ကိုလည်း မုန်းလို့ ဒါတွေပြောနေတာ မဟုတ်ပါဘူး၊ ဒီအချစ်ကိစ္စတွေဝင်လာရင် ကိုယ်တို့အလုပ်ကို တစ်နည်းမဟုတ် တစ်နည်း ထိခိုက်မှာ အမှန်ပဲ၊ ဒါကြောင့် ကျွန်းပေါ်မှာ ဆေးကုသ ရေးကိစ္စပြီးရင် ပြန်လွှတ်လိုက်ပေါ့''

ထို့နောက် အတန်ကြာမျှထိ တိတ်ဆိတ်သွားပြန်၏။ ကျွန်ုပ်၏ရင်များကား တဒိတ်ဒိတ် ခုန်နေလေပြီ။

''ဘယ်လိုလဲ ခင်မမ''

ဤကား ကိုဝင်းသန်း၏အသံပင် ဖြစ်၏။

''နင် မနက်မှာ မြင့်ထွန်းတို့ဆီကလာတဲ့ ကိုယ်စားလှယ် နဲ့ သွားတွေ့ရမယ်မဟုတ်လား''

''ဟုတ်တယ် ... ဘာဖြစ်လို့လဲ''

''ဒီကိစ္စက နှစ်ရက်လောက် ကြာမလား''

''ဒီတစ်ခါ သေတ္တာက ဆယ်လုံးလောက်ရှိလိမ့်မယ်၊ သေသေချာချာ စစ်ယူရမှာ ... နှစ်ရက်လောက်တော့ ကြာမှာပါ၊





ဘာဖြစ်လို့လဲ''

''ဒေါက်တာရန်နိုင်စိုးကို အဲဒီကိစ္စပြီးရင် နင်ကိုယ်တိုင် ပြန်ပို့လိုက်တော့၊ မနက်ဖြန်ကျရင် သူ့ကို ပြောလိုက်မယ်၊ ကဲ ... နင်ပြန်တော့''

''ဒါနဲ့ နင်ကကော ဘာလို့ တစ်ယောက်တည်း နေရစ် ခဲ့မှာလဲ၊ မှောင်နေပြီမဟုတ်လား''

''အိုကွာ ... နင် လုပ်စရာရှိတာသာ သွားလုပ်ပါ၊ ငါ ဒီမှာထိုင်နေချင်သေးလို့''

ထို့နောက် ကိုဝင်းသန်းသည် တောင်အောက်ဆင်းသွား ၏။ ကျွန်ုပ်မှာ ဤတွင်မှ သက်ပြင်းကြီးချလိုက်နိုင်ပေတော့သည်။

ဤတွင် ကျွန်ုပ်အပေါ်မှာ ကိုဝင်းသန်း၏ ဆက်ဆံပုံများ ပြောင်းလဲလာခြင်းအကြောင်းရင်းကို နားလည်ခွင့်ရရှိခဲ့ပေ၏။

သူတို့ခေါင်းဆောင် ကြယ်နီရှင်သခင်မနှင့် ကျွန်ုပ်တို့ မကြာမီ ကွဲကွာသွားစေရန် ကျွန်ုပ်ကို ပြန်၍ပို့ကြပေတော့မည်။

ဤအချိန်ကာလတွင် ခင်မမအား တွေ့ရန်သင့်မသင့်ကို ချီတုံချတုံဖြစ်၍ နေမိပြန်၏။

ခင်မမ ထိုင်နေရာဆီ ကြည့်လိုက်မိသောအခါ၌ ပင် လယ်ဘက်ဆီသို့ မတုန်မလှုပ် ငေးမျှော်ကြည့်ရှုနေသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



မြင်ရပေ၏။

သူမသည် ကျွန်ုပ်ကိုကျောခိုင်းကာ ထိုင်လျက်ရှိနေခြင်းကြောင့် မျက်နှာအမူအရာ မည်သို့ရှိနေသည်ကို မသိရချေ။

ပြင်းထန်သော အသက်ရှူသံကို ကြားနေရခြင်းအားဖြင့် စိတ်လှုပ်ရှားလျက်ရှိနေကြောင်းကိုမူ မှန်းမိရပေ၏။

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အကြောင်းကိုပင် စဉ်းစား၍နေသလော၊ သို့တည်းမဟုတ် ကျွန်ုပ် လုံးဝနားမလည်သော ၎င်းတို့၏လုပ်ငန်းအကြောင်းကိုပင် စဉ်းစား၍နေလေသလော။

ပထမအကြောင်းဖြစ်ခဲ့သော် ကျွန်ုပ်သည် ကြယ်နီရှင်သခင်မကဲ့သို့အမည်ခံမိန်းမလှတစ်ဦး၏ အရေးစိုက်ခံရသည့် ကံ... သူ ယောကျ်ားတစ်ယောက်ဖြစ်နေပေပြီလော။

ကျွန်ုပ်သည် ကြည့်၍မဝနိုင်သော ခင်မမ၏နောက်ပိုင်း သဏ္ဌာန်အလှကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်နေမိဖြ... ၏။

ထိုစဉ် ကြယ်နီရှင်သခင်မထံမှ ကြားရလိမ့်မည်ဟု လုံး... ထင်မထားသော တေးတစ်ပုဒ် ညည်းဆိုသံကို ကြားလိုက်ရ၏။

ခင်မမ၏သီချင်းမှာ အချစ်သီချင်းတစ်ပုဒ်ဖြစ်ပြီး သီ... သံမှာ ကျွန်ုပ်၏အသည်းနှလုံးကို လာရောက်ဖျစ်ညှစ်ဆုပ်...





လိုက်သကဲ့သို့ ရှိပေ၏။

♫ ××× အာကာယံတည်း ××× ရှုတိုင်းသာပ မှိုင်းသောင် ××× ဖြူးလေသွင်သွင် ××× ငွေနှင်းတွေဆင်း ××× ငွေနှင်းတွေဆင်းကြသည် ××× မှိုင်း မှုန်ပြာရီ ××× ကမ်းနဒီ ××× လှိုင်းဖွေးဖွေး ××× ဆွေးသူမှာ ××× ကြင်ဖက်ကို ××× စွဲမက်မှန်း ××× ♫

"ခင်မမ"

ဤကား ကျွန်ုပ်၏နှုတ်ဖျားမှ ရုတ်တရက်ထွက်ပေါ်သွားသော အသံပင်ဖြစ်ချေ၏။

ရုတ်တရက် ဖျတ်ခနဲ ထိတ်လန့်ကာ အသက်ဝင်လာဟန်ဖြင့် လှည့်ကြည့်လိုက်သော ခင်မမ၏မျက်နှာမှာ ကျွန်ုပ်၏တစ်သက်တွင် မေ့ပျောက်နိုင်စရာပင် မရှိတော့ချေ။

"ဟင် ... ဒေါက်တာ"

"ဟုတ်ကဲ့ ခင်မမ ... ကျုပ်ပါပဲ"

ပြောပြောဆိုဆို ကျောက်ကမ်းပါးကိုကွယ်၍ ဆင်းခဲ့ပြီးနောက် အံ့အားအသင့်ကြီး သင့်၍နေသော ကြယ်နီရှင်သခင်မ (ခေါ်) ခင်မမ၏နံဘေး၌ ဝင်၍ထိုင်လိုက်သည်အထိ ကျွန်ုပ်သည် မည်သို့သောအခြင်းအရာကို ပြုလုပ်နေမိသည်ကို သတိမထားမိချေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မမသည်လည်း ကျွန်ုပ်အား မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရခြင်းအတွက် ရင်ကလေးများပင်ခုန်ကာ အံ့ဩထိတ်လန့်သွားသောမျက်နှာလေးဖြင့် ကျွန်ုပ်အား ငေး၍ ကြည့်ရှုနေပေ၏။

တိမ်တိုက်များအကြားမှ တစ်ခြမ်းထွန်းလင်းလျက်ရှိသော လရောင်ကား ထိုအချိန်၌ ကျွန်ုပ်တို့နှစ်ဦးသား၏ မျက်နှာပေါ်မှ ခံစားမှုကို မဖုံးသာမဖိသာအောင် ထင်ထင်ရှားရှားကြီး ထိုးပြလျက် ရှိနေပေတော့၏။

"လန့်သွားသလား ခင်မမ ... ကျုပ်အမှုအရာ ရိုင်းသွားတယ်ဆိုရင် တောင်းပန်ပါတယ်၊ ကိုဝင်းသန်းနဲ့ ခင်မမတို့ စကားပြောနေကတည်းက ကျုပ် ဟိုအပေါ်မှာရှိနေခဲ့တာ၊ ဆင်းလာရင် ပိုပြီး ရိုင်းစိုင်းရာကျနေမလားလို့ ဆင်းမလာခဲ့ဘူး၊ အခုမှ ကျုပ် ..."

ဤတွင် ကြယ်နီရှင်သခင်မလေးသည် မျက်နှာကို လျှင်မြန်စွာ ငုံ့လိုက်ပြီးနောက် တုန်ယင်သောအသံဖြင့် ...

"ကျွန်မတို့ပြောနေကြတာတွေ ဒေါက်တာ ကြားလိုက်ရပြီပေါ့နော်"

ဟု မေးမြန်းရှာပေ၏။





"ဟုတ်တယ် ... ကျုပ်ကြားလိုက်ရတယ်၊ အကုန်လုံးပဲဆိုပါတော့၊ ဒီလိုကြားရလို့လည်း ခင်မမရဲ့သဘောကို ကျုပ်ကျေက်မှတ်မိသလောက် ကျေက်မှတ်မိလိုက်ပါတယ်"

"ဒေါက်တာ ဘာကိုဆိုလိုတာလဲရှင်"

ကျွန်ုပ်အဖို့ကား မထူးတော့ပြီဖြစ်ရာ ထိုည ထိုအချိန်၌ ကျွန်ုပ်၏ရင်ထဲ၌ ဖြစ်ပေါ်နေသမျှတို့ကို ဖွင့်ထုတ်လိုက်မိသည့်အဖြစ်သို့ ထူးဆန်းသောလှုံ့ဆော်မှုဖြင့် မထစ်မငေါ့ ပြုမိလျက်သား ဖြစ်သွားပေတော့၏။

"ကျုပ်ကို ခင်မမတို့က ပြန်လွှတ်တော့မယ်ဆိုလို့ ကျုပ်စိတ်ထဲမှာ ဖြစ်နေသမျှကို ပြောပြပါရစေတော့ ခင်မမရယ်၊ ကျုပ်စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ခင်မမ ရိပ်မိမှာပါပဲ၊ ကျုပ် ခင်မမနဲ့ မခွဲပါရစေနဲ့၊ ခင်မမနဲ့အတူ ဒီမှာပဲ ရိုးမြေကျနေပါရစေလို့ ကျုပ် ခွင့်တောင်းချင်တာပဲ၊ ကျုပ် ကြယ်နီရှင်သခင်မကို ဘယ်နည်းနဲ့မှ ခွဲမသွားနိုင်တဲ့အဖြစ်ကို ရောက်နေပြီဗျ ... ဘယ့်နှယ်လဲ ခင်မမရယ်"

"ဒေါက်တာက ကျွန်မကို လက်ထပ်ချင်တယ်လို့ ပြောနေတာလား"

ဤမျှ ပွင့်လင်းသောမေးခွန်းကို ကြယ်နီရှင်သခင်မထံမှ



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ခဲ့သော ကျွန်ုပ်ကား ထိုခဏ၌ ခေတ္တခဏမျှ နှုတ်ဆွံ့၍ သွားမိပေသေး၏။

ခင်မမကား ကျွန်ုပ်ကိုမကြည့်၊ လှိုင်းလုံးဖွေးဖွေးများ ကမ်းစပ်သို့ ပြေးလွှားလာနေသော ပင်လယ်ပြင်ကြီးဆီသာ မျက်နှာလှည့်နေ၏။

ကျွန်ုပ်မှာ မချင့်မရဲဖြစ်လာလျက် . . .

''အခုလောက်ဆိုရင် ကျုပ်ရဲ့စိတ်နေစိတ်ထားနဲ့ ကျုပ် သဘောကို ခင်မမ နားလည်လောက်ပြီ ထင်လို့ အခုလို ပြော လိုက်ရတာပါပဲ၊ ကျုပ် လက်ထပ်ချင်ပါတယ်၊ ခင်မမရဲ့သဘော ကို ကျုပ် သိပါရစေလား''

''ကျွန်မ မအံ့သြပါဘူး၊ ဒါပေမဲ့''

''ပြောစမ်းပါ ခင်မမရယ်''

''ကျွန်မအကြောင်းကို ဒေါက်တာ ထည့်စဉ်းစားသေး လား''

''ခင်မမဟာ သူ့ပုန်မ ဆိုတာကိုလား''

''ဟုတ်တယ် ဒေါက်တာ''

''ကျုပ် အခု အသက်သုံးဆယ်ရှိပါပြီ ခင်မမ၊ ဘယ် ကိစ္စဖြစ်ဖြစ် ကျုပ် မစဉ်းစားဘဲနဲ့ ဘယ်တုန်းကမှ မိုက်ရူးရဲ





လုပ်လိမ့်မယ်လို့ မထင်နဲ့၊ ကျုပ် စဉ်းစားဆုံးဖြတ်ပြီးပြီ . . . ကျုပ် ခင်မမကို မရရင် ကျုပ်မနေဘူး''

''ကျွန်မလို သူ့ပုန်မကို ဘယ်နည်းနဲ့ကြိုက်နိုင်ရတာလဲ ရှင်ဟာ''

''ခင်မမဟာ အသားအရေတင် ဖြူတာမှမဟုတ်ဘဲ၊ စိတ်လည်း ဖြူတယ်၊ နှလုံးသားလည်း ဖြူတယ်၊ အမည်းအညစ် ဆိုလို့ ဘာတစ်ကွက်မှ မတွေ့ရဘူး၊ ဒီတော့ ဖြူစင်တဲ့ကျုပ် မေတ္တာနဲ့ ဟပ်မိတာပေါ့''

''ကျွန်မ စက်တိုင်ရောက်ပြီးလို့ ဒေါက်ဖြုတ်ပြီးတဲ့အခါမှာ ကျွန်မအသားဟာ အခုထက် ပိုဖြူလာလိမ့်မယ်၊ အဲ ဒီတော့ ကော''

''ဒီအခါမှာ ကျုပ်လည်း တစ်ဖက်ကကြိုးစင်မှာ ခင်မမ လို ဆွတ်ဆွတ်ဖြူလျက်သားရှိမှာပေါ့ . . . ဘယ့်နှယ်လဲ ခင်မမ ရယ်''

''မဖြစ်နိုင်ပါဘူး ကိုရန်နိုင်စိုးရယ်''

ထိုခဏ၌ ကြယ်နီရှင်သခင်မ၏အသံက သိသာထင်ရှား စွာ တိမ်မြုပ်သွားလုမတတ် ရှိလာခဲ့သည်။

ပြီးတော့ ဒေါက်တာဟု ခေါ်ဆိုနေရာမှ ကိုရန်နိုင်စိုး



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ကိုလည်း ရင်းနှီးကျွမ်းဝင်မှုသင်္ကေတအဖြစ်နှင့် ပြောင်းလဲလာ၏။

ကျွန်ုပ်ဘက်မှ အောင်မြင်မှု ရခဲ့ပြီဟု စိတ်အားများပင် တက်လာလျက် ...

"အိမ်ထောင်ဖက်ရွေးကြတဲ့အခါမှာ စိတ်တူ ကိုယ်တူ အသွင်တူမှ မြဲနိုင်ပြီး မေတ္တာစိတ်ဟာ ပေါက်ဖွားလာနိုင်တယ် မဟုတ်လား၊ ခင်မမက အခု မဖြစ်နိုင်ပါဘူးလို့ ပြောနေတယ်၊ ဒါပေမဲ့ ကျုပ်အဖို့ ပြောရရင် မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး၊ ကျုပ် ခင်မမကို ကျုပ်အသက်လောက် မြတ်နိုးတယ်၊ ခင်မမရဲ့ ကြယ်နီရှင်သခင်မအမည်ခံယူပြီး လုပ်ကိုင်ခဲ့တဲ့အလုပ်တွေအားလုံးကို ကျုပ် ထောက်ခံနိုင်တယ်၊ ဒါကြောင့် ခင်မမနဲ့အတူ ခင်မမ ရည်စူးတဲ့ပန်းတိုင်အထိ ..."

"မဖြစ်နိုင်ဘူးဆိုတာ အဲဒါပြောတာပေါ့ ကိုရန်နိုင်စိုး"

ခင်မမသည် ကျွန်ုပ်၏ပြောလက်စ စကားကိုဖြတ်၍ ပြောလိုက်ခြင်းဖြစ်၏။

"လူတစ်ယောက်ဟာ အချစ်ဆိုတဲ့ စိတ်ရူးတစ်ခု ဝင်လာရင် ဝင်လာတဲ့အချိန်မှာ ဘာမဆို လုပ်ရဲတာပဲ၊ ဒါပေမဲ့ အဲဒီစိတ်ရူး ပျောက်တာနဲ့တစ်ပြိုင်နက် ကိုယ်လုပ်မိတဲ့အလုပ်





တွေကို နောင်တရလာကြတာပဲ ...၊

ကိုရန်နိုင်စိုး တစ်နေ့မှာ နောင်တရလာမှာ ကျွန်မ,မြင်လို့ မဖြစ်နိုင်ပါဘူးလို့ ပြောနေရတာပါပဲ"

ခင်မမ၏စိတ်မှာ ထိုအချိန်၌ သူမ၏ကိုယ်ပေါ်တွင် ရှိပုံမရ။ ပတ်ဝန်းကျင်၌သာ ပျံဝဲနေဘိသကဲ့သို့ မှတ်ထင်ရပေ၏။

အကြောင်းမှာမူ ခင်မမ၏တစ်ကိုယ်လုံးမှာ ကျောက်ရုပ်ကဲ့သို့ အငြိမ်သက်ကြီး ငြိမ်သက်နေလျက် မျက်လုံးများမှာ အသက်ဝိညာဉ်ကင်းနေသီအလား 'အဝေး၌သာ ကျက်စားကာ မလှုပ်မယှက် ရှိနေသောကြောင့် ဖြစ်ပေ၏။

ကျွန်ုပ်၏စွန့်စားခန်းသည် ဤမျှလောက်ဖြင့် ဆုံးခန်းသို့ ရောက်ရတော့မည်လော။

"ကျုပ်ကို အထင်သေးလှချည်လား ခင်မမရယ်"

"ကျွန်မ အထင်မသေးရပါကလား ကိုရန်နိုင်စိုး"

"သေးတာပေါ့ ခင်မမ၊ သေးသမှ အားကြီးသေးပစ်လိုက်တာပေါ့၊ ခင်မမပြောပုံက ကျုပ် အခုအချိန်မှာပြောနေတဲ့ စကားတွေဟာ နောင်ရေးကို ဘာမှထည့်မစဉ်းစားဘဲ လူပျို အပျိုပေါက်လေးတွေ အချစ်ကို လက်တည့်စမ်းပြီး ပြောတဲ့အခြေမျိုး ထင်နေတာကိုး၊ ကျုပ် လူပျိုပေါက်ကလေး မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ခင်မမကို ကျုပ် လက်ထပ်ခွင့်ရရင် ကျုပ် ရှေ့မှာ ဘာဖြစ်မယ်ဆို တာကို ကျုပ် ထည့်တွက်ပြီးသားပါ၊ ဒါကြောင့် ခင်မမရဲ့ ဆုံး ဖြတ်ချက်ကို ပြန်စဉ်းစားလို့ မဖြစ်နိုင်တော့ဘူးလား ခင်မမရယ်''

ကျွန်ုပ်သည် နောက်ဆုံးကြိုးစားခြင်းဖြင့် ကျွန်ုပ်၏ လျှောက်လဲချက်ကို ထပ်၍သွင်းလိုက်ပေ၏။

ကျွန်ုပ်၏လျှောက်လဲချက်မှာ ခင်မမ၏ သံတိုင်ကျောက် ခဲပမာ တင်းမာလှသော စိတ်ဓာတ်ကို နူးပျော့လာစေနိုင်မည့် အငွမ်းသတ္တိများ ရှိလေမလားဟု မျက်နှာကို လှမ်းကြည့်လိုက် သည့်အခါ၌ ကျွန်ုပ်၏မျှော်လင့်ချက်များမှာ ဝမ်းနည်းအားလျော့ ခြင်းဖြင့်သာ အဆုံးသတ်ရတော့မည်ကို တွေ့မြင်သိရှိ နားလည် လာမိပေ၏။

အကြောင်းမှာမူ ခင်မမ (ခေါ်) ကြယ်နီရှင်သခင်မ၏ အသက်ဝိညာဉ်ကင်းမဲ့နေသော မျက်နှာမှာ စိုးစဉ်းမျှ ပြောင်းလဲ လှုပ်ရှားလာခြင်းမရှိ။

ခင်မမသည် ကျွန်ုပ်တို့ကြည့်ရ မြင်ရဖန်များလှပြီဖြစ် သော ထူးဆန်းခြင်းမရှိတော့သည့် ပင်လယ်ပြင်ကြီးကိုသာ စိတ် ဝင်စားနေသကဲ့သို့ ငေးစိုက်လျက် ကြည့်ရှုနေသည်ကို တွေ့မြင် ရပေ၏။





''ကျုပ် ဝမ်းနည်းပါတယ် ခင်မမရယ်၊ ခင်မမစိတ်ကို ကျုပ် အလိုက်မသိ အနှောင့်အယှက်ပေးနေမိတာတွေကို ကျုပ် တောင်းပန်ပါတယ်၊ ကဲ ... ကျုပ်တို့ ပြန်ကြစို့လား''

ဤတွင်မှ ကြယ်နီရှင်သခင်မသည် အသက်ဝင်ကာ လှုပ်ရှားလာပြီးနောက် ဟင်းခနဲ သက်ပြင်းတစ်ချက် ရှူလိုက် သည်ကို တွေ့ရပေ၏။

ထို့နောက် ကျွန်ုပ်က ထိုင်ရာမှထ၍နေသည့်တိုင် သူမ က လိုက်၍မထသေးဘဲ ကျွန်ုပ်၏မျက်နှာကို တစ်ချက်မော့၍ ကြည့်လိုက်ရာ ကြယ်နီရှင်သခင်မ၏ မျက်လုံးများမှာ ကျွန်ုပ် ယူဆနေသကဲ့သို့ လုံးဝမဟုတ်ကြောင်း တွေ့ရချေ၏။

ကျွန်ုပ် ထင်မြင်မိသည့်အတိုင်း မဟုတ်ဘဲ ခင်မမသည် ကျွန်ုပ်၏မေတ္တာပန်ကြားချက်ကို လုံးဝ ပယ်လှန်၍မချသေးသည့် အမူအရာများကို ဆောင်လျက်ရှိကြောင်း တွေ့မြင်လိုက်ရသဖြင့် ကျွန်ုပ်၏အံ့သြခြင်းနှင့် ဝမ်းသာခြင်းတို့သည် စာဖွဲ့၍ မပြနိုင် အောင်ပင် ရှိပေတော့၏။

ထိုအခိုက် ခင်မမသည် ထိုင်ရာမှ ဖြည်းညင်းစွာထလိုက် ရာ ခင်မမ၏မျက်နှာမှာ ကျွန်ုပ်၏မျက်နှာနှင့် အလွန်နီးကပ်သော နေရာဆီသို့ ရောက်လာလျက် ပူနွေးသော အသက်ရှူငွေ့ကလေး



www.burmeseclassic.com

www.burmeseclassic.com



သည့်ပင် ကျွန်ုပ်၏မျက်နှာကို လာ၍ ထိဟပ်နေကြောင်း သတိထားမိပေ၏။

"ကျွန်မ မဖုံးကွယ်တတ်ဘူး ကိုရန်နိုင်စိုးရယ်"

ခင်မမ၏အသံသည် ကျွန်ုပ်တစ်ဦးတည်း ကြားလောက်ရုံမျှသာ ထွက်ပေါ်လာပေ၏။

"ကျွန်မကိုယ်ကျွန်မ အမူအရာကောင်းလှပြီလို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ ဒီကိစ္စမှာ ကျွန်မ ထင်နေသလိုမဟုတ်မှန်း ကျွန်မ နားလည်လာရတယ်"

ကျွန်ုပ်၏ရင်ထဲမှ ပြောင်းဆန်ကာ လှုပ်ရှားလာသော အသံများကို ကျွန်ုပ်သည် အတိုင်းသား ကြားနေရပြီထင်၏။

ခင်မမသည် ခေါင်းကို တစ်ချက်ငုံ့လိုက်ပြီးနောက် ...

"ကျွန်မတို့ကိစ္စကို ဒီလိုလုပ်ပါလား ကိုရန်နိုင်စိုး ... အလျင်စလို ဆုံးဖြတ်တာထက် စဉ်းစဉ်းစားစား ဆုံးဖြတ်တာက မှားစရာရှိရင်လည်း သက်သက်သာသာ မှားနိုင်တယ် မဟုတ်လား၊ ဒါကြောင့် ကျွန်မတို့ အချိန်ယူကြရအောင်လား"

"ခင်မမ ... ကျုပ်ဟာ ခင်မမရဲ့ တရားခွင်ရှေ့မှာ ရောက်နေတဲ့ တရားခံတစ်ယောက်ပါ ခင်မမရယ်၊ ခင်မမရဲ့ ဆုံးဖြတ်ချက်ကို ကျုပ် တစ်သဝေမတိမ်းလိုက်နာဖို့ အသင့်ရှိနေ





ပါတယ်၊ ခင်မမ ဆုံးဖြတ်ပါ"

"ဒီနေ့ဟာ ဘာနေ့လဲ ကိုရန်နိုင်စိုး"

"၁၉၄၅ ခု၊ ဒီဇင်ဘာလ (၉) ရက်နေ့ပါ"

"၁၉၄၆ ခု၊ ဒီဇင်ဘာလ (၉) ရက်နေ့ ... ဒီအချိန်မှာ ကျွန်မ ကိုရန်နိုင်စိုးကို ရန်ကုန်မှာတွေ့မယ်၊ ကျွန်မကို ကိုရန်နိုင်စိုး စောင့်နေမလား"

"တစ်နှစ်တောင်မှပဲလား ခင်မမရယ်"

"ဟုတ်ကဲ့ ... တစ်နှစ်တိတိ စောင့်ပါ၊ စောင့်မယ် မဟုတ်လား ကိုရန်နိုင်စိုး"

"ခင်မမကိုယ်တိုင် ရန်ကုန်ကို အရောက်လာမယ် ... ဟုတ်လား"

ခင်မမသည် စကားနှင့်မဖြေဘဲ ခေါင်းကလေးကိုသာ ညိတ်၍ပြလေ၏။

ထိုအချိန်တွင် ကျွန်ုပ်ပြုမူမိသော အခြင်းအရာကား ကျွန်ုပ်ကိုယ်ကိုယ် စိတ်ဆိုးရမည်လော၊ အပြစ်တင်ရမည်လော၊ (သို့တည်းမဟုတ်) ချီးကျူးရမည်လော။ ဝေခွဲ၍ မရပေ။

ခင်မမ၏ ပူနွေးသော ကိုယ်ကလေးသည် ကျွန်ုပ်၏ ရင်ခွင်ထဲသို့ တစ်မုဟုတ်ချင်း ရောက်လာလျက် ကျွန်ုပ်လက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်သည့် ခင်မမ၏တစ်ကိုယ်လုံးကို သိမ်းပွေ့ပိုက်ဖက်မိလျက် သား ဖြစ်သွားကာ ကျွန်ုပ်၏နှုတ်ခမ်းများမှာလည်း ကျွန်ုပ် ရက်ပေါင်းများစွာ တောင့်တလာခဲ့သော ခင်မမ၏ နီရဲထွေးအိနူးညံ့လှသော နှင်းဆီနှစ်လွှာ နှုတ်ခမ်းများနှင့် တွေ့ဆက်မိလျက်သား ဖြစ်သွားပေ၏။

ချစ်ဝတ်ရည်အနမ်းများ မည်မျှကြာသွားလေသည် မသိ ... ရုတ်တရက် ကျွန်ုပ်တို့နှစ်ဦးသားမှာ ထိတ်လန့်စွာ တစ်ဦးနှင့်တစ်ဦး ခွာလိုက်မိလျက်သား ဖြစ်၍သွားပေ၏။

အကြောင်းမှာမူ ...

လေးလံသောအရာဝတ္ထုတစ်ခုသည် ကျွန်ုပ်တို့နှစ်ဦးသား၏ ခေါင်းပေါ်ဆီမှကျော်ကာ ပြင်းထန်သောအဟုန်ဖြင့် ကျလာပြီးနောက် ကျွန်ုပ်တို့၏ခြေရင်းတွင် 'ဘုန်း' ခနဲ မြည်ကာ တစ်ချက်နှစ်ချက်မျှ လူးလွန့်ရင်း ငြိမ်သက်သွားသည်ကို တွေ့ရှိလိုက်ရပေ၏။

ကျွန်ုပ်နှင့် ခင်မမတို့နှစ်ဦးသည် တစ်ခဏမျှ မှင်တက်၍နေပြီးနောက် ပထမဦးဆုံး သတိရလာသူမှာ ကြယ်နီရှင်သခင်မ (ခေါ်) ခင်မမပင်ဖြစ်ပေ၏။

ခင်မမသည် ကျွန်ုပ်တို့နှစ်ဦးခြေရင်းတွင် မလှုပ်မရှား





ငြိမ်သက်၍နေသော သဏ္ဌာန်ကို ပြေး၍ထူမ,လိုက်ရာ ခင်မမ၏ နှုတ်မှ အာမေဋိတ်စကား ထွက်သွားရလေ၏။

"အလို ... ဘုရား ဘုရား ... ဘယ်လိုများ ဖြစ်လာရပါလိမ့်"


ဟု ညည်းတွားစကားဆိုရင်း သူမ၏ဦးခေါင်းကိုလည်း တွင်တွင်ယမ်းနေပြန်၏။ သဏ္ဌာန်ကား အခြားမဟုတ်။ ကိုဝင်းသန်း၏ လူ့ကိုယ်လုံးကြီးပင်ဖြစ်ပြီး ဦးခေါင်းမှာ သွေးများ ဖြိုင်ဖြိုင်ကျဆင်း၍ သတိလစ်မေ့မြောလျက် ရှိပေတော့၏။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## ရန်သူမှ မိတ်ဆွေသို့

ကိုဝင်းသန်း သတိလည်လာသောအချိန်ကား နောက်တစ်နေ့ နေ့လယ်ခင်းပင်ဖြစ်ပေ၏။

ကိုဝင်းသန်းသည် မျက်လုံးများကိုဖွင့်ပြီးနောက် အတန်ကြာ စုတ်သပ်၍နေ၏။

ထို့နောက် သူ့မျက်နှာပေါ်တွင် နီးကပ်စွာစီး၍ ကြည့်နေကြသော ကျွန်ုပ်နှင့် ကြယ်နီရှင်သခင်မတို့မျက်နှာတွေကို မြင်လိုက်ရသောအခါ မျက်လုံးများကို လျင်မြန်စွာ ပြန်၍ပိတ်လိုက်လေသည်။





ကျွန်ုပ်လည်း အလိုက်သိစွာပင် သူတို့မောင်နှမ နှစ်ယောက်ကို ထားပစ်ခဲ့ပြီးနောက် အခန်းအပြင်သို့ ထွက်ခွာလာခဲ့ပေ၏။

ကိုဝင်းသန်း၏ခေါင်းမှာ နှစ်လက်မခန့်ကွဲ၍ သွားပေရာ ကျွန်ုပ်က ချုပ်ပေးထားရသည်။

ကျွန်ုပ် တက်၍ထိုင်ခဲ့သော ကျောက်ကမ်းပါးထိပ်နှင့် မြေပြင်သည် လူနှစ်ရပ်သာသာခန့် အမြင့်ရှိ၏။

ကိုဝင်းသန်းသည် ထိုကျောက်ကမ်းပါးထိပ်မှနေ၍ ကျွန်ုပ်နှင့် ကြယ်နီရှင်သခင်မတို့ စကားပြောနေကြသည်ကို ချောင်းနားထောင်ရင်း အားလွန်၍ကျလာခြင်းပင် ဖြစ်ပေတော့သည်။

ကိုဝင်းသန်းတစ်ယောက် ထိုကျောက်ကမ်းပါးထိပ်သို့ မည်သို့မည်ပုံ တက်ရောက်လာပြီး အရှိန်လွန်ကာ ကျလာခဲ့ရသည်ကိုမူ ကျွန်ုပ် မစဉ်းစားလိုတော့ချေ။

သေချာသည်မှာ ကျွန်ုပ်တို့ပြောသမျှစကားများနှင့် ထိုညက ကျွန်ုပ်တို့နှစ်ဦး ပြုလုပ်ခဲ့သမျှကိုလည်း ကိုဝင်းသန်းဆိုသူသည် တစ်ခုမကျန် အားလုံးသိမြင်သွားပေမည်။

ထိုအခါ ... ကျွန်ုပ်သည် ကိုဝင်းသန်း၏မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



အဘယ်မှာလျှင် ကြည့်ဝံ့စရာ ရှိပေတော့အံ့နည်း။

ကိုဝင်းသန်း၏ ရရှိလိုက်သောဒဏ်ရာကား အမှန်ပ
စိုးရိမ်စရာမရှိချေ။ ဦးနှောက်နှင့် ဝေးသဖြင့် ဦးနှောက်ကို ထိခိုက
စရာလည်း မရှိချေ။

သို့သော် ကိုဝင်းသန်းသည် ဒဏ်ရာပျောက်ကင်းသည
အထိ အိပ်ရာထဲတွင် ငါးရက်ခန့် လဲလျောင်း၍နေရဖို့လို၏။

ကျွန်ုပ်သည် ထိုအကြောင်းများကို ကြယ်နီရှင်သခင်မ
အား ပြောပြပြီးဖြစ်ရာ ခင်မမသည် ထိုသတင်းစကားကြောင့်
သူ့မောင်ဝမ်းကွဲဖြစ်သူအတွက် အတန်ပင် စိတ်အေး၍သွားပုံ
ပေ၏။

ကျွန်ုပ်သည် သူတို့မောင်နှမနှစ်ယောက်ကို အခန်းထဲ
တွင် ထားရစ်ခဲ့ပြီးနောက် အိမ်ရှေ့ဝရန်တာသို့ ထွက်ခဲ့ကာ ကျွန်ုပ်
၏ရှေ့ရေးကို ပက်လက်ကုလားထိုင်တစ်လုံးထက်၌ ထိုင်ရင်း
စဉ်းစားတွေးတောနေမိပေ၏။

ကျွန်ုပ်အဖို့ ဤကျွန်းပေါ်တွင် ဆက်လက်နေထိုင်ရန်
ဘာအကြောင်းရှိပါသေးသနည်း။

ကိုဝင်းသန်း၏ဒဏ်ရာ စိတ်ချရသည့်နေ့တွင်မူ ကျွန်ုပ်
အဖို့ ဤကျွန်းပေါ်တွင် ဆက်လက်နေထိုင်ဖို့ရန် အကြောင်းမရှိ





တော့ပြီဟူသောအဖြေသည် ပေါ်၍လာပေ၏။

ထိုသောအခါတွင်မူ ကျွန်ုပ်သည် ကြယ်နီရှင်သခင်မ
အကြောင်းကို ဆက်လက်စဉ်းစားမိပြန်၏။

သူမသည် ကျွန်ုပ်အား တစ်နှစ်တိတိမျှ အချိန်ဆိုင်းရန်
ကတိစကားပေးခဲ့ပြီးပြီဖြစ်၏။

ခင်မမသည် မည်သည့်အနှောင့်အယှက်မျိုးပင် ကြား
ကာလ၌ ပေါ်ပေါက်လာစေကာမူ ပေးထားပြီးဖြစ်သောကတိကို
ဘယ်သောအခါတွင်မျှ ဖျက်သိမ်းပစ်မည့် မိန်းမစားမျိုးမဟုတ်
ချေ။

သို့သော် ကျွန်ုပ်မှာ ခင်မမနှင့် မကြာမီရက်အတွင်း
ခွဲခွာရဖို့သာရှိပေတော့၏။ ဤသို့ ခွဲခွာနေရမည့်အတောအတွင်း
တွင် ကျွန်ုပ်သည် ခင်မမတစ်ယောက် ဘေးဘယာဝေးကွာပါစေ၊
မင်းပြစ်မင်းဒဏ်မှ ကင်းကွာလွတ်မြောက်ပါစေဟူ၍သာ ဆု
တောင်းမေတ္တာပို့သရတော့မည် ဖြစ်ပေ၏။

ကျွန်ုပ်၏ဆုတောင်းသည် နတ်ကောင်းနတ်မြတ်များနှင့်
ဘုရားသိကြား မသဖြင့် ပြည့်ဝပါစေသတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွင်လည်း ကျွန်ုပ်သည် ငေးငိုင်လျက်သာ ရှိနေမိ၏။

မည်မျှကြာမြင့်စွာ ငေးငိုင်နေမိခဲ့သည်မသိ ... ကျွန်ုပ်၏ပခုံးထက်သို့ နူးညံ့သောလက်တစ်ဖက် ရောက်ရှိလာသည်နှင့် လှည့်ကြည့်လိုက်မိ၏။

ကျွန်ုပ်၏နောက်တွင် ငြိမ်သက်စွာရပ်၍နေသော ခင်မမကို တွေ့ရှိလိုက်ရသောကြောင့် ကုလားထိုင်ပေါ်မှ လျင်မြန်စွာ ထလိုက်မိပေ၏။

ခင်မမ၏မျက်နှာမှာ တစ်စုံတစ်ခုသော စိတ်မချမ်းမသာစရာအကြောင်း ကြုံတွေ့လာရဟန်ဖြင့် ညှိုးငယ်ဖျော့တော့လျက် ရှိ၏။

ထို့ကြောင့် ကျွန်ုပ်မှာ အတိုင်းမသိ စိတ်ကိုထိခိုက်ခြင်း ဖြစ်၍သွားချေ၏။

ခင်မမသည် ပက်လက်ကုလားထိုင်တစ်လုံးကို ကျွန်ုပ်၏ ကုလားထိုင်အနီးသို့ ဆွဲယူထိုင်လိုက်၏။ ကျွန်ုပ်အားလည်း ပြန်အထိုင်ခိုင်းကာ အတန်ကြာ စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေ





ပြီးနောက် ...

"ကိုဝင်းသန်းဒဏ်ရာက ဘယ်လောက်ကြာမှ လုံးလုံး ပျောက်နိုင်မလဲ ကိုရန်နိုင်စိုး"

ဟု အေးဆေးစွာ မေးလိုက်ပေ၏။

"အလွန်ဆုံးကြာလှရင် တစ်လလောက်ပါပဲ ခင်မမ၊ စိုးရိမ်စရာမရှိဘူးလို့ ကျုပ်ပြောထားသားပဲ ... ဘာဖြစ်လို့လဲ"

"အရေးကြီးတဲ့ကိစ္စတစ်ခု မမျှော်လင့်ဘဲ ပေါ်လာတယ်၊ သူ မသက်သာသေးရင် ကျွန်မကိုယ်တိုင်လိုက်ရမယ့်ကိစ္စတစ်ခုပဲ၊ ဒါကြောင့် ကိုဝင်းသန်းရဲ့အနီးကပ်စောင့်ရှောက်နေရာက ခွဲခွာသွားရဖို့ ဖြစ်လာတယ် ကိုရန်နိုင်စိုး"

"ဘယ်လောက်ကြာမှာလဲ ခင်မမ"

"အဲဒါ ပြောလို့မရဘူး ကိုရန်နိုင်စိုး၊ တစ်ပတ်လောက် ကြာရင်လည်းကြာမယ်၊ ဒါ့ထက်ကြာရင်လည်း ကြာမယ်၊ အဆင်သင့်ရင်တော့ တစ်ပတ်တောင် မကြာပါဘူး၊ ကျွန်မ မသွားလို့ မဖြစ်ဘူး၊ ကိစ္စက သိပ်အရေးကြီးနေတယ်"

"ခင်မမကိုယ်တိုင် သွားမှပဲ ဖြစ်တော့မှာလား၊ လူစားလွှဲလို့ကော မဖြစ်နိုင်တော့ဘူးလား"

ထိုအခါ ကြယ်နီရှင်သခင်မသည် သူမဦးခေါင်းကို ညင်



www.burmeseclassic.com

www.burmeseclassic.com



သာစွာ ခါယမ်းနေပြီးနောက် 'ဟင်း' ခနဲ သက်ပြင်းကြီးချလိုက်ကာ ...

"အမှန်တကယ် ဒီကိစ္စမျိုးဟာ ကိုဝင်းသန်းသာ နေကောင်းရင် ကိုဝင်းသန်းနဲ့ပဲ ပြီးနိုင်တဲ့ကိစ္စပေါ့၊ ဒါပေမဲ့ သူ့မှာ အခုလို ခေါင်းဒဏ်ရာဖြစ်နေပြန်တော့ လောလောဆယ် ပေါ်လာတဲ့ကိစ္စ အမြန်ပြီးပြတ်သွားရအောင် ကျွန်မကိုယ်တိုင် သွားမှပဲ ပြီးတော့မယ် ကိုရန်နိုင်စိုးရေ၊ ဒါကြောင့် ကျွန်မကိုယ်စားအနေနဲ့ လူမမာ ကိုဝင်းသန်းကိုသာ ဂရုစိုက်ပြီး ကျွန်းပေါ်မှာ နေပေးပါလို့ မှာခဲ့ချင်ပါတယ်ရှင်"

ထို့နောက် ကြယ်နီရှင်သခင်မသည် လူမမာဖြစ်နေရရှာသော ကိုဝင်းသန်းအခန်းရှိရာဆီသို့ တစ်ချက်လှည့်ကြည့်လိုက်ကာ ...

"သူ့ခေါင်းကဒဏ်ရာကတော့ စိုးရိမ်စရာ သိပ်မရှိလှပါဘူးနော်"

ဟု ကျွန်ုပ်အား ထပ်မံ၍ မေးမြန်းလိုက်ပြန်၏။

သို့သော် ကျွန်ုပ်စိတ်မှာ ခင်မမ၏ လောလောဆယ် ပေါ်ပေါက်လာခဲ့ရသော ကိစ္စကြီးကိုသာ စိတ်ဝင်စားတွေးတောနေ၍ သူမ၏အမေးကို ရုတ်တရက် ပြန်မဖြေဖြစ်ချေ။





စဉ်းစားနေသည့်အကြောင်းမှာလည်း အခြားမဟုတ် ... ကျွန်ုပ်ဘက်မှ မည်သို့သောနည်းဖြင့် အကူအညီပေးရမလဲ ဟူ၍ပင် ဖြစ်၏။

သို့ဆိုပါလျှင် စိတ်လေး၍ နောက်ဆံတင်းနေရရှာသော ကြယ်နီရှင်သခင်မမှာလည်း တာဝန်ပေါ့၍သွားပေလိမ့်မည်။

ထို့ကြောင့် ခင်မမအတွက် အဘယ်သို့သောကိစ္စမျိုး ရုတ်တရက် ပေါ်ပေါက်လာပါသလဲ၊ ကိစ္စဆိုတာကကော ဘာကို ဆိုလိုတာလဲ ဟူ၍ မေးသင့်မမေးသင့် ချိန်ဆတွေးနေချိန်တွင် ခင်မမကိုယ်တိုင် အောက်ပါအတိုင်း ရှင်းလင်းပြောပြလေ၏။

"ကျွန်မတို့စခန်းမှာ ဒီလိုဖြစ်နေတယ် ကိုရန်နိုင်စိုးရေ ... မြိတ်မြို့မှာ ကျွန်မတို့အလုပ်အတွက် ကျွန်မလိုအပ်တဲ့အကူအညီကို အချိန်မရွေးပေးနိုင်ဖို့ လူတစ်ယောက်ကို ထားတယ်ရှင့်၊ လူယုံသူလျှိုလို့ပဲ ဆိုပါတော့ရှင်၊ အဲဒီလူဟာ အစိုးရပိုင်းမှာ မြိတ်မြို့ပေါ်မှာဆိုရင် အကြီးဆုံးပုဂ္ဂိုလ်ကြီးတစ်ယောက် ဆိုပါတော့ ...၊

သူ့ကို ကျွန်မ အစစအရာရာ ထောက်ပံ့မှုပေးထားခဲ့တယ်၊ လိုလေသေးမရှိအောင် ထောက်ပံ့ထားခဲ့တာပါ၊ ကျွန်မတို့လုပ်ငန်းမှာလည်း သူ့မသိတာ မရှိသလောက် ဖြစ်ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်ကို ဒေါက်တာရန်နိုင်စိုး ဆေးကုသဖို့ခေါ်ယူထားတယ် ဆိုတာမျိုးလည်း ဒီပုဂ္ဂိုလ်ကြီး သိနေပါတယ်၊ အခု အဲဒီပုဂ္ဂိုလ်ကြီးက ကျွန်မနဲ့ အဖွဲ့အပေါ်ကို သစ္စာဖောက်ဖို့ စိစဉ်နေပြီဆိုတာ မမျှော်လင့်ဘဲ ရုတ်တရက်ကြားသိလိုက်ရတယ် ...၊

ညဥ့်တုန်းက ကျွန်မရဲ့လက်ထောက် ကိုဝင်းသန်းဟာ ဒီသတင်းကို ကြေးနန်းဝင်လာတဲ့အတွက် အမြန်သတင်းပို့နိုင်အောင် ကျွန်မတို့ရှိရာ ပြန်ရောက်လာတယ်၊ တိကျသေချာတဲ့ သစ္စာတော်ခံတပည့်တစ်ယောက်လည်း ကျွန်မတို့ကျွန်းပေါ်အထိ ဒီသတင်းပို့ရအောင် ရောက်လာပြန်တယ် ...၊

ဒီပုဂ္ဂိုလ်ကြီးအန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းဖို့ သွားရမယ်၊ ကိစ္စဆိုတာ ဒီကိစ္စပါပဲ ကိုရန်နိုင်စိုး''

ကြယ်နီရှင်သခင်မသည် သူမ၏ တစ်စုံတစ်ရာ လေးနက်စွာ ဆုံးဖြတ်ရတော့မည့်ရှိသောအခါမျိုးတွင် ပြုမူတတ်သော ထုံးစံအတိုင်း ခေါင်းကို ကုလားထိုင်နောက်မှီပေါ်သို့ တင်လိုက်ကာ မျက်လုံးများကိုစုံမှိတ်လျက် ငြိမ်သက်စွာ နေလေ၏။

''အဲဒီမြိတ်မြို့ကပုဂ္ဂိုလ်ကြီးဆီကို သွားရမယ်ဆိုပါတော့''

''ဟုတ်ကဲ့ ... တာဝန်အရ သွားရမယ်''

''ကဲ ... မြိတ်မြို့ရောက်ပြီဆိုပါတော့ ဒီပုဂ္ဂိုလ်ကြီးနဲ့





တွေ့တော့ကော ဘာဆက်လုပ်မှာလဲ''

''သစ္စာဖောက်တဲ့လူကို မှတ်လောက်အောင် ဆုံးမပညာပေးရတော့မှာပေါ့ရှင်''

''ခင်မမ တစ်ယောက်တည်းသွားမှာလား''

''အင်း ... ခရီးထွက်စမှာတော့ အဖော်ပါမှာပေါ့၊ ဟိုမြိတ်မြို့ပေါ်က ပုဂ္ဂိုလ်ကြီးရှိရာကို ရောက်ရင်တော့ ကျွန်မတစ်ကိုယ်တော်ပဲ စွန့်စားလှုပ်ရှားရမှာလေ''

''ဒီလိုဆိုရင် ကျုပ် တစ်ခုပြောပါရစေ ခင်မမ ... ခင်မမရဲ့အလုပ်မှာ ဝင်ပြီး နှောင့်ယှက်တာတော့ မဟုတ်ပါဘူး၊ ဒီကိစ္စအတွက် ကျုပ်ကို တာဝန်လွှဲပြောင်းပေးဖို့ မဖြစ်ဘူးလား၊ ဒီလူကို ခင်မမရှိတဲ့ ဒီကျွန်းပေါ်အထိ ခေါ်လာခဲ့ဆိုရင်လည်း ခေါ်လာခဲ့မယ်၊ ကျုပ်ရဲ့လက်ရုံးရည်လည်း စွမ်းပါတယ် ... ဘယ့်နှယ်လဲ ခင်မမ''

ကျွန်ုပ်စကားကြောင့် ကြယ်နီရှင်သခင်မသည် သူမ၏ မျက်လုံးများကို ဖျတ်ခနဲ ဖွင့်၍ကြည့်လိုက်ပြီး ကျွန်ုပ်အား အရောင်လက်သော မျက်လုံးများဖြင့် ကြည့်၍နေပေ၏။

ထိုမျက်လုံးများမှာ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းနှင့် ဝမ်းမြောက်ခြင်းစသော လက္ခဏာများ ယှက်သန်းလျက်ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောတာ ဖြစ်နိုင်တယ်မဟုတ်လား ခင်မမ၊ ပြောစမ်းပါ"

ကြယ်နီရှင်သခင်မသည် ရုတ်တရက်စကားမထွက်ဘဲ ကျွန်ုပ်အား အတန်ကြာစိုက်၍ကြည့်နေပြီးနောက်မှ ပြုံးရယ်လိုက်ကာ ...

"ကျေးဇူးတင်ပါတယ် ကိုရန်နိုင်စိုးရယ်၊ ဒါပေမဲ့ ကျွန်မ သွားမှဖြစ်မယ့်ကိစ္စမို့ ကျွန်မပဲသွားပါရစေ၊ ကျွန်မ သန်ဘက်ခါ မနက်ကို ဒီကျွန်းကနေ လိုက်သွားရမယ်၊ ဒါကြောင့် ကျွန်မရဲ့ လက်ထောက် ကိုဝင်းသန်းရဲ့ဒဏ်ရာကိုသာ ဒေါက်တာရန်နိုင်စိုး အနေနဲ့ စောင့်ရှောက်နေရစ်ပါလို့ မှာချင်ပါတယ်"

"ဘာပြောတယ် ခင်မမ ... သန်ဘက်ခါမနက်ကျမှ သွားရမယ်ပေါ့ ... ဟုတ်လား"

ကျွန်ုပ်က စိတ်အားတက်ကြွစွာ မေးလိုက်သောအခါ ကြယ်နီရှင်သခင်မသည် အံ့အားသင့်သွားပြန်လျက် ကျွန်ုပ်အား နားမလည်နိုင်သကဲ့သို့ ကြည့်ရှုနေပြန်လေ၏။

"ဟုတ်တယ် ... သန်ဘက်ခါမနက်ကို ကျွန်မ သွားဖြစ်မယ်၊ အခုလောလောဆယ်မှာ ကျွန်မရဲ့ ကြယ်နီသင်္ဘောလေး ခရီးလွန်နေလို့"





ခင်မမသည် သူတို့၏ ကြယ်နီဟု အမည်ပေးထားသော လျှို့ဝှက်ပဋ္ဌလက်သင်္ဘောလေးကို ဆိုလိုခြင်း ဖြစ်ပေ၏။

"ဒီလိုဆိုရင် အဲဒီနေ့မှာ ကျုပ်လည်း ခင်မမနဲ့အတူ လိုက်မယ်၊ ဒါကိုတော့ ကျွန်တော့်ကိုမတားတော့နဲ့ ခင်မမ၊ အဲဒီနေ့မှာ ကိုဝင်းသန်းရဲ့ဒဏ်ရာဟာ တစ်ဝက်လောက် ပျောက်နေပြီ၊ နေ့စဉ်မှန်မှန် ပတ်တီးကိုဖြည်ပြီး ဆေးထည့်ပေးဖို့ပဲ လိုတော့တယ်၊ ဒီကိစ္စလောက်ကို တင်ထွန်းဆိုတဲ့ ဆေးအကူ ရဲဘော်လေး ကောင်းကောင်းကြီးလုပ်နိုင်ပါတယ်၊ ကျုပ်ကတော့ ခင်မမကို စိတ်မချလို့ ထက်ကြပ်လိုက်တော့မယ်"

ကျွန်ုပ်က မဟောမပန်း ဆက်တိုက်ကြီးဆိုသလို ပြောချလိုက်၏။

ကြယ်နီရှင်သခင်မသည် ပထမသော် အကြောင်းအမျိုးမျိုးပြ၍ ကျွန်ုပ်နေရစ်ခဲ့ဖို့ရန်ကို တောင်းပန်ပြောဆိုနေပေသေး၏။

နောက်ဆုံးတွင် ကျွန်ုပ်၏ ထက်သန်နေသောဆန္ဒကို မလွန်ဆန်နိုင်ရှာတော့ဘဲ ခေါင်းကလေးကိုညိတ်ကာ သဘောတူ ရရှာပေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက် လူမမာကိုဝင်းသန်း အခန်းသို့ ပြန်လည်၍ ဝင်ရောက်သွားကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ယောက် မြို့င်တူဝင်ရောက်လာသဖြင့် ကိုဝင်းသန်းသည် မျက်နှာကိုယ်စီကို အကဲခတ်သကဲ့သို့ ကြည့်နေ၏။

ထို့နောက်တွင်မှ သူက ကျွန်ုပ်အား ပြုံးရွှင်စွာ နှုတ်ဆက်လေ၏။

ကျွန်ုပ်သည် ကိုဝင်းသန်း၏ ပြောင်းလဲသွားသောစိတ်ကို အံ့သြ၍နေရပေ၏။

ခင်မမသည် ကိုဝင်းသန်း စိတ်ကျေနပ်လောက်အောင် ဟိုနေ့ညက အကြောင်းအရာများကို ရှင်းလင်းပြောပြ နှစ်သိမ့်စေလိုက်ပြီလော။

သို့တည်းမဟုတ် ကိုဝင်းသန်းသည် ၎င်း၏ဒဏ်ရာတို့ကို ကုသပေးနေသော ဆရာဝန်တစ်ယောက်ဟူ၍ သဘောထားကာ ဝတ္တရားကျေလောက်ရုံ နှုတ်ဆက်နေခြင်းပေလော။

ကျွန်ုပ်သည် ခင်မမ၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်တွင် ခင်မမသည် ကျွန်ုပ်အား ခေါင်းညိတ်လျက် တစ်ချက်မျှ ပြုံးပြလိုက်သည်ကို တွေ့မြင်လိုက်ရပေ၏။

ထို့နောက် ကြယ်နီရှင်သခင်မက ကိုဝင်းသန်းအား ကျွန်ုပ်တို့နှစ်ယောက်၏ အစီအစဉ်ကို ပြောပြလိုက်၏။





ကိုဝင်းသန်းသည် မျက်လုံးများကိုမှိတ်လျက် စူးစိုက်ကာ နားထောင်နေပြီးနောက် ခင်မမစကားဆုံး၍ သုံးမိနစ်ခန့် ကြာသည်အထိ မျက်လုံးများကို ပြန်၍မဖွင့်ဘဲ စုံမှိတ်စဉ်းစားနေပြီးလျှင် အတန်ငယ်ကြာမှ မျက်လုံးများကို ဖွင့်၍ကြည့်လိုက်ပေ၏။

"ဒေါက်တာရေ . . . ကျုပ်ကတော့ တော်တော် ကံဆိုးတဲ့လူပဲဗျ၊ အရေးထဲကျမှ ကျုပ်မှာ အရာပေါ်နေတယ်၊ အဲ . . . ခင်မမနောက်ကို ခင်ဗျားလိုက်သွားဖို့ စီစဉ်ပြီးပြီနော်၊ ကျေးဇူးတင်တယ်ဗျာ၊ ကျုပ်တို့အဖွဲ့ရဲ့ ကြယ်နီသခင်မဟာ ဘယ်တုန်းကမှ တစ်ယောက်တည်း ခရီးမထွက်ရဘူး၊ ကြယ်နီသခင်မ ဘယ်ကိုပဲသွားသွား . . . ကျုပ် အမြဲထက်ကြပ်ပါတယ်၊ အခုကိစ္စမှာ ကျုပ်မလိုက်နိုင်တော့ဘူး၊ ဒီတော့ ကျုပ်အစား ကြယ်နီရှင်သခင်မနဲ့အတူ ဒေါက်တာပဲလိုက်သွားပါတော့၊ အစစ အရာရာ ကျုပ်စိတ်ချပါရစေဗျာ"

ထို့နောက် ကိုဝင်းသန်းသည် မျက်လုံးများကို ပြန်မှိတ်လျက် မှိန်း၍နေပေ၏။

ကျွန်ုပ်အဖို့ ရန်သူတော်တစ်ယောက်ကို မိတ်ဆွေအဖြစ် ရရှိခဲ့ပြီတကား။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## လျှပ်တစ်ပြက် အစည်းအဝေးဆုံးဖြတ်ချက်

ကျွန်ုပ်အဖို့ ဤသို့ဖြစ်လာလိမ့်မည်ဟု ဘယ်သောအခါ တုန်းကမျှ စိတ်မကူးမိခဲ့ချေ။ ကျွန်ုပ်သာမက ကြယ်နီသခင်မ သည်လည်း မတွေးတောမိလောက်ချေ။

ကျွန်ုပ်တို့နှစ်ဦးသာမက ကိုဝင်းသန်းသည်လည်း စဉ်းစား တွေးတောမိလိမ့်မည် မဟုတ်ချေ။

ကျွန်ုပ်သည် ကြယ်နီရှင်သခင်မ၏ ဇာတ်သိမ်းခန်းကို အပြီးသတ်လျက်ရှိသောအချိန်မှာ မိုးတွင်းရာသီကာလပင်ဖြစ်၏။

ထို့ကြောင့် အပြင်ဘက်တွင် မုတ်သုန်လေတို့သည်





အော်မြည်လျက် စားတော့ဝါးတော့မလို တိုက်ခိုက်လျက်ရှိပေ၏။

မိုးတို့မှာ မကြာခဏ ရွာချလျက်ရှိပြီး မိုးရေပေါက်များ သည် မိုးတိတ်သွားပြီးသည့်တိုင် တံစက်မြိတ်တို့မှ တစ်ပေါက်ပြီး တစ်ပေါက် ကျရောက်နေဆဲပင် ရှိပေသည်။

ကျွန်ုပ်မှာလည်း ဤအဏ္ဏုပ္ပတ္တိဇာတ်ကြောင်းများကို ရေးသားနေရင်းနှင့် မျက်စိများပြာဝေလာရုံမက တဖြည်းဖြည်း မှုန်ရီလာနေသည်ကို သတိပြုမိ၏။

အမှန်တော့ အတိတ်က ဖြစ်ရပ်တို့ကို ပြန်လည်မြင် ယောင်နေမိခြင်းကြောင့် ဖြစ်၏။

ထိုစဉ်က ကျွန်ုပ်နှင့် ကြယ်နီရှင်သခင်မတို့ မြိတ်မြို့ဆီသို့ မထွက်ခွာမီ တစ်နေ့တွင် မမျှော်လင့်သောအခြင်းအရာတစ်ခု သည် ရုတ်တရက် ဖြစ်ပေါ်လာခဲ့ရပေသည်။

နေ့လယ် ထမင်းစားပြီးစအချိန်တွင် ခင်မမ၊ ကျွန်ုပ်နှင့် ကိုဝင်းသန်းတို့သည် ကျွန်ုပ်တို့ မြိတ်မြို့ဆီသို့ရောက်သည့်အခါ မည်သို့မည်ပုံ ဆောင်ရွက်ကြရမည့်အစီအစဉ်ကို အသေးစိတ် ဆွေးနွေးတိုင်ပင်လျက်ရှိကြပေ၏။

ထိုအခိုက် ကျွန်းပေါ်ရှိ တပ်သားတစ်ဦးသည် ကျွန်ုပ် ခင်မမနှင့် ကိုဝင်းသန်းတို့ရှိရာသို့ ခွင့်ပန်ဝင်ရောက်လာပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကြယ်နီရှင်သခင်မအား တစ်စုံတစ်ရာ တီးတိုးပြောဆိုခြင်း ပြု
ပေ၏။

ခင်မမသည် တပ်သား၏စကားကို နားထောင်နေရင်း ဖြူဝင်းသောမျက်နှာမှာ မီးဖြင့်ကင်လိုက်ဘိသည့်အလား နီမြန်း လျက် ဒေါသ အမျက်ခြောင်းခြောင်း ထွက်လာသောအမူအရာကို တွေ့မြင်ရပေ၏။

"ဟင် ... သစ္စာဖောက်ကိုယ်တိုင် လိုက်လာသတဲ့ လား"

ခင်မမသည် 'တောက်' ခနဲ တက်တစ်ချက်ခေါက်လိုက် ပြီးနောက် အထက်ပါအတိုင်း ရေရွတ်ခြင်းပြုလိုက်ပေ၏။

ထို့နောက် သတင်းလာပို့သော တပ်သားအား ခင်မမ သည် တစ်စုံတစ်ရာမှာကြားပြီး ပြန်၍လွှတ်လိုက်လေ၏။

ပြီးလျှင် ကျွန်ုပ်တို့နှစ်ယောက်ဘက်သို့ လှည့်၍ ...

"သစ္စာဖောက်ကြီးကတော့ ဒီကျွန်းပေါ်အထိ လိုက်လာ ပြီတဲ့၊ သူ့အကြံကို ကျွန်မတို့မသိရင် အခက်သားပေါ့၊ ကိုင်း ... ဒီသစ္စာဖောက်လောက်ကောင်ကြီးကို ကျွန်မတို့ ဘာဆက် လုပ်ကြမလဲ၊ ဒီလူကြီး ကျွန်းပေါ်ကို နောက်မိနစ် ၂၀ လောက် ကြာရင် ရောက်လာတော့မယ်"





ကြယ်နီရှင်သခင်မအသံမှာ တုန်ယင်ခြင်းမရှိ၊ ဣန္ဒြေရ ၍ ဖြည်းလေးစွာပင် ထွက်ပေါ်လာနေသည်ကို တွေ့ရပေ၏။

သစ္စာဖောက်ကြီးဟု ဆိုလိုက်သူကား အခြားမဟုတ် ...။ ခင်မမနှင့်ကျွန်ုပ်တို့ နောက်တစ်နေ့တွင် မြိတ်မြို့ဆီသို့ သွားရောက်ကာ တွေ့ဆုံဆုံးမရမည့် သစ္စာဖောက် ဦးဝင်းကြည် ပင် ဖြစ်ပေ၏။

ၾင်း ဦးဝင်းကြည်သည် မြိတ်မြို့ရှိ အဖွဲ့ဝင်တပ်သား တစ်ဦးကို အဖော်ပြု၍ ဗဟိုဌာနချုပ် လျှို့ဝှက်ကျွန်းသို့ မကြာမီက ရောက်ရှိလာကြောင်း၊ ဦးဝင်းကြည်မှ ၎င်းသည် အလွန်အရေးကြီး သော ကိစ္စတစ်ခုအတွက် ကြယ်နီရှင်သခင်မထံ ကိုယ်တိုင်လိုက် လာခြင်းဖြစ်သည်ဟု ပြောဆိုကြောင်း။

အမှန်မှာမူ ဦးဝင်းကြည်သည် မိမိတို့အား သစ္စာဖောက် ရန် အစိုးရအဖွဲ့နှင့် ကျိတ်၍စီစဉ်ပြီးပြီဟု မိမိတို့ သတင်းရရှိပြီးဖြစ် သည့်အတိုင်း ဦးဝင်းကြည်နှင့်တွေ့လျှင် မည်သို့ပြုလုပ်ကြမည်ကို စဉ်းစားကြရမည်ဖြစ်ကြောင်းနှင့် ခင်မမက ပြောပြပေ၏။

ထိုအချိန်အထိ ကိုဝင်းသန်းသည် စကားတစ်လုံးမျှ ဝင် ရောက်၍မပြောဘဲ အိပ်ရာထက် တွဲလဲလျောင်းရင်း မျက်လုံးများ ကိုသာ မှိတ်လျက် ငြိမ်သက်စွာ နားထောင်လျက် ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်နီရှင်သခင်မကား ကျွန်ုပ်ကိုတစ်လှည့်၊ ကိုဝင်းသန်းကိုတစ်လှည့် အသီးသီး အကဲခတ်ကြည့်ရှုနေလေ၏။

ကျွန်ုပ်မှာကား မောင်နှမနစ်ယောက်တို့၏ တည်ငြိမ်အေးဆေးသော အမူအရာများကိုကြည့်ကာ ဘေးအန္တရာယ် နီးကပ်နေသောအချိန်မှာပင် သူရဲကောင်းတို့၏လက္ခဏာနှင့် ညီညွတ်ပါပေတကားဟု ချီးကျူးမိလျက်သား ဖြစ်၍နေပေ၏။

ထိုအခိုက် ကိုဝင်းသန်းက စကားကို စတင်ပြောဆို၍ ကိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။

"ဒီလူကြီး ဘာကိစ္စနဲ့ ကျွန်းပေါ်အထိ လိုက်လာရတာလဲ၊ ပရိယာယ်တစ်ခုခုနဲ့ လာတာကတော့ အသေအချာပဲ၊ ဘာပရိယာယ်ဖြစ်မလဲဆိုတာကို ကျုပ်တို့စဉ်းစားကြည့်ကြရအောင်"

"ကျွန်မတို့ကို တစ်နေရာရာ လှည့်ခေါ်ပြီး စစ်တပ်ဘက်ဆိုင်ရာလက်ထဲကို အပ်ဖို့များလား"

"ဒီလိုဆိုရင် သူတို့ အခုလာတာ နှစ်ယောက်တည်းဆိုတာကကော ယုံကြည်နိုင်စရာပဲလား"

နောက်ဆုံးစကားကား ကျွန်ုပ်ထံမှ ထွက်သွားခြင်းဖြစ်ပေ၏။ ထိုအခါ ကိုဝင်းသန်းသည် ကျွန်ုပ်အား ဖျတ်ခနဲ လှမ်းကြည့်ပြီးနောက် ...





"ဒေါက်တာပြောတာ ဖြစ်နိုင်တယ်၊ ဒါထက် ဒီလူ ဦးဝင်းကြည် (ဖရီး) ဟာ သူ့အကြံကို ကျွန်တော်တို့သိသွားပြီဆိုတာကို မသိသေးဘူး၊ ဒါဟာ ကျွန်တော်တို့ဘက်က သာနေတဲ့ အခွင့်အရေးတစ်ခုပဲ၊ ဒီအဖြေ ဟုတ်တယ်မဟုတ်လား"

နောက်ဆုံးတွင် ကျွန်ုပ်တို့သုံးဦး အရေးပေါ် လျှပ်တစ်ပြက်ဆိုသလို အစည်းအဝေးထိုင်၍ ဆုံးဖြတ်ချက်ချလိုက်ကြသည်မှာ ကျွန်ုပ်တို့သည် သစ္စာဖောက်ကြီးဦးဝင်းကြည် (ဖရီး) ရောက်လာလျှင် ...

၁။ ဦးဝင်းကြည်ပြောလာမည့်စကားကို စောင့်၍ နားထောင်ရန်။

၂။ ထို့နောက် ဦးဝင်းကြည်အား ဆုံးမကြရန်။

၃။ ဆက်လက်လုပ်ဆောင်ရမည့် တာဝန်တို့ကို ဖြစ်ပေါ်လာမည့်အခြေအနေကို ကြည့်၍ စီစဉ်ဆောင်ရွက်ကြပါရန်တို့ကို သဘောတူကြပေ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## တစ်လမ်းအပြင် နှစ်လမ်းမရှိ

မကြာမီ ကျွန်ုပ်တို့သည် စောင့်မျှော်လျက်ရှိသောပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ရှေ့မှောက်ဆီသို့ ရောက်ရှိလာခဲ့ပေ၏။

လူများ၏ ယုတ်မာတတ်သောသဘောနှင့် ရိုးသားလွန်းလှသောသဘောတို့သည် မျက်နှာပေါ်၌ မဖုံးမိနိုင်လောက်အောင် ပေါ်ပေါက်လေ့ရှိနေကြောင်းစကားမှာ အမှန်ပင် ဖြစ်ပေ၏။

အကြောင်းမှာမူ ဦးဝင်းကြည်ဆိုသူမှာ အရပ်ပိန်ရှည်ရှည်၊ ခါးကိုင်းကိုင်း၊ မျက်နှာမှာ စုတ်ချွန်းချွန်းရှိပြီး နှာခေါင်းကမူ ဒီဇလစ်တိုင်ဖင်ကာကဲ့သို့ နှာခေါင်းရှိ၏။





ကျဉ်းမြောင်းသောမျက်လုံးများသည် တစ်နေရာထဲတွင် အငြိမ်မနေချေ။ အမြဲတစေပင် ပတ်ဝန်းကျင်ကို လှုပ်ရှားကစားကာ သူခိုးကဲ့သို့ ကြည့်နေသော အင်္ဂါလက္ခဏာများလည်းရှိ၏။

ထိုကဲ့သို့ ရုပ်ရည်လက္ခဏာ ညံ့ဖျင်းလှသည့် ဦးဝင်းကြည်အား စ၍မြင်လိုက်သည့်အချိန်မှစ၍ စက်ဆုပ်မိလျက်သား ဖြစ်နေ ပေ၏။

ဦးဝင်းကြည် (ဖရီး) သည်လည်း ကျွန်ုပ်အား လူစိမ်းတစ်ယောက်အဖြစ် တစ်စုံတစ်ရာမပြောဆိုမီ စိန်းစိန်းစားစား ကြည့်ရှုနေပေရာ ခင်မမက ဦးဝင်းကြည်၏အတွင်းသဘောကို ရိပ်မိဟန်ဖြင့် ...

"ဒါက ဒေါက်တာရန်နိုင်စိုးတဲ့ ဦးဝင်းကြည်၊ ကျွန်မတို့ ကျွန်းပေါ်က ပလိပ်ရောဂါလူနာတွေကို ကုသပေးဖို့အတွက် ခေါ်လာတဲ့လူပါပဲ"

"ဒီလိုဆိုရင် အဖွဲ့အစည်းရဲ့ အတွင်းရေးစကားမျိုး ပြောလို့ဆိုလို့ ဖြစ်ပါ့မလား၊ အရေးကြီးကိစ္စဆိုပါတော့"

"ကိစ္စမရှိပါဘူး၊ ဒေါက်တာရန်နိုင်စိုးကို မကြာခင် ပြန်လွှတ်လိုက်ရတော့မှာပဲ၊ ဦးဝင်းကြည်နဲ့တောင် အပြန်မှာအတူ ထည့်သင့်ရင် ထည့်လိုက်ရလိမ့်မယ်ရှင့်၊ ကဲ ... အရေးကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါဦး''

''ကျွန်တော် လာရင်းကိစ္စမပြောခင် စကားစပ်မိလို့ ဒေါက်တာရန်နိုင်စိုးဆိုသူကို ပြောလိုက်ပါရစေဦး . . . သတင်းစာတွေထဲမှာတော့ မောင်းမကန်ပြန်ပေးဆွဲမှုဆိုပြီး ပါနေတယ်၊ ဒေါက်တာရန်နိုင်စိုးကို ကြယ်နီရှင်သခင်မက ဖမ်းသွားပြီလော ဆိုပြီး ခေါင်းစဉ်တပ်ထားတယ်ခင်ဗျ၊ ဓာတ်ပုံကိုကြည့်လာရလို့ အခု လူကိုမြင်ရတော့ ဟုတ်,မဟုတ် သေသေချာချာ ကြည့်မိတာပါပဲဗျာ''

ထို့နောက် ဦးဝင်းကြည်သည် ကြယ်နီရှင်သခင်မကို တစ်လှည့်၊ ၎င်း၏မျက်နှာကို မျက်တောင်မခတ် ကြည့်နေသော ကိုဝင်းသန်း၏မျက်နှာကိုတစ်လှည့် ကြည့်လိုက်ပြီးနောက် အသံကိုနှိမ့်၍ အောက်ပါအတိုင်း ပြောဆိုပေ၏။

''ကျုပ် အခုလာခဲ့ရတဲ့ကိစ္စကတော့ ကြယ်နီရှင်သခင်မတို့ကို အချိန်မီ သတိပေးရအောင် လာခဲ့တာပါပဲ၊ သခင်မတို့နေရာနဲ့ သခင်မတို့အကြောင်းတွေကို အစိုးရက စုံစမ်းထောက်လှမ်းလို့ သိသွားပြီခင်ဗျ . . .၊

အရင်တစ်နေ့က အစိုးရအဖွဲ့အစည်းအဝေးမှာ ဒီအကြောင်းကို ထည့်ပြီးစဉ်းစားကြတယ်၊ စစ်သင်္ဘောတွေလွှတ်ဖို့





ဆုံးဖြတ်ကြတယ်၊ အခု အဲဒီစစ်သင်္ဘောတွေ ထားဝယ်မှာရော မြိတ်မှာရော ရောက်နေကြပြီ၊ ဒီကျွန်းကို ဘယ်တော့လောက် ရောက်လာမယ်ဆိုတာ မသိနိုင်ဘူး''

ဤကား ဦးဝင်းကြည်၏ အရေးတကြီးသတိပေးစကားပင် ဖြစ်ပေ၏။

ကြယ်နီရှင်သခင်မနှင့် ကိုဝင်းသန်းတို့သည် တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်နေကြပေ၏။

''နောက်ပြီး ဒါတင်မကသေးဘူးဗျ''

ဦးဝင်းကြည်သည် ဤအကြိမ်တွင် စကားများ တုန်ယင်လျက် ရှိပေ၏။

''ကျုပ်ကိုပါ သူတို့က သတင်းပေးသူလျှိုအဖြစ် သိရှိသွားကြပြီဗျ၊ ကျုပ်ကို အခု ဒီကိုလွှတ်လိုက်တာဟာ သူတို့အစိုးရလူကြီးတွေက တာဝန်ပေးပြီး လွှတ်လိုက်ကြတာပဲ . . .၊

သူတို့ထဲက ပြောရေးရှိခွင့်သူတစ်ဦးက မှာလိုက်တယ် . . . ဒီနေ့ညနေ လေးနာရီမတိုင်ခင် ကြယ်နီရှင်သခင်မနဲ့တကွ အဖွဲ့သားတွေအားလုံး အသာတကြည်နဲ့ လက်နက်ချရင် ချ၊ မချရင် ဒီကျွန်းကို အစိုးရစစ်သင်္ဘောတွေလည်း ဝိုင်းထားပြီလို့ပြောခိုင်းတယ်၊ ကောင်းကင်ကလည်း လေယာဉ်ပျံနဲ့ စက်သေ



www.burmeseclassic.com

www.burmeseclassic.com



နတ်ရော ပုံးရော ကြဲချမယ်လို့ ပြောနိုင်းတယ် ...၊

သူတို့ပြောတာ သဘောတူရင် ညနေလေးနာရီ မထိုးခင် ဒီကျွန်းပေါ်မှာရှိတဲ့ တောင်ထိပ်မှာ အလံဖြူလွှင့်တဲ့၊ လေးနာရီထိုးလို့မှ မလွှင့်ဘူးဆိုရင် ...''

''ခွေး ခွေး ... သစ္စာဖောက်''

နောက်ဆုံး ဆဲဆိုသံများအား အိပ်ရာထဲတွင် လဲလျောင်းနေသော ကိုဝင်းသန်း၏ထံမှ ထွက်ပေါ်လာခြင်းဖြစ်ပေ၏။

ကိုဝင်းသန်းသည် ဆဲဆိုရုံမျှသာ မဟုတ်သေးဘဲ ဦးဝင်းကြည်အား ပက်လက်နေရာမှ လက်တစ်ဖက်တွင် ခြောက်လုံးပြူးသေနတ်ကို ကိုင်၍ ချိန်ရင်း အလျှံတပြောင်ပြောင်ထွက်နေသော မျက်လုံးများဖြင့် စားတော့မတတ်၊ ဝါးတော့မတတ် ကြည့်နေသည်ကို တွေ့ရှိရပေ၏။

ကျွန်ုပ်သည် ကြယ်နီရှင်သခင်မအား လှမ်းကြည့်လိုက်သောအခါ ခင်မမသည် မူလနေရာ၌ မရှိတော့ချေ။

အခန်း၀ ခန်းဆီးကို ကျော်ပေးကာ ခါးထောက်ရပ်ရင်း ဦးဝင်းကြည်ဆိုသူအား အေးဆေးမာကျော ခက်ထန်လွန်းသော မျက်နှာထားဖြင့် စိုက်၍ကြည့်နေသည်ကို တွေ့ရှိရပေ၏။

ဒေါသအမျက်ခြောင်းခြောင်းထွက်နေသော ကိုဝင်းသန်း





၏မျက်နှာထက် အေးဆေးတည်ငြိမ်လှသော ကြယ်နီသခင်မ၏ မျက်နှာထားမှာ ပို၍ကြောက်စရာကောင်းလှသည်ဟု ကျွန်ုပ် ထင်မိပေ၏။

ထိုအချိန်တွင် ဦးဝင်းကြည် (ဖရီး) ၏မျက်နှာပေါ်ရှိ နဖူးတွင် ချွေးကလေးများစို့လျက် ကျဉ်းမြောင်းလွန်းသော မျက်လုံးများမှာလည်း အစွမ်းကုန်ပြူးကျယ်လာ၏။

နှုတ်ခမ်းများမှာမူ တဆတ်ဆတ် တုန်လျက်ရှိနေပြီး..

''သေနတ်ကြီးနဲ့တော့ မချိန်ပါနဲ့ဗျာ၊ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ၊ ကျုပ် ဘာမှမလုပ်ရပါကလား၊ ကျုပ်ပြောပါဦးမယ် ... ကျုပ် ရှင်းပြပါရစေ''

အသံများမှာ မူမမှန်တော့ဘဲ အထစ်အငေါ့ဖြင့် ရေရွတ်မြည်တမ်းခြင်းပြုပေ၏။

''ခင်ဗျားဟာ မြောင်ညာချင်သေးသလားဟင်၊ သစ္စာဖောက်လောက်ကောင်''

ထို့နောက် ကိုဝင်းသန်းမှာ ကြာရှည်စကားမပြောနိုင်တော့ချေ။

၎င်း၏အမူအရာကို အကဲခတ်၍ စောင့်နေခဲ့သော ကျွန်ုပ်သည် ကိုဝင်းသန်း၏လက်မှ ခြောက်လုံးပြူးသေနတ် လွတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့မည့်ဆဲဆဲ၌ ကိုဝင်းသန်း၏အနီးသို့ ရုတ်တရက် လှမ်းသွားပြီးနောက် သေနတ်ကို ဆွဲယူလိုက်မိပေ၏။

ကျွန်ုပ်၏လက်ထဲသို့ သေနတ်ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက်လည်း ကိုဝင်းသန်းမှာ သတိလစ်လျက်ရှိနေပြီကို တွေ့ရှိရပေ၏။

ဦးဝင်းကြည်သည် ကျွန်ုပ်တို့၏အခြင်းအရာကို မျက်လုံးမျက်ဆန်အကြောင်သားနှင့် စောင့်၍ကြည့်နေသူဖြစ်ရာ ကိုဝင်းသန်း သတိလစ်သွားသည်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏လက်တွင်းသို့ရောက်နေသော ခြောက်လုံးပြူးကို လုယူရန် လျင်မြန်သောအဟုန်ဖြင့် လွှားခနဲခုန်၍ အုပ်လေ၏။

ကျွန်ုပ်ကား သတိနှင့်နေသူဖြစ်သော်လည်း မမျှော်လင့်သောတိုက်ခိုက်မှုကို ခံလိုက်ရသည်ဖြစ်သောကြောင့် သေနတ်မှာ ဦးဝင်းကြည် ခုန်၍အုပ်လိုက်သည့်ခဏ၌ လက်ထဲမှ လွတ်၍ ကြမ်းပေါ်သို့ ကျသွားပေ၏။

ထိုအခါ ဦးဝင်းကြည်သည် သေနတ်ကို ကုန်း၍ကောက်မည်ပြုရာ ကျွန်ုပ်၏ခြေထောက်သာလျှင် ထိုအချိန်က သွက်လက်ခြင်းမရှိခဲ့ပါက ကျွန်ုပ်သော်လည်းကောင်း ကြယ်နီရှင်သခင်မသည်လည်းကောင်း ထိုအချိန်ကပင် အသက်ဇီဝိန်မှာ ကိစ္စတုံး





ဖွယ်ရာ ရှိပေ၏။

ကျွန်ုပ်သည် ဦးဝင်းကြည် အငုံ့လိုက် ကျွန်ုပ်၏နောက်ပိတ် ဖိနပ်ဦးဖြင့် ဦးဝင်းကြည်၏မျက်နှာကို တအားလွှဲ၍ ခတ်လိုက်ရာ ဦးဝင်းကြည်မှာ ကြမ်းပေါ်တွင် ဖင်ထိုင်လဲ၍ကျသွားပြီးနောက် ပါးစပ်နှင့် နှာခေါင်းကို လက်နှင့်ပိတ်လျက် ပက်လက်လဲ၍သွားပေ၏။

ကျွန်ုပ်သည် ခြောက်လုံးပြူးကို ကောက်ယူလိုက်ပြီးနောက် ကြယ်နီရှင်သခင်မအား ကြည့်လိုက်ရာ ခင်မမမှာ စောစောကရပ်နေသောနေရာ၌ပင် မျက်နှာတစ်ချက်မျှမပျက်ဘဲ ငြိမ်သက်စွာ ရပ်မြဲရပ်နေသည်ကို တွေ့မြင်ရပေ၏။

ဦးဝင်းကြည်သည် ထိုခဏမှာပင် လူ့ပ်ရှားလာပြီးနောက် ယိမ်းယိုင်ကာ ကုန်း၍ထရာမှ ဒူးထောက်ကာ ငြိမ်သက်သွားလေ၏။

ကြယ်နီရှင်သခင်မသည် ကိုဝင်းသန်းဆီသို့ လျှောက်၍လာပြီးလျှင် ခေါင်းဦးအောက်မှ စာရွက်ထပ်တစ်ခုကို နှိုက်ယူလိုက်ပြီး ဦးဝင်းကြည်၏ မျက်နှာရှေ့သို့ ပစ်၍ချလိုက်ပေ၏။

"ဒါတွေ ဘာတွေလဲ သိရဲ့လား ဦးဝင်းကြည် ... ရှင်လုပ်ခဲ့သမျှတွေ ဒီစာရွက်တွေပေါ်မှာ ရက်စွဲနဲ့တကွ တိတိ



www.burmeseclassic.com

www.burmeseclassic.com



ကျကျ မှတ်သားထားတယ်ရှင့်၊ ပြီးတော့ အစိုးရအဖွဲ့ကို သတင်းပေးတာဟာ ရှင်ပဲမဟုတ်လား၊ မငြင်းနဲ့နော် . . . ဒီအထဲမှာ ရှင် အစိုးရနဲ့ ဘယ်လိုဆက်သွယ်တယ်ဆိုတာတွေ အကုန်ပါတယ်၊ ရှင် ဘာပြုလို့ ဒီလို သစ္စာဖောက်တဲ့အလုပ်မျိုးတွေ လုပ်ခဲ့ရတာလဲ''

ကြယ်နီရှင်သခင်မ၏အသံကား အေးဆေးငြိမ်သက်လျက် ရှိပေ၏။

''ရှင့်အသက်ကို ကျွန်မ အားနာပါတယ်၊ ဒါပေမဲ့ ရှင့်ရဲ့ ကျေးဇူးကန်းမှုနဲ့ သစ္စာဖောက်မှုတွေဟာ ရှင့်ရဲ့လက်ရှိ ဘဝနဲ့ ဘယ်လောက်ဖီလာဆန့်ကျင်နေတယ်ဆိုတာကိုတော့ ရှင်နားလည်ဖို့ကောင်းတယ် . . .၊

ရှင်ဟာ ထမင်းစားနေတဲ့ လူတစ်ယောက်မှ ဟုတ်ရဲ့လား၊ ရှင် အခုခေါ်လာတဲ့ ရှင့်လူယုံတော်ဆိုတာ ကျွန်မလူရှင့်၊ ရှင့်ကို စိတ်မချစရာတွေ တွေ့လာလို့ ရှင့်ဆီကို လွှတ်ထားပြီး ရှင့်လူ လုပ်ခိုင်းထားတဲ့လူ၊ ကဲ . . . ဘာပြောချင်သလဲ ဦးဝင်းကြည်''

''ကျုပ် ကျုပ်''

ဦးဝင်းကြည်ဆိုသူ၏မျက်နှာကား အမှန်ပင် နောင်တ





ရလာဟန် လက္ခဏာရှိပေ၏။

ကြယ်နီရှင်သခင်မ၏စကားများကို ခေါင်းကြီးငုံ့လျက်နားထောင်နေရာမှ စကားဆုံးသည်နှင့်တစ်ပြိုင်နက် ထိတ်လန့်ကြောက်ရွံ့သောမျက်လုံးများဖြင့် ခင်မမအား မော်၍ကြည့်ပေ၏။ ထိုမျက်လုံးများမှာ ဖြူရော်လျက်ရှိပေ၏။

''ကလေး ၇ ယောက်နဲ့ ကြွေးတင်နေတဲ့ ရှင့်ဒုက္ခကို ကျွန်မ,ကယ်တင်ပေးတဲ့အတွက် ကျေးဇူးပြန်ဆပ်လိုက်တာပေါ့ . . . ဟုတ်လား''

''ကျုပ်မှားပါပြီ သခင်မ . . . ကျုပ် ကျုပ်''

''ကျွန်မလက်နက်မချရင် အမှန်ပဲ ဗုံးကြဲမှာလား''

''ဟုတ်ကဲ့ . . . ကြဲ ကြဲ''

''စစ်သဘော်ာ ဘယ်နှစင်း ဝိုင်းထားသလဲ''

''လေးစင်းပါ ခင်ဗျာ''

''အင်း . . . ဒီလိုဆို ရှင် သိပ်ကိုတော်ပါတယ် ဦးဝင်းကြည်''

''ဒီလိုရှိပါတယ် သခင်မ . . . သူတို့ပြောသလို အေးအေးဆေးဆေးနဲ့ သူတို့ဆီမှာ အညံ့ခံပြီးဝင်လိုက်ရင် အပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရအောင် . . .''



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းကြည်ကား သူ့စကားကို ဆက်လက်မပြောနိုင်ဘဲ ကြယ်နီရှင်သခင်မ၏မျက်နှာကို သွေးဆုတ်နေသော မျက်လုံးများဖြင့်ကြည့်ကာ မဝံ့မရဲ ရပ်ထားလိုက်ရပေ၏။

ကြယ်နီရှင်သခင်မ (အမည်ခံ) ခင်မမ၏ မျက်လုံးများသည် ထိုအချိန်ကလောက် တစ်ခါဖူးမျှ တောက်ပြောင်ခြင်းမရှိခဲ့ဟု ကျွန်ုပ် မှတ်ထင်မိပေ၏။

''ညနေ လေးနာရီ နောက်ဆုံး ...ဟုတ်လား''

''ဟုတ် ဟုတ်''

ကြယ်နီရှင်သခင်မသည် ကျွန်ုပ်၏အနီးသို့ တစ်လှမ်းချင်း ဖြည်းညင်းစွာလျှောက်၍လာပြီးလျှင် ကျွန်ုပ်နှင့် ဘေးချင်းယှဉ်လျက် ရပ်ရာမှ ဦးဝင်းကြည်၏မျက်နှာကို မျက်တောင်မခတ်စိုက်၍ ကြည့်နေလေ၏။

ထို့နောက် အောက်ပါအတိုင်း တစ်လုံးချင်း ဖြည်းလေးညင်သာစွာ ပြောဆိုပေ၏။

''ရှင် သိပ်ကိုတော်ပါပေတယ် ဦးဝင်းကြည်၊ ရှင့်ရဲ့လုပ်ရပ်က ကျွန်မတို့ကို စက်တိုင်ဆီ အရောက်ပို့ရုံနဲ့ မပြီးသေးဘူး၊ တစ်ပြည်လုံးမှာ လှုပ်ရှားနေတဲ့ တော်လှန်ရေးအင်အားစုကြီးရဲ့ အစိတ်အပိုင်းတစ်ခုကို အညင်သာဆုံးနည်းနဲ့ အပြတ်ရှင်းလိုက်





တာပဲ၊ ရှင့်ရဲ့ဒုက္ခတွေကို ကယ်ဆယ်စောင့်ရှောက်ခဲ့တဲ့ ကျွန်မလို ကျေးဇူးရှင်တစ်ယောက်ကိုတောင် ကျေးစွပ်သစ္စာဖောက်ရာ ရောက်ရုံတွင်မကဘူး၊ တိုင်းပြည်ကိုပါ သစ္စာဖောက်ရာ ရောက်ခဲ့ပြီ''

ထိုအခိုက် လေယာဉ်ပျံတစ်စင်းသည် ကျွန်ုပ်တို့ရောက်နေရာ ကျွန်းပေါ်သို့ ခပ်နိမ့်နိမ့်ပျံသန်းလာပြီး တစ်ပတ်ဝဲ၍ ပျံထွက်သွားသံကို ကြားလိုက်ရပေ၏။

''သစ္စာဖောက်တွေရဲ့ သွားရာလမ်းဟာ ဘယ်လိုလဲဆိုတာ သိတယ်မဟုတ်လား ဦးဝင်းကြည်''

ဦးဝင်းကြည်သည် တစ်စုံတစ်ရာပြောဆိုရန် အားယူလျက် ရှိပေ၏။ သို့သော် အသံကား ထွက်မလာပေ။ ပြတင်းပေါက်ကို လှည့်၍ကြည့်၏။

ကြယ်နီသခင်မ၏တပ်သား နှစ်ယောက်သည် ဦးဝင်းကြည်အား ကျောက်ရုပ်ပမာ မလှုပ်မယှက် ပြန်၍ကြည့်နေကြသဖြင့် ဦးဝင်းကြည် (ဖရီး) သည် ခင်မမရှေ့သို့ ဒူးထောက်ရင်းတစ်လှမ်းတိုး၍ ရွေ့လာလေသည်။

ဦးဝင်းကြည်၏အသက်သည် သူ့အား တစ်စုံတစ်ရာ မထိရဘဲနှင့်ပင် ကြာရှည်မှာ ခံနိုင်ပါမည်လားဟု ကျွန်ုပ် တွေး



www.burmeseclassic.com

www.burmeseclassic.com



တောနေမိပေ၏။

"ကျုပ်မှားပါပြီ သခင်မ၊ ကျုပ်ကိုချမ်းသာ"

ထိုအခိုက် ရဲဘော်တစ်ယောက်သည် သူတို့သခင်မထံသို့ သုတ်သီးသုတ်ပျာ ဝင်လာပြီးနောက် စစ်သဘော်ာကလေး နှစ်စင်းသည် ဤကျွန်းဆီသို့ ရှေ့ရှုခုတ်မောင်းလာလျက်ရှိကြောင်း ပြောဆိုပေ၏။

လေယာဉ်ပျံတစ်စင်းသည်လည်း ကျွန်းပေါ်၌ ခေါက်တုံ့ခေါက်ပြန်ဝဲလျက်ရှိကြောင်းကို သတိပြုမိပေ၏။

ကျွန်ုပ်သည် လက်မှနာရီကို ငုံ့၍ကြည့်လိုက်ရာ ၃ နာရီထိုးပြီး၍ ၁၅ မိနစ်ခန့်ပင် လွန်နေလေပြီကို တွေ့ရှိရပေ၏။

ခင်မမသည် သတင်းပို့လာသော တပ်သားလေးအား တစ်စုံတစ်ရာ တီးတိုးမှာကြားပြောဆိုနေပြီးနောက် ဦးဝင်းကြည် ဘက်သို့ လှည့်လိုက်ကာ . . .

"ကိုင်း ဦးဝင်းကြည် . . . ဘယ်လိုမှတော့ မအောက်မေ့နဲ့တော့၊ ဘယ်သူမပြု မိမိမှုတဲ့ . . . ရှင် သွားရမယ့်လမ်းကို သိပြီမဟုတ်လား၊ ကိုင်း . . . ဟောဟိုရဲဘော်နှစ်ယောက်က ရှင်သွားရမယ့်လမ်းကို ပို့ဆောင်ပေးပါလိမ့်မယ်၊ အေးအေးသက်သာပဲ လိုက်သွားပေတော့"





ထို့နောက်မှာမူ ကျွန်ုပ်သည် ဦးဝင်းကြည်၏ သွေးရူးသွေးတန်း ဟစ်အော်လိုက်သောအသံကို ယခုထက်တိုင် ကြားယောင်လျက် ရှိပေတော့၏။

ကျွန်ုပ်သည် တစ်ဖက်သို့ မျက်နှာလွှဲ၍ မျက်စိမှိတ်နေမိစဉ် ဦးဝင်းကြည်သည် ဝက်သတ်တရုတ်၏ လက်ဝယ်တွင်နှောင်ကြိုးတည်းကာ ထမ်းယူသွားခြင်းခံရသော ဝက်တစ်ကောင်၏အော်ဟစ်သံမျိုးဖြင့် ကျယ်လောင်စူးရှစွာ အော်ဟစ်ရုန်းကန်ရင်း အိမ်အပြင်ဘက်သို့ ရောက်ရှိသွားပြီး နောက်ခဏအကြာတွင် အတန်ငယ်လှမ်းသောနေရာတစ်ခုဆီမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာတော့၏။

သေနတ်သံ ထွက်ပေါ်ပြီးသည်နှင့်တစ်ပြိုင်နက် ဦးဝင်းကြည် (ဖရီး) ၏အော်ဟစ်သံသည်လည်း ရပ်ဆိုင်းငြိမ်သက်ခြင်းသို့ ရောက်သွားပေ၏။

ကျွန်ုပ်သည် မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ၌ ကြယ်နီရှင်သခင်မမှာ ကိုဝင်းသန်း၏ ခုတင်အနီးတွင် ဒူးထောက်လျက် ကိုဝင်းသန်း၏မျက်နှာကို မျက်နှာချင်းအပ်ကာ ငြိမ်သက်၍ နေသည်ကို တွေ့ရှိရပေ၏။

ကျွန်ုပ်သည် ကိုဝင်းသန်း၏အနီးသို့ ချဉ်းကပ်မိသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် ကိုဝင်းသန်းမှာ မနိုးသောအိပ်ပျော်ခြင်းသို့ ရော
ရှိနေပြီကို တွေ့ရှိရပေ၏။

ဦးခေါင်းတွင်ရရှိသောဒဏ်ရာသည် ဦးနှောက်အား
ခိုက်လောက်အောင် ပြင်းထန်ခြင်းမရှိစေကာမူ ဦးဝင်းကြည်
သစ္စာဖောက်မှုသည် ကိုဝင်းသန်း၏စိတ်ဓာတ်ကို ပြင်းထန်
ထိခိုက်သွားစေလျက် နှလုံးကိုရိုက်ကာ သတိလစ်သွားရ
အသက်ပြန်မပါလာတော့ခြင်း ဖြစ်ပေ၏။

ထို့နောက် ခင်မမသည် ကျွန်ုပ်အား မော်၍ ကြည့်လို
၏။

သူမ၏မျက်လုံးများတွင် မျက်ရည်စဟူ၍ တစ်စက်
လေမျှ မတွေ့ရပေ။

သို့သော် အလွန်လှပ၍ နုပျိုသောမျက်နှာကလေး
တိုတောင်းလှသော ထိုအချိန်အတွင်း၌ တစ်မုဟုတ်ချင်း အိုစာ
သွားခဲ့သည်ဟု ထင်မှတ်မိပေ၏။

ခင်မမသည် ဒူးထောက်နေရာမှ ဖြည်းညင်းစွာထ
ပြီးလျှင် ကျွန်ုပ်၏မျက်နှာကို နာကျင်စွာ တစ်ချက်မျှပြုံး
ကြည့်ကာ ...

“သစ္စာဖောက်တွေဟာ ဘယ်နေရာမျိုးမှာမဆို ရှိ





ကိုရန်နိုင်စိုး၊ ဒါပေမဲ့ သူတို့ရဲ့သွားရာလမ်းဟာကတော့
စ်လမ်းအပြင် နှစ်လမ်းမရှိဘူးဆိုတာ သူတို့ မေ့နေကြတယ်”

ဟုပြောဆိုပြီးနောက် ကျွန်ုပ်အား ဆက်လျက်ရှိသော
ခန်းတစ်ခုထဲသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်းကား ၂၅ ပေ ပတ်လည်သာသာခန့် အကျယ်
ပရာ စားပွဲရှည်ကြီးတစ်ခုတွင် ကုလားထိုင် အလုံးနှစ်ဆယ်မျှ
ရာအသီးသီးချထားပေ၏။ ကျွန်ုပ်တို့ ဝင်သွားသောအချိန်
င် ပခုံးဒေါက်များ၌ ကြယ်နီတံဆိပ်များ တပ်ဆင်ထားသော
ွယ်နှစ်ဦးသည် စားပွဲပေါ်၌ မြေပုံချပ်ကြီးတစ်ခုကို ချလျက်
ဝင်စားစွာဖြင့် ကြည့်ရှုနေကြသည်ကို တွေ့ရှိရပေ၏။

ကြယ်နီရှင်သခင်မက ထိုသူနှစ်ဦးအနက် တစ်ဦးကို
စ်စုံတစ်ရာ တီးတိုးပြောဆိုလိုက်ရာ ထိုသူသည် အခန်းထဲမှ
င်မြန်စွာ ထွက်ခွာသွားလေ၏။ (နောက်မှ ကျွန်ုပ်သိရသည်မှာ
ဝင်းသန်းအလောင်းကို မြှုပ်နှံရန် စီစဉ်နိုင်းခြင်းပင် ဖြစ်၏။

ထို့နောက် ပခုံးဒေါက်တွင် ကြယ်ပွင့်များတပ်ဆင်ထား
ာ အခြားလူငယ် ငါးယောက်တို့သည် အခန်းထဲသို့ ဝင်
က်လာပေ၏။

ခဏကြာသောအခါတွင်မူ ကျွန်ုပ်တို့ ကိုးယောက်သား



www.burmeseclassic.com

www.burmeseclassic.com



သည် စားပွဲပေါ်သို့ မြေပုံချပ်ကြီးကို ဝိုင်းလျက် စစ်ဗျူဟာအစ
အမ်များကို ဆွေးနွေးတိုင်ပင်လျက် ရှိနေကြပေ၏။

ခင်မမက ကျွန်ုပ်အား နေရာထိုင်ခုံတစ်လုံးတွင် ထိုင်စေ
ရာ ကျွန်ုပ်မှာ နှုတ်ခမ်းမွေးရေးရေး၊ ခေါင်းတုံးဆံတောက်
ရင်အုပ်မောက်မောက်နှင့် အရာရှိတစ်ဦးက တစ်ဖက်၊ အသက်
လေးဆယ်ကျော်ခန့်ရှိပြီဖြစ်၍ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးထူထ
အရပ်ထောင်ထောင်မောင်းမောင်းရှိသော အရာရှိတစ်ဦးက တစ်
ဖက်။ ခြံရံလျက် ထိုင်နေရလေ၏။

ကျွန်ုပ်၏ ရှေ့တည့်တည့်တွင်မူ အခြားအရာရှိများ ခြံ
လျက် ကြယ်နီရှင်သခင်မသည် တည်ငြိမ်သော ဣန္ဒြေဖြင့် ထိုင်
လျက် ရှိနေပေ၏။

ထိုအရာရှိအားလုံးကား ပလိပ်ရောဂါ တိုက်ပွဲကြီးတွင်
ကျွန်ုပ်ဆေးထိုးနှံပေးခဲ့ရဖူးသော ပုဂ္ဂိုလ်များပင် ဖြစ်၏။ ဆေးဖေါ်
ကုသမှုကိစ္စပြီးသည့်နောက် ကျွန်ုပ်နှင့် ယခုတစ်ကြိမ် ပြန်လည်
ဆုံစည်းကြရခြင်းပင် ဖြစ်ပေတော့၏။

ကြယ်နီရှင်သခင်မသည် မြေပုံကို ခဲတံနီတစ်ချောင်းဖြ
ထောက်ကာ ထောက်ကာ အနေအထားကို ကြည့်ရှုလျက်ရှိ
ထိုမြေပုံမှာ ကျွန်ုပ်တို့ကျွန်းကလေး၏ မြေပုံပင်ဖြစ်ကြောင်း တွေ့





ရပေ၏။

အခန်းတစ်ခုလုံး၏ ဆိတ်ငြိမ်ခြင်းကား အံ့ဩဖွယ် ရှိလှ
ပေ၏။ ကျွန်ုပ်သည် ယောက်ျားများထက်ပင် အေးဆေးတည်ငြိမ်
ခြင်းရှိနေသော ကြယ်နီရှင်သခင်မကိုသာ အံ့ဩငေးမောလျက်
ရှိနေမိတော့၏။

ကြယ်နီရှင်သခင်မ၏အသံကြောင့် သတိပြန်ဝင်လာ
သော အချိန်၌ အားလုံးသောပုဂ္ဂိုလ်များသည် မြေပုံပေါ်သို့
ကုန်းလျက် ခေါင်းချင်းဆိုင်နေကြသည်ကို တွေ့ရှိရပေ၏။

ကြယ်နီရှင်သခင်မကား ဦးဝင်းကြည်၏ သစ္စာဖောက်မှု
ကြောင့် လျှို့ဝှက်ကျွန်းကို စစ်သင်္ဘောလေးစင်း ဝိုင်းရံလျက်ရှိနေပုံ
ကို မြေပုံ၌ထောက်လျက် အကျဉ်းချုပ်ပြောပြလျက်ရှိပေ၏။

"သူတို့ လာနေတယ်ဆိုတဲ့ သင်္ဘောကလေးတွေက
တော့ ML လေးတွေပဲ၊ သူတို့မှာ ကုန်းတက်မော်တော်လေးတွေ
တော့ မပါဘူး။ အဝေးက ရှယ်လုပ်ဖို့ပဲရှိတယ်၊ တစ်ချိန်တည်းမှာ
အပေါ်ကနေပြီး လေယာဉ်ပျံက အနှောင့်အယှက်ပေးမယ်၊ သူတို့
အစီအစဉ်ကတော့ ဒါပဲ"

ထိုအခါ ကျွန်ုပ်၏လက်ဝဲဘက်တွင် ထိုင်နေသော မုတ်
ဆိတ်နှင့် ဗိုလ်အေးကြူက ...



www.burmeseclassic.com

www.burmeseclassic.com



"ML လေးစင်း ကမ်းကို ကပ်နိုင်ဖို့ကတော့ အတော်ခဲယဉ်းပါတယ်၊ သူတို့ ရှဲလ်လုပ်ရင် ကျွန်တော်တို့ကလည်း ပြန်ပြီး ရှဲလ်လုပ်ရုံပေါ့၊ အဲယားအတက်(ခ်)ကိုသာ ကျွန်တော်တို့ နည်းနည်းသတိပြုဖို့လိုတာပဲ"

"စစ်ပွဲတစ်ပွဲမှာ ပရိယာယ်ဗျူဟာ လိုတယ်နော်၊ ပရိယာယ်ဗျူဟာ"

ဤကား ကြယ်နီရှင်သခင်မ၏အသံပင် ဖြစ်ပေ၏။

"နောက်ဆုံးအချိန်အထိဟာ ဒီက သူတို့ကို ဘယ်နည်းနဲ့မှ ပြန်ချမယ်ဆိုတာကို သူတို့ မရိပ်မိဖို့လိုတယ်"

"ဟုတ်တယ်၊ ကျွန်တော်တို့က မိုးချုပ်ပြီး အလင်းရောင်ပျောက်သွားတဲ့အချိန်အထိ နှစ်ဖက်စလုံးက သေနတ်တစ်ချက်မဖောက်ရအောင် ဆိုင်းထားနိုင်ဖို့က အရေးကြီးတယ်၊ အမှောင်ကို ကျွန်တော်တို့ အားကိုးရမှာပဲ"

ထို့နောက် အခန်းတွင်းရှိ ဝါယာလက်စက်မှ လှုပ်ရှားသံများကို ကျွန်ုပ်တို့ ကြားလိုက်ရပြန်၏။

"ကြယ်နီဆီကို သတင်းအမြန်ပြန်ပို့ဖို့ စီမံပါ ဗိုလ်ဘသောင်း၊ ဟောဒီ နောသ်ဖော်ဘီနိုင်းပွိုင့် ဇီးရိုးနဲ့ အိစ်(တ်)အိတ်တီးပွိုင့် ဇီးရိုးသရီးနေရာဟာ မကောင်းဘူးလား၊ ညဦးဆယ်နာရီ





မထိုးမီ ဒီနေရာကိုအရောက် အမြန်ဆုံးပြန်လှည့်လာဖို့ကို 'မက်ဆေ့ချ်' ပို့ဖို့ကို စီစဉ်ရှင်၊ ပြီးတော့ ရှင်လည်း အမြန်ပြန်လာခဲ့ပါ"

ထိုအခါ ဗိုလ်ဘသောင်းဆိုသူသည် အခန်းထဲမှ လျင်မြန်စွာပင် ထွက်ခွာ၍သွားပေ၏။

ကြယ်နီရှင်သခင်မသည် မြေပုံကို ခဲတံဖြင့်ထောက်၍ အတန်ကြာကြာ ကြည့်ရှုနေပြန်ပြီးနောက် နေရာတစ်ခုကို ထောက်ထားလိုက်ကာ ...

"ကိုင်း ...ပရိယာယ်တစ်ခု လုပ်ကြရအောင်ရှင်၊ ကျွန်မတို့ ဟောဒီတောင်ထိပ်ပေါ်မှာ အလံဖြူတစ်ခု တင်ကြရမယ်၊ ဒါဟာ အချိန်ဆွဲနည်းတစ်ခုပဲ ...ဘယ့်နှယ်လဲ"

ဤအကြံကို အားလုံးက သဘောတူညီလက်ခံလိုက်ကြ၏။

ကြယ်နီရှင်သခင်မက ချက်ချင်းပြုလုပ်ရန် ခိုင်းစေသည်နှင့် အပြင်မှ တပ်သားတစ်ဦးကို အချိန်မဆိုင်းဘဲ ခေါ်ယူညွှန်ကြားခိုင်းစေလိုက်ပေ၏။

ထို့နောက် ကြယ်နီရှင်သခင်မသည် နာရီကိုကြည့်လိုက်ကာ ...

"ကိုင်း ... လေးနာရီထိုးဖို့ နာရီဝက်ပဲ လိုတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ရန်သူကို ဘယ်နည်းနဲ့ပြန်လည်တွန်းလှန်ကြမလဲ၊ အကြံဉာဏ် ထုတ်ကြည့်လိုက်ကြရအောင်''

ဤတွင် စစ်ဦးစီးအဖွဲ့သည် ခဏကြာမျှ ဆိတ်ငြိမ်သွားပြီးနောက် တစ်ဦးစီ တစ်ဦးစီအားဖြင့် မိမိတို့စိတ်ကူးရရှိသည်တို့ကို တင်ပြဆွေးနွေးခြင်း ပြုကြပေ၏။

❋ ❋ ❋





အရေးတော်ပုံ အောင်ပါစေလို့သာ

ဤကျွန်းကို လျှို့ဝှက်ကျွန်းဟူ၍ပင် သူတို့ခေါ်ဆိုခဲ့ကြသည့် အကြောင်းရင်းဖစ်မြစ်ကိုလည်း ယခုမှ ကျွန်ုပ်လည်း သိရှိရလေတော့၏။

ဤကျွန်းပေါ်တွင် ကျောက်တောင်ကြီးကို ထွင်းဖောက်လျက် ဂူလိုဏ်ကြီး စီမံပြုလုပ်ထားပေ၏။

ဆုံလည်တံခါးလည်း ပါရှိ၍ ထိုလိုဏ်ဂူကြီးအတွင်းသို့ ကျွန်းပေါ်တွင်ရှိသော အမယ်အို၊ အဘွားအိုနှင့် ကလေးသူငယ်များကို တိမ်းရှောင်ခိုအောင်းစေရန် စီစဉ်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူကြီးအတွင်းတွင် ပေပေါင်း ၁၀၀ နီးပါးခန့် ရှည်လျား၍ ကွေ့ကောက်ကာဖောက်လုပ်ထားသဖြင့် လူပေါင်း တစ်ရာမျှပင် ချောင်ချိစွာ ခိုအောင်းနေနိုင်ကြောင်းကို သိရှိရပေ၏။

ထို့နောက် တိုက်ခိုက်ရေးအစီအစဉ်များကို ဆွေးနွေးကြရာတွင် ကြယ်နီရှင်သခင်မသည် ၎င်း၏ရဲဘော်များ တင်ပြသောအကြံဉာဏ်များကိုလည်း လက်ခံ၍ ၎င်းကိုယ်တိုင်ကလည်း စိတ်အားတက်စရာ စစ်ဗျူဟာအစီအမံများကို ထုတ်ဖော်ပြောကြားနေသည်ကို တွေ့ရှိရပေ၏။

အကျပ်အတည်းဖြစ်နေချိန်တွင် ဤမျှလောက် ဦးနှောက်ရှင်လန်းလျက် သာမန်ယောကျ်ားများပင် မစဉ်းစား မကြံစည်တတ်သော အကြံအစည်များကို သွက်လက်ဖျတ်လတ်စွာ ထုတ်ဖော်စီစဉ်နေခြင်းအား အံ့သြဝမ်းမြောက်ခြင်းဖြင့် စူးစိုက်နားထောင်နေရပေ၏။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ကျွန်း၏တည်နေပုံအရ ကျွန်း၏ တစ်ဖက်သောကမ်းခြေမှာ အလွန်ကျွမ်းကျင်လိမ္မာ၍ သွားဖူးလာဖူးရှိသော မာလိန်မှူးများမှလွဲလျှင် မည်သည့်လှေသင်္ဘောမှ မကပ်ဆိုက်နိုင်လောက်အောင် ရေစီးသန်ခြင်းနှင့် ကျောက်ဆောင်ကျောက်ခဲ ဝဲဂယက်များ၊ ထူပြောခြင်း စသည့်



သဘာဝအကာအဆီးများ ရှိနေပေ၏။

အကယ်၍ ကမ်းသို့ ကပ်ချင်ကပ်ကြမည်ဆိုလျှင် ကျွန်း၏အခြားတစ်ဖက်မှသာ ကပ်နိုင်ကြမည်သာ ဖြစ်ပေ၏။

ထိုတစ်ဖက်၏ တည်နေပုံမှာလည်း ကမ်းစပ်သည် အခြားတစ်ဖက်ၓ မတ်စောက်မြင့်မားခြင်း ရှိသလောက် ထိုမှာဘက်မှာ ပြေပြစ်နိမ့်လျှောခြင်း ရှိပေ၏။

ထိုမှာဘက်ကမ်းခြေသို့ ML စစ်သင်္ဘောများကိုသာ အားကိုး၍ ကျွန်းကိုကပ်ကြလိမ့်မည်ဟု ခင်မမတို့က ယူဆလိုက်ကြ၏။

ဤသို့ကပ်ကြလျှင် ကပ်ကြသူများမှာ ဒုက္ခကြီးစွာ တွေ့ကြုံရလိမ့်မည်ဟု ခင်မမတို့က တွက်ဆထားကြ၏။

အကြောင်းမှာမူ ဒီရေလှိုင်းတို့သည် ထိုတစ်ဝိုက်ၓ အလွန်ပင်ထူးဆန်းသော သဘောမျိုးရှိနေပေ၏။

ရန်သူစစ်သင်္ဘောများ ယခု လာနေသောအချိန်တွင် ဒီရေတို့သည် ကျဆင်းတော့မည့်ဆဲဆဲ တည်ရှိသောကြောင့် ကမ်းစပ်သို့ ဤမျှလောက် နီးကပ်စွာ ကပ်၍လာအံ့၊ သင်္ဘောများသောင်ပေါ်ၓ ဒီအကျတွင် တင်၍ကျန်ရစ်ခဲ့မည်မှာလည်း ထိုမျှလောက် သေချာ၍နေ၏။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုမှူသာမက ခင်မမတို့သည် ရော်ဘာလက်လှော် လှေကလေးများဖြင့် ရေတိုက်ပွဲဆင်နွှဲရန်လည်း စီစဉ်နေကြပေ၏။

ယခင်ရက်များအတွင်းက လျှို့ဝှက်ကျွန်းပေါ်သို့ ကိုဝင်းသန်း မကြာခဏ တင်ယူလာသော သေတ္တာကြီးများအတွင်းရှိ ပစ္စည်းများ၏အရာရောက်ပုံသည် ယခုမှပင် ထင်ရှားလာပေတော့၏။

ထိုသေတ္တာကြီးများကား ခင်မမတို့သည် တရုတ်ကုန်သည်တစ်ယောက်မှတစ်ဆင့် စင်ကာပူမှ စစ်ပစ္စည်းအပိုအလျှံများကို လေလံဆွဲယူရာတွင် ရရှိလိုက်သော စစ်သုံးပစ္စည်းအမျိုးမျိုး ပါရှိလာ၏။

ထိုပစ္စည်းများထဲမှ ရော်ဘာလှေကလေးများနှင့် LM (ခေါ်) ကုန်းပေါ်တွင်လည်းကောင်း၊ ရေပေါ်တွင်လည်းကောင်း ခုတ်နှင်သွားလာနိုင်သော ယာဉ်အသေးစား ငါးစင်းလည်း ပါဝင်ပေ၏။

ရေတိုက်ပွဲကို ညဘက်တွင် ထိုလှေကလေးများနှင့် ယာဉ်များကိုအသုံးပြုကာ ဆင်နွှဲရန်ပင်ဖြစ်၏။

အကယ်၍ ညဘက်သို့မရောက်မီ မလွှဲသာ၍ တိုက်ပွဲဆင်နွှဲရမည်ဆိုပါလျှင်လည်း ကမ်းပေါ်မှပင်လျှင် မိမိတို့တပ်ကို





မိမိတို့ အုပ်စီး၍ နောက်ဆုံး တစ်ယောက်ကျန်သည်အထိ ခုခံရန်တို့ကို စီစဉ်ကြပေ၏။

ကြယ်နီရှင်သခင်မသည် သူမ၏တပ်ဦးစီးများအား သူ့နေရာနှင့်သူ နေရာချထားခြင်း၊ တာဝန်ပေးခြင်းများကို ပြုလုပ်လျက် ၎င်းကိုယ်တိုင်ကမူ သင်္ဘောများ ကမ်းသို့တက်ရောက်လာနိုင်မည့် စစ်မျက်နှာကို ဗဟိုချက်မ,ပြုလုပ်၍ တာဝန်ယူလိုက်ကြောင်း တွေ့ရှိရပေ၏။

ကျွန်ုပ်ကိုမူ သူမ၏ လူနာများအား ပြုစုစောင့်ရှောက်ရေးဘက်မှ တာဝန်ပေးလေရာ ကျွန်ုပ်က ဝမ်းမြောက်ဝမ်းသာစွာပင် ထိုတာဝန်ကို ယူလိုက်ပေ၏။

ထိုအခိုက် ဝိုင်ယာလက်သတင်းပို့ရန်တာဝန်ဖြင့် ထွက်ခွာသွားသော ဗိုလ်ဘသောင်းသည် ကျွန်ုပ်တို့ထံသို့ ပြန်လည်ရောက်ရှိလာပေ၏။

၎င်းက ကြယ်နီသင်္ဘောသည် ယခုအချိန်၌ ကျွန်းနှင့် မိုင် (၃၀) အကွာ၌ ရောက်ရှိနေကြောင်း၊ မှာကြားထားသော နေရာဆီသို့ ည (၇) နာရီမထိုးမီပင် အရောက်လာနိုင်ခဲ့မည်ဟု သတင်းပြန်ပို့ကြောင်း ပြောဆိုပေ၏။

ထိုအခါ ကြယ်နီရှင်သခင်မသည် အကြီးသစ်တင်မို



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသကဲ့သို့ မျက်နှာကလေး ဝင်းလက်၍လာပြီးနောက် . . .

''ဒီလိုဆိုရင် ကြယ်နီသင်္ဘောကို စစ်မြှုတ်ဘက်က အသုံးပြုနိုင်သားပဲ၊ ဟောဒီရေစီးသန်တဲ့ ကမ်းဘက်မှာ နေရာလာယူမယ့်သင်္ဘော နှစ်စင်းကို ကြယ်နီဟာ ကျွမ်းကျွမ်းကျင်ကျင်နဲ့သာ ခုတ်မောင်းနိုင်ခဲ့ရင် ရေစီးထဲရောက်အောင် ဆွဲယူပြီး ကျောက်ဆောင်တွေနဲ့ ဆွဲတိုက်ပစ်နိုင်မှာပဲ၊ ဒီအတိုင်းညွှန်ကြားရင် မကောင်းဘူးလား''

တိုက်ရေးခိုက်ရေးအစီအစဉ်များကို ကျွန်ုပ်တို့သည် နောက်ထပ် ဆယ်မိနစ်ခန့်မျှ အသေးစိတ်ထပ်မံ၍ စီစဉ်လျာထားခြင်း ပြုကြပြီးနောက် လေးနာရီထိုးရန် ငါးမိနစ်ခန့်အလိုတွင် လူစုခွဲလိုက်ကြပေ၏။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကိုယ်စီဟာဝန်ကျရောက်သောနေရာများသို့ ထွက်ခွာရန် အိမ်ပေါ်မှဆင်းခဲ့ကြသောအခါ၌ ကျွန်ုပ်တို့နှင့် မျက်နှာတူရူရှိ တောင်ထိပ်ပေါ်တွင် အလံဖြူကလေးသည် တလူလူလွင့်လျက်ရှိနေသည်ကို တွေ့မြင်ရပေ၏။

ခဏကြာသောအခါ ကျွန်းပေါ်ရှိ အဘိုးအို၊ အဘွားအိုကလေး လူမမယ်များနှင့် အသက်ကြီးရင့်သူများသည် အထုပ်အပိုးကိုယ်စီဖြင့် အစုလိုက် အပြုံလိုက် တောင်ခေါင်းရှိရာသို့





သွားရောက်နေကြပေ၏။

လူမွဲယ်ယောကျ်ားများနှင့် မိန်းမတို့ကား လက်နက်ကိုယ်စီ ဆွဲကိုင်လျက် မိမိတို့တပ်မှူးရှိရာဆီသို့ ဣန္ဒြေရှစွာဖြင့် အစုလိုက် အစုလိုက် သွားရောက်နေကြလေ၏။

ရွာအပြင်ဘက် ကင်းတဲကလေးတစ်တဲသို့ ရောက်သောအခါ ကြယ်နီရှင်သခင်မသည် ကျွန်ုပ်၏လက်ကို ဆွဲကိုင်လျက် . . .

''ကိုင်း . . . သွားပေဦးတော့ ကိုရန်နိုင်စိုးရေ၊ အရေးတော်ပုံ အောင်ပါစေလို့သာ ဆုတောင်းပေတော့နော်''

ဟု ကျွန်ုပ်အား နှုတ်ဆက်ခြင်းပြုပေ၏။

ကျွန်ုပ်သည် ခင်မမ၏လက်ကို အတန်ကြာ ပြန်လည်၍ဆုပ်ကိုင်ရင်း စကားသံမထွက်နိုင်ဘဲ ငေး၍ကြည့်နေမိလေ၏။

ခင်မမက ပြုံး၍ ကျွန်ုပ်၏လက်တွင်းမှ သူမ၏လက်လေးကို ဖြည်းညင်းစွာထုတ်ယူလိုက်ပြီးနောက် ကျွန်ုပ်၏လက်မောင်းအား ၃-၄ ချက်မျှ လက်ဝါးကလေးနှင့် ရိုက်လျက် . . .

''ကဲ . . . သွားပေတော့''

ဟု ပြောပြောဆိုဆို သူမသည်လည်း ချာခနဲ လှည့်၍ထွက်သွားပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ချစ်ရပါသော ခင်မမသည် သူမ၏တပ်သားများရှိ ရာဆီသို့ လျှင်မြန်သောခြေလှမ်းများဖြင့် လျှောက်သွားနေပေ၏။

❋ ❋ ❋





## သခင်မမှ အိမ်ရှင်မသို့

သတ်မှတ်ချိန်ကာလသို့ ရောက်ရှိလာသဖြင့် လေယာဉ်ပျံနှစ်စင်းသည် အနောက်စူးစူးမှ လျှို့ဝှက်ကျွန်းပေါ်သို့ ဖြတ်လျက် ခပ်နိမ့်နိမ့် ပျံသန်းလာသောကြောင့် အားလုံးပင် နီးစပ်ရာ သစ်ပင်နှင့်တောချုံများအောက်သို့ ပြေးလွှားဝင်ရောက်ကြရင်း အရိပ်အခြည်ကို ကြည့်နေကြရပေ၏။

ကျွန်ုပ်သည် သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ်ယူရင်း ခင်မမရှိရာသို့ လှမ်းကြည့်လိုက်၏။ ထိုအချိန်တွင် ကျွန်ုပ်ချစ်ရပါသော ခင်မမသည် သူမ၏တပ်ဖွဲ့သားများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



လျှိုတစ်ခုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်ကြောင်း တွေ့ရှိရသဖြင့် သက်ပြင်းတစ်ချက်ချလိုက်မိပေ၏။

လေယာဉ်ပျံနှစ်စင်းသည် ခင်မမတို့ အလံဖြူလွှင့်တင်ထားသော တောင်ထိပ်ပေါ်၌ သုံးပတ်တိတိ နိမ့်စွာဝဲပျံနေပြီးနောက် ကျွန်းပေါ်သို့ကွေ့၍ ထိုးစိုက်ပျံသန်းလာကြပြီးလျှင် စာရွက်များ ပလူပျံသလို ကြဲ၍ချသွားပေ၏။

အားလုံးထွက်၍ ကောက်ယူဖတ်ရှုကြသည့်အခါတွင် အောက်ပါအတိုင်း ဖတ်ရှုရပေ၏။

### အရေးပေါ်ကြေညာချက်

သင်တို့ကျွန်းအား လေးဖက်လေးတန်မှ ဝိုင်းထားပေပြီ။ သူခိုး၊ ဓားပြ၊ လူဆိုးဘဝကို စွန့်လွှတ်၍အေးချမ်းသာယာစွာ လက်နက်ချ အညံ့ခံကြလော့။ ခုခံရန်ကြံလျှင် တစ်ကျွန်းလုံးအား မီးလောင်တိုက်သွင်းပစ်မည်။

ဗြိတိသျှ ၁၄ နံပါတ် တပ်မတော်

နောက်ထပ် ဆယ်မိနစ်ခန့်မျှ ကြာသောအခါ လျှို့ဝှက်ကျွန်း၏ လေးဖက်လေးတန် ပင်လယ်တွင်းမှ ညီတူညာတူ ...





လိုက်သော စက်အမြောက်သံများ ထွက်ပေါ်လာပေ၏။

ဤတွင် သဘောၤကလေးများ ကျွန်းနှင့် အလွန်နီးကပ်သောနေရာသို့ ရောက်လာနေပြီကို သိရှိရပေ၏။ ကျွန်ုပ်သည် သူနာပြုစခန်းရှိရာ လိုဏ်ခေါင်းထဲ ချက်ချင်းပြေးသွားပြီးနောက် ကျွန်ုပ်တို့ သူနာပြုတပ်အတွက် အလုပ်တာဝန်လွှဲအပ်ထားပြီးဖြစ်သော တပ်သားများကို စစ်ဆေးမိပေ၏။

အားလုံး လူ ၂၅ ယောက်ရှိရာ ငါးယောက်မှာ အမျိုးသမီးများဖြစ်၍ ကျန်အယောက် ၂၀ မှာ ကျွန်ုပ်နှင့်အတူ ပလိပ်ရောဂါကပ်ဆိုးကြီးကို တိုက်ခိုက်သုတ်သင်ခဲ့ရစဉ်က အကူအညီများစွာပေးခဲ့ကြသော သူရဲကောင်းလေးများပင်ဖြစ်ကြောင်း တွေ့ရှိရပေ၏။

ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ပြုလုပ်ပေးကြရမည့် တာဝန်ကို ထမ်းဆောင်ရန် ငြိမ်သက်စွာ စောင့်စားရင်း အရေးရှိက အသင့်ဖြစ်စေရန် ပစ္စည်းကိရိယာများကို စစ်ဆေးကြည့်ရှုနေကြပေ၏။

ကျွန်ုပ်တို့ထံတွင် ထမ်းစင်ငါးခု၊ တပ်စခန်းများနှင့် ဆက်ထားသော တယ်လီဖုန်းတစ်ခု၊ ဆေးပုလင်း၊ ဆေးသေတ္တာ ပတ်တီးများနှင့် စားပွဲရှည်တစ်လုံး ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် နာရီကိုကြည့်လိုက်ရာ လေးနာရီထိုးပြီး ၁၀ မိနစ်ခန့်ရှိနေပြီကို တွေ့ရှိရပေ၏။ အပြင်တွင် စက်အမြောက် ပစ်ခတ်သံများသည် ရပ်ဆိုင်းသွားပြန်၏။ ပထမပစ်ခတ်သံမျာ မှာ အချက်ပေးပစ်ခတ်သံများပင် ဖြစ်တန်ရာပေ၏။

ထို့နောက်ကား တစ်ကျွန်းလုံးမှာ အဆိတ်ငြိမ်ကြီး ဆိတ် ငြိမ်၍သွားပေ၏။ ၄ နာရီနှင့် မိနစ် ၂၀ တိတိတွင် ကျွန်ုပ်တို့ခေါင်း ပေါ်မှ လေယာဉ်ပျံသံများကို ကြားကြရပြန်ပေ၏။

ထိုအသံများသည် လေးနာရီခွဲလောက်အထိ အဆက် မပြတ်ကြား၍နေရပြီး နောက်ပြန်လည် ပျောက်ကွယ်သွားပြန်ပေ ၏။

ထိုခဏ၌ တယ်လီဖုန်းခေါင်းလောင်းသံသည် ဆိတ်ငြိမ် ခြင်းကို ဖြိုခွင်း၍ ထွက်ပေါ်လာရာ ကောက်၍နားထောင်လိုက် သောအခါ၌ ကြယ်နီရှင်သခင်မ၏အသံဖြစ်ကြောင်း တွေ့ရှိရပေ ၏။

''ကိုရန်နိုင်စိုးလား''

''ဟုတ်တယ် ခင်မမ''

''ဒီရေကျနေပြီ၊ ML နှစ်စင်းကို တစ်မိုင်စီခြားပြီး ကမ်းနဲ့ နှစ်မိုင်လောက်အကွာအထိ ရောက်လာနေတယ်၊ ဟိုဘက်ကမ်း





မှာတော့ သုံးမိုင်လောက်အကွာမှာ ကျောက်ချပြီး ရပ်နေကြတယ်၊ ဒါထက်ပိုပြီး အနားမကပ်နိုင်ဘူး၊ အခုအထိ အားလုံးကောင်း တယ် ကိုရန်နိုင်စိုး၊ ဟော ... သူတို့ ကမ်းဘက်ကို နှစ်စင်းစလုံး အတင်းကပ်လာနေတယ် ... လာပါစေ လာပါစေ၊ နေဦး ... ကျွန်မ ကြည့်ဦးမယ်၊ ဘီ-၁၀၈ ဆိုပါကလား၊ ကမ်းဘက်ကို ဦးလှည့်ပြီး ခုတ်လာနေတယ်၊ အဆင်သင့်ပဲ ဒီရေအကျနဲ့တော့ ... ဟုတ်ပြီ ဟုတ်ပြီ''

ထိုခဏ၌ တယ်လီဖုန်းသံပြတ်၍သွားပေ၏။ အပြင်တွင် လေသည် တငိုးငိုး အော်မြည်၍ တိုက်ခတ်နေ၏။

''အလို ဘုရား''

ယခုတစ်ကြိမ်ထွက်ပေါ်လာသောအသံကား စောစောက ကြားရသော စက်အမြောက်သံထက် ပိုမို၍ ပြင်းထန်ပေ၏။ လေးဖက်စလုံးမှ နားပွင့်လုမတတ် အချက်ပေါင်း (၂၀) ကျော် ကျော်မျှ ပစ်ဖောက်ခြင်းပြုနေပေ၏။

ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ပြန်၍ ကြည့်မိကြပေ၏။ မည်သူမျှ စကားမပြောကြသော်လည်း အား လုံး၏မျက်နှာမှာ တင်းမာခက်ထန်နေလျက် နဖူးထက်တွင် ချွေး ပေါက်ကလေးများစို့လျက် ရှိနေကြသည်ကို သတိပြုမိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံသံများ ထွက်ပေါ်လာပြန်လျက် ဆယ်မိနစ်ခန့်မျှ နားမချမ်းသာအောင် ဆူညံလျက်ရှိနေပြန်လေ၏။ ကျွန်ုပ်ကား တယ်လီဖုန်းဆီသို့သာ အာရုံစိုက်လျက် ခင်မမ၏အသံကိုသာ နားစွင့်စောင့်မျှော်နေမိပြန်ပေ၏။

နောက်ထပ်အတန်ကြာ ဘာသံမျှမကြားရတော့ချေ။ ဆိတ်ငြိမ်သွားပြန်ပြီးနောက် ဆယ်မိနစ်ခန့်အကြာတွင် တစ်ကြိမ်အမြောက်သံများကို ဆက်လက်ကြားရပြန်ပေ၏။

ဤတစ်ကြိမ်တွင်မူ ခင်မမတို့ ကမ်းခြေဘက်မှ အသံများမှာ စေစေကထက် ပို၍နီးကပ်ကျယ်လောင်ခြင်း ရှိနေပေ၏။ ကျွန်ုပ်၏အသက်ရှူသံမှာ လုံးဝမမှန်တော့။ တစ်ကိုယ်လုံးမှာလည်း ချွေးစီးတို့ဖြင့် ရွှဲလျက်ရှိနေလေပြီကို သတိထားမိပေ၏။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်းသည် 'ကလင်ကလင်' ဖြင့် ကျယ်လောင်စွာ မြည်ဟည်း၍ ထွက်ပေါ်လာပြန်၏။ တယ်လီဖုန်းကို ကောက်၍ကိုင်လိုက်မိသော ကျွန်ုပ်၏လက်များမှာ တဆတ်ဆတ်တုန်ခိုက်လျက် ရှိနေပေ၏။

''ကိုရန်နိုင်စိုးလား''

''ဟုတ်တယ် ခင်မမ ... တိုက်ပွဲက ဘယ့်နှယ်လဲဟင်''

''ကျွန်းဘက်ထိ သင်္ဘောကူးလာချိန်မှာ ဒီရေကျသွားတော့ အောက်ကျောက်ဆောင်တွေပေါ်လာပြီး ရန်သူတို့သင်္ဘောကြီး ကသောင်းကနင်းဖြစ်နေတာ ကျွန်မမြင်နေရတယ်၊ သင်္ဘောပေါ်ကကောင်တွေ ဟိုပြေးဒီပြေး ဖြစ်နေပြီ၊ နောက်တစ်စင်းကတော့ ဒီရေနဲ့လိမ့်ပြီး ပါသွားလေရဲ့၊ ကြည့်ပါဦး ... စောင်းငန်း စောင်းငန်းနဲ့ သင်္ဘောသောင်မတင်ရင်တော့ ဝေးဝေးကြီးကို ပါသွားမှာပဲ၊ ဒီနေရာက ကျွန်းနိမ့်တွေအကြောင်းကို ဒင်းတို့တစ်တွေ ဘာမှ နားမလည်ပါလား''

''ဒါပေမဲ့ ခင်မမရေ ... ကိုယ့်ကိုယ်ကိုယ်တော့ သတိထားနော်''

''အို ... ကိစ္စမရှိပါဘူး၊ ခင်မမတို့နေရာကို ကောင်းကင်ပေါ်က ဘယ်နည်းနဲ့မှ မမြင်နိုင်ဘူး၊ ကာဗာ သိပ်ကောင်းတယ်၊ ပြီးတော့ တဖြည်းဖြည်းလည်း မှောင်လာပြီ ... ဒါပဲဒါပဲ''

တယ်လီဖုန်းသံက ပြတ်တောက်သွားပြန်ပေ၏။ သို့သော် လေယာဉ်ပျံသံများကား ထိုအချိန်မှစ၍ အဆက်မပြတ်တော့ချေ။

ညနေခြောက်နာရီသာသာခန့်တွင် လျှို့ဝှက်ကျွန်းပေါ်မှာ တိုက်ပွဲကြီး သူပစ်ကိုယ်ပစ်နှင့် စတင်လျက်ရှိပြီကို တွေ့ရှိရပေ







www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအချိန်တွင် နေလုံးပျောက်ကွယ်၍ အပြင်တွင် မှောင်စပြု နေလေပြီ။

စက်သေနတ်သံ၊ အမြောက်သံ၊ ရိုင်ဖယ်သံတို့မှာ တောတောင်ထူထပ်၍ ဆိတ်ငြိမ်ခြင်းရှိလှသော ကျွန်းကလေးတွင် ပွဲတင်သံဟည်းလျက် အဆက်မပြတ် ထွက်ပေါ်လျက်ရှိနေပေတော့၏။

ထို့နောက် တိုက်ပွဲဖြစ်ပွားနေသည့် တစ်ချိန်လုံးတွင် ကျွန်ုပ်မှာ ခင်မမအတွက်သာလျှင် စိတ်လှုပ်ရှားနေတော့လျက် ခင်မမတစ်ယောက် ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေဟူ၍သာ စက္ကန့်ရှိသမျှ တတွတ်တွတ် ဆုတောင်းမေတ္တာပို့၍ နေမိပေ၏။

ပထမနာရီဝက်အတွင်းတွင် တယ်လီဖုန်း ၄ ခါခေါ်ယူရာ ၄ ခါစလုံး ခင်မမထံမှ မဟုတ်ချေ။ အခြားတပ်စုများမှသာ ဖြစ်ပြီး တိုက်ပွဲတွင် ဒဏ်ရာရရှိသော လူနာများကို ခေါ်ယူရန်ပင် ဖြစ်ပေ၏။

အားလုံး စုစုပေါင်းကိုးယောက် ဒဏ်ရာရလျက် ကျွန်ုပ်၏လက်ထဲတွင် သုံးယောက် အသက်ပျောက်သွား၏။ ခြောက်ယောက်ကို ဦးခေါင်းတွင်လည်းကောင်း၊ ရင်ဘတ်တွင်လည်းကောင်း၊ ပခုံးတွင်လည်းကောင်း ဒဏ်ရာအသီးသီးနှင့် လက်ခံ





ကုသမှု ပေးနေရပေ၏။

အလုံးအရင်း ချီတက်လာသော ရန်သူသဘော် နှစ်စင်း ဒီရေကျချိန်တွင် ကျောက်ဆောင်များပေါ်လာ၍ ရှေ့သို့ မတိုးနိုင်ခဲ့သဖြင့် သုံးမိုင်လောက်ဝေးသည့် ပင်လယ်အတွင်းမှ အဝေးပစ် အမြောက်များ လှမ်း၍ပစ်ခတ်တိုက်ခတ်သောကြောင့် ဒဏ်ရာ ရရှိလာကြသူများပင် ဖြစ်ပေ၏။

ခင်မမတို့တပ်စုမှာ လိုဏ်ခေါင်းထဲတွင် နေရာယူထားကြသောကြောင့် ယခုအချိန်အထိ ပစ်မှန်ခံရသောလူနာ တစ်ဦးတစ်ယောက်မျှ ရောက်ရှိမလာသေးချေ။ သို့သော် ပစ်ခတ်သံများကား အဆက်မပြတ် ထွက်ပေါ်လျက်ပင် ရှိနေ၏။

လျှို့ဝှက်ကျွန်းပေါ်တိုက်ပွဲတွင် ကျွန်ုပ်တို့ဘက်မှ အရေးနိမ့်စရာ ဖြစ်ပေါ်လာခြင်းကား ကောင်းကင်မှ တိုက်ခိုက်မှုကို ခံရခြင်းပင် ဖြစ်ပေ၏။ လေယာဉ်ပျံသုံးစင်းသည် မီးလောင်ဗုံးများ ချရုံမျှမက စက်သေနတ်ဖြင့်လည်း မနားတမ်း ခေါက်တုံ့ခေါက်ပြန် ဝဲပျံ၍ ပစ်ခတ်ခြင်းပြုနေလေရာ ညအမှောင်တွင် ထ၍တောက်လောင်သော မီးတောက်မီးလျှံတစ်ကျွန်းလုံးတွင် ထိန်ထိန်လင်းမျှ ရှိနေပေ၏။

ပထမတွင် ကျွန်ုပ်တို့သည် တတ်အားသမျှ အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်၍ မီးလောင်နေသော အိမ်များကို ငြိမ်းသတ်ရန် ကြိုးစားကြပေသေး၏။

သို့သော် ဤသို့စွန့်စားကာ ငြိမ်းသတ်နေကြရင်းကပင်လျှင် မီးလောင်ပုံများသည် ကျွန်းလုံးအနှံ့ ဆက်၍ဆက်၍ကျလာကာ လောင်မြိုက်ခြင်း၊ တောမီးများ ကူးစက်လာခြင်း၊ စက်သေနတ်ဒဏ်ကြောင့် ကျွန်ုပ်တို့ လျှို့ဝှက်ကျွန်းပေါ်မှ ရဲဘော် ၂၀ ကျော်ခန့် အတုံးအရုံးဖြစ်ကုန်ခြင်းကို တွေ့ရှိရသောအခါ၌ ကျွန်ုပ်တို့၏ကြိုးစားခြင်းကို ရပ်ဆိုင်းလိုက်ကြရပေ၏။

သူနာပြုစခန်းတွင်သာ ထိခိုက်ဒဏ်ရာရရှိသော လူနာများအား တိုး၍ တိုး၍သာ လာပေရာ လူ ၅၀ ထက်မနည်း ဒဏ်ရာကြီးစွာရနေလေပြီကို တွေ့ရှိရ၏။ ကျွန်ုပ်တစ်ယောက်တည်းဖြင့် လူနာအားလုံး အချိန်မီ အလျင်မီပြုစုကုသဖို့ရန်ပင် မတတ်နိုင်လောက်အောင် လက်မလည်တော့ချေ။

ဤသို့ဖြင့် ကျွန်ုပ်သည် ဤဇာတ်လမ်း၏ ဆုံးခန်းရောက်ရှိလာပုံကို ဆက်လက်ဖော်ပြရတော့မည်ရှိရာ ဤနေရာတွင် ကျွန်ုပ်လက်မှာ မင်တံလေးကိုပင် ကြိုးစား၍ကိုင်ရသည့်အဖြစ်သို့ ရောက်ရှိနေပေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏အသက်ထက်မက မြတ်နိုးသော၊





ကျွန်ုပ်၏တစ်သက်တာတွင် ကြုံလည်းကြုံရခဲသော မိန်းကလေးတစ်ယောက်၏ အတ္ထုပ္ပတ္တိကို သည်းအူပြတ်မျှ ခံစားလျက်မှ အဆုံးသတ်ရမည်ဆိုသော် ...

ကျွန်ုပ်သည် လူနာများကို လက်မလည်နိုင်အောင် ပြုစုနေရင်းမှ နောက်ဆုံးလူနာကို ဆေးထည့်၊ ပတ်တီးစည်းပေးပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ဘေးအန္တရာယ်ကိုမှ မမျှော်တွေးနိုင်ဘဲ ခင်မမရှိရာ တပ်စခန်းသို့ လေယာဉ်ပျံစက်သေနတ်ကျည်ဆန်များအောက်မှ ပြေးထွက်လာခဲ့မိပေ၏။

တစ်မိုင်ကျော်မျှ ဝေးကွာသော ပင်လယ်ထဲရှိ သင်္ဘောတစ်စင်းကို မဲ၍ပစ်ခတ်နေကြသော တပ်၏နောက်ပိုင်း ကျောက်လိုဏ်ဂူကလေးတစ်ခုအတွင်းတွင် တယ်လီဖုန်းနားကြပ်ကို နားတွင်တပ်လျက် တစ်စုအသီးသီးအား အမိန့်ပေးလျက်ရှိသော ခင်မမ (ခေါ်) ကြယ်နီရှင်သခင်မသည် ကျွန်ုပ်အား မြင်လိုက်သောအခါ၌ လူနာ မည်မျှရှိသွားပြီကို ဆီး၍မေးမြန်းပေ၏။

ကျွန်ုပ်က လူ ၂၀ ယောက်သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိကြောင်း ပြောဆိုဖြေကြားလိုက်ရ၏။ သူမအားလည်း တိုက်ပွဲ၏အခြေအနေကို မေးမြန်းသည့်အခါ ခင်မမက ကြယ်နီသင်္ဘောသည် ယခုအခါ တစ်ဖက်ကမ်းခြေမှ သင်္ဘောနှစ်စင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်မြူကာ ခေါ်ဆောင်လျက်ရှိပြီဖြစ်ကြောင်း ကြယ်နီ သဘော်ကို မြင်သောအခါ သဘော်နှစ်စင်းစလုံးပင် ထွက်၍ လိုက်ပြီးပစ်ခတ်နေကြောင်း ပြောပြ၏။

ကျွန်ုပ်သည် ဤတွင်မှ တစ်ဖက်ကမ်းခြေမှစစ်ပွဲကို နား စွင့်မိရာ ပစ်ခတ်သံများသည် ကျွန်းနှင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားနေကြောင်း သတိပြုမိပေ၏။

ခင်မမက ကမ်းနှင့် လေးဖာလုံသာသာခန့်တွင် သဲ သောင်ပြင်ပေါ်၌ တစောင်းတင်ကာ စောင့်ရင်း မီးလောင်နေ သော သဘော်တစ်စင်းကို ညွှန်ပြရာမှ ...

"ဒါဟာ ဘီ ၁၀၈ ပေါ့၊ အားလုံး ချောကုန်ကြပြီ၊ ဟို အဝေးကဟာလည်း ချောပါလိမ့်မယ်၊ သဘော်ပင်လယ်မှာ အခု ကျွန်မတို့လူတွေ ရော်ဘာလှေကလေးတွေနဲ့ ဝိုင်းထားပါပြီ"

ဟု ပြောဆိုလိုက်ပေ၏။

ဤသို့ပြောဆိုနေခိုက် ကျွန်ုပ်တို့ခေါင်းပေါ်မှ လေယာဉ်ပျံ တစ်စင်း ပျံဝဲလာသံကိုကြားရပြီးလျှင် စက်သေနတ်ကျည်ဆန်များ သည် မိုးရွာချလိုက်ဘိသည့်အလား မရှောင်တိမ်းသာမီ တအား သွန်၍ ကျလာပေရာ ကျွန်ုပ်တို့နှင့် ကိုက် ၂၀ အကွာတွင် ရှိသော ရွက်အမြောက်တပ်စုကလေးတစ်ခုလုံး ပက်လက်မှောက်





ခုံဖြစ်၍ သွားပေ၏။

ကျွန်ုပ်သည် ထိုလူစုထံသို့ ပြေးလွှားသွားလိုက်သည့် တစ်ခဏတွင် ဒုတိယအကြိမ် ကျည်ဆံမိုးကြီး ရွာသွန်းလိုက် ပြန်၏။ ကျွန်ုပ်၏မျက်စိအောက်တွင်ပင် ကြယ်နီရှင်သခင်မမှာ ထိုင်လျက်မှ ရှေ့သို့ထိုး၍ကျသွားသည်ကို မြင်လိုက်ရပေ၏။

"ကျွန်မကို ဂရုမစိုက်နဲ့ ကိုရန်နိုင်စိုး၊ ဟိုဘက်က ရဲ ဘော်တွေဆီကို မြန်မြန်သွားပါ၊ ကျွန်မ"

ခင်မမက ဤကဲ့သို့ တားမြစ်နေသော်လည်း ကျွန်ုပ် သည် ခင်မမရှိရာဆီ လွှားခုန်၍ ပြေးသွားခဲ့တော့၏။

ကျွန်ုပ်သည် သတိလစ်လျက်ရှိသော ခင်မမကို ပွေ့ချီ ကာ ကျည်ဆံမိုးရွာချနေရာနှင့် ဝေးရာသို့ ကိုယ်ကို ငုံ့ကိုင်းလျက် ပြေးလာခဲ့လေ၏။

ကြီးမားသော ကျောက်ဆောင်မည်းမည်းကြီးတစ်ခု၏ နောက်တွင် ကျည်ကွယ်မျက်ကွယ် ခိုလှုံလိုက်ပြီးနောက်တွင်မူ ခင်မမကို မြေပေါ်တွင် အသာချကာ ရရှိထားသော ဒဏ်ရာတို့ ကို စစ်ဆေးကြည့်ရှုလိုက်လေသည်။

သူမ၏လက်မောင်းတစ်ဖက်နှင့် နားထင်စပ်နားတွင် ကျည်ရှပ်မှန်ထားသည့် ဒဏ်ရာတို့ကို တွေ့ရရာ လွယ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးအိတ်ကိုဖွင့်လျက် ဒဏ်ရာတို့ကို ဆေးထည့်ပြီး သွေးထွက်မလွန်စေရန် ပတ်တီးစည်းပေးလိုက်၏။

ထို့နောက် ကျွန်ုပ်သည် ခင်မမ၏ဦးခေါင်းကို ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားရင်း သတိလစ်နေရှာသည့် သူရဲကောင်းမလေးကို ငုံ့ကြည့်ရင်း ကရုဏာမိုးသွန်းဖြိုးလျက် ရင်ထဲတွင် မြတ်နိုးမဆုံးနိုင်အောင် ခံစားနေရပေသည်။

'ဝုန်း'

'ဒုန်း'

'ဒက် ဒက် ဒက်'

BURMESE CLASSIC .com

စက်သေနတ်သံများ အမြောက်ဆန်ပေါက်ကွဲသံများကား နားကွဲမတတ် ဆူညံလျက်ရှိပြီး ကျွန်းကြီးတစ်ခုလုံးမှာ မီးဟုန်းဟုန်းတောက်လောင်နေသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ရပေ၏။

ကျွန်ုပ်၏မျက်စိရှေ့တွင်ပင် မျိုးချစ်ရဲဘော်တို့မှာ အတုံးအရုံး ကျဆုံးနေကြသည်ကို တွေ့နေရရာ ရင်မှာ များစွာနာကျင်လျက် ရှိရတော့၏။

"တောက် . . . ဒီလောက် မီးဟုန်းဟုန်းတောက်နေတာကို မတွေ့ကြဘူးလား မသိဘူး'





ကျွန်ုပ်သည် ခံပြင်းစိတ်ဖြင့် ရေရွတ်လိုက်ရင်း ပင်လယ်ပြင်ဘက်ဆီ မျှော်ကြည့်လိုက်စဉ်မှာပင် . . .

'ဝေါ ဝေါ ဝေါ'

အနိမ့်ပျံသန်းလာသော လေယာဉ်တစ်စင်းသည် ကျွန်ုပ်တို့ ပုန်းခိုနေရာ ကျောက်ဆောင်ဆီ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေ၏။

ထိုလေယာဉ်သည် ပုန်းခိုနေသည့် ကျွန်ုပ်တို့ကို တွေ့သွားသဖြင့် စက်သေနတ်ဖြင့် ဖာတ်သိမ်းပေးရန် လာနေခြင်းမှလွဲ၍ အခြားမဖြစ်နိုင်ပါချေ။

ကျွန်ုပ်သည်ကား ကျွန်ုပ်၏အသက်ထက် ခင်မမ၏အသက်အတွက် စိုးရိမ်ကာ သူမ၏ကိုယ်လေးပေါ်မှ ကျွန်ုပ်၏ကိုယ်ခန္ဓာကို မှောက်လျက် တတ်နိုင်သမျှ ကာကွယ်ပေးလိုက်ရင်း ကျွန်ုပ်၏ခန္ဓာကိုယ်ပေါ်သို့ စက်သေနတ်ကျည်ဆံတို့ ဖောက်ထွင်းကျရောက်လာမည့်အချိန်ကို စောင့်စားနေလိုက်တော့၏။

သို့သော် ထိုစဉ်မှာပင် မထင်မှတ်သော ဖြစ်ရပ်သည် ဆန်းကြယ်စွာ ဖြစ်ပေါ်လာလေ၏။

ယင်းမှာ ကျွန်ုပ်တို့နှစ်ယောက်အား ဖိဝိန်ခြွေရန် ဦးစိုက်ပျံသန်းလာသော လေယာဉ်ပျံသည် တစ်စုံတစ်ခုသော ပယောဂ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လေထဲမှာပင် ပေါက်ကွဲကာ မီးလောင်ပျက်ကျသွားခြင်းပင် ဖြစ်ပါ၏။

ထိုမျှသော စက္ကန့်ပိုင်းအချိန်အတွင်းမှာပင် ပင်လယ်ဘက်မှ သင်္ဘောငယ်များ၊ မော်တော်ငယ်များ ဒါဇင်ဝက်မက ထွက်ပေါ်လာပြီး အင်္ဂလိပ်စစ်သင်္ဘောတို့ကို ပြင်းထန်စွာ တိုက်ခိုက်တော့၏။

"ဟော ... သူတို့ အချိန်မီရောက်လာသားပဲ"

ကျွန်ုပ်သည် ပီတိဖြစ်စွာ ကြည့်နေစဉ်မှာပင် မြန်မာ့လျှို့ဝှက်တော်လှန်ရေးတပ်မှ ပြင်းထန်စွာ တိုက်ခိုက်မှုကြောင့် အင်္ဂလိပ်သင်္ဘောတို့ တစ်စင်းပြီးတစ်စင်း နစ်မြုပ်ကုန်ကြသည်ကို တွေ့ရလေ၏။

ကျွန်ုပ်တို့၏လျှို့ဝှက်တပ်ဖွဲ့သည် အင်္ဂလိပ်လေယာဉ်နှစ်စင်းကိုလည်း အောင်မြင်စွာ ပစ်ချနိုင်ခဲ့ရာ နာရီဝက်မျှအတွင်းမှာပင် နယ်ချဲ့အစိုးရ၏စစ်သင်္ဘောအားလုံး နစ်မြုပ်သွားကာ တိုက်ပွဲသည်လည်း အဆုံးသတ်သွားတော့၏။

မကြာမီမှာပင် လျှို့ဝှက်တော်လှန်ရေးတပ်ဖွဲ့၏သင်္ဘောကြီးတစ်စင်းသည် လျှို့ဝှက်ကျွန်းဆီသို့ ဆိုက်ကပ်လာပြီးလျှင် ဒဏ်ရာရ ရဲဘော်များအပါအဝင် ကြယ်နီရှင်သခင်မ၏အဖွဲ့သား





အားလုံးကို တင်ဆောင်ကာ ပင်လယ်နက်ထဲမှ အခြားလျှို့ဝှက်ကျွန်းတစ်ကျွန်းဆီသို့ ဦးတည်ထွက်ခွာသွားတော့ရာ ထိုသင်္ဘောကြီးပေါ်၌ ကျွန်ုပ်နှင့် သတိရစပြုသော ခင်မမ (ခေါ်) ကြယ်နီရှင်သခင်မတို့ပါ လိုက်ပါသွားကြပါတော့သတည်း။

❋

BURMESE CLASSIC .com

"'ကိုယ်ဟာ ဟသ်ာတဘက်မှာ နယ်ချဲ့နဲ့ဖက်ဆစ်တော်လှန်ရေးအဖွဲ့အသီးသီးရဲ့ဘက်က အမြဲလိုလို ကူညီခဲ့လို့ တော်လှန်ရေးတပ်ဖွဲ့တွေက ယုံကြည်အားကိုးပြီး လျှို့ဝှက်တာဝန်တွေပေးအပ်ခဲ့တယ် ခင်မမရဲ့ ...၊

ဒီကပ္ပလီပင်လယ်ထဲမှာလည်း ကိုယ်တို့ရဲ့တော်လှန်ရေးတပ်ဖွဲ့တွေ ရှိတယ်၊ ကိုယ် ရန်ကုန်ကမထွက်ခင် မြိတ်မြို့မှာ အခြေစိုက်တဲ့ လျှို့ဝှက်တော်လှန်ရေးအဖွဲ့ဆီ ကြေးနန်းကြိုရိုက်ခဲ့တယ်၊ ဒါကြောင့် သူတို့က ကိုယ့်ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်ပြီး အရေးကြုံတဲ့အခါ ကူညီနိုင်ခဲ့တာပေါ့ ...၊

တကယ်တော့ အဲဒီလျှို့ဝှက်တော်လှန်ရေးတပ်ဖွဲ့ဟာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ခင်မမတို့လိုပဲ မြန်မာပြည်ကို တစ်ကျော့ပြန်အုပ်စိုးလာတဲ့ အင်္ဂလိပ်နယ်ချဲ့အစိုးရက လွတ်လပ်ရေးမပေးခဲ့ရင် လက်နက်နဲ့တော်လှန်ဖို့ လျှို့ဝှက်ခိုအောင်းနေတဲ့ မျိုးချစ်အဖွဲ့ပဲကွဲ့ . . .၊

အေး . . . ဗိုလ်ချုပ်အောင်ဆန်းတို့ ဦးဆောင်တဲ့ မြေပေါ်အဖွဲ့တွေရဲ့ ကြိုးပမ်းမှုကြောင့် နိုင်ငံလွတ်လပ်ရေးရရင်တော့ သူတို့အားလုံး မြေပေါ်ပြန်တက်ပြီး တိုင်းပြည်ပြန်လည်ထူထောင်ရေးမှာ ဝိုင်းဝန်းကူညီကြမှာပေါ့ကွဲ့”

“အို . . . ဒါဆို ခင်မတို့နဲ့ ရည်ရွယ်ချက်ချင်း တူနေပြီပေါ့၊ ဝမ်းသာလိုက်တာရှင်”

ဤနေရာတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ချစ်သူအဖြစ်သာမက ယခုအခါ ဇနီးချောလေးအဖြစ်သို့ပင် ရောက်ရှိခဲ့ပေပြီဖြစ်သော မျိုးချစ်သူရဲကောင်းမလေး ခင်မမ (ခေါ်) ကြယ်နီရှင်သခင်မ၏အတ္ထုပတ္တိကို ဂုဏ်ယူစွာ အဆုံးသတ်ရတော့မည်ပင် ဖြစ်ပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်

စိုးဩအငွ

www.burmeseclassic.com